
မိတ်ဆွေစာပေ
မဖဲဝါ
နှင့်
အိမ်ကြီးရှင်သရဲမ
ကောန်မင်း


မဖဲဝါ
နဲ့
အိမ်ကြီးရှင် သရဲမ
ကောန်မင်း
ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၁)၊ ဘုရင့်နောင်လမ်း၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

# ဖူဖဲဝါ

## နှင့်

# အိမ်ကြီးရှင်သရဲမ

ကောန်မင်း

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၉ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၇၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ဦး |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးတင်ရွှေအောင်(၀၁၃၃၇) သုံးလောကစာပေ၊ အမှတ်(၂၁)ဒေါ၊ မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြဲ-၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကေန်မင်း ၃၉၈.၂
မဖဲဝါနဲ့ အိမ်ကြီးရှင်သရဲမ/ကေန်မင်း၊
ရန်ကုန်၊
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၂၀၀-စာ၊ ၁၂ x ၁၈ စင်တီ

# မာတိကာ


| | | |
|---|---|---|
| ၁။ | မဖဲဝါနဲ့ အိမ်ကြီးရှင်သရဲမ | ၃ |
| ၂။ | အစွဲကြီးတဲ့သရဲ | ၅၀ |
| ၃။ | သရဲနှစ်ကောင်နဲ့ လူတစ်ယောက် | ၈၇ |
| ၄။ | အမြန်လမ်းပေါ်ကသရဲ | ၁၀၇ |
| ၅။ | အပြောင်အပျက်မလုပ်နဲ့ | ၁၂၃ |
| ၆။ | အပင်း | ၁၄၃ |
| ၇။ | မသေမချင်းခြောက်တဲ့သရဲ | ၁၆၈ |

# မဖဲဝါနဲ့အိမ်ကြီးရှင်သရဲမ

"ကျော်သိုက် ... ဟဲ့ကောင်လေး ထတော့ နေပင်ထိုး နေပြီ.."

"ဟင်း ... အမေဘာခိုင်းစရာရှိလို့လဲ အခုမှ အိပ်ကောင်း တုံး ရှိသေးတယ်"

"ရှစ်နာရီထိုးတော့မယ် ... ထ အမေဈေးသွားပြီး ဟင်း စားဝယ်ဦးမယ်"

"တံခါးစေ့သွားအမေရာ ... ခဏနေမှ ထမယ်"

"ပြီးရော ... ပြန်မအိပ်နဲ့နော်... စားပွဲပေါ်မှာ မုန့်ဆန်း တစ်ပန်းကန်တင်ထားတယ် ... ယူစားလိုက်"

မိခင်ဖြစ်သူဒေါ်သန်းရှင်က မှာစရာရှိတာမှာ၍ အိမ်တံခါး စေ့ကာ ဆွဲခြင်းဆွဲပြီး ဈေးဝယ်ရန် ထွက်သွားတော့သည်။

ကျော်သိုက်လည်း ရှစ်နာရီခွဲမှ ထဖြစ်သည်။ ညက ရွှေဘုံသာဘုရားသို့သွားပြီး ပုတီးစိပ်သည်။ ညဆယ်နာရီခွဲမှ ပုတီးစိပ်ခြင်းကို ဖြုတ်ပြီး မေတ္တာပို့အမျှဝေကာ အိပ်ပြန်တော့ ဆယ်တစ်နာရီရှိပြီ။

အိပ်ပြန်ရောက်ပြီး အိပ်ယာဝင်တော့ ညဆယ့်နှစ်နာရီဆိုပေမယ့် မျက်လုံးကြောင်သွားသည်။

တရားမှတ်ပြီး အိပ်ပျော်အောင် ကြိုးစားသော်လည်း တော်တော်နှင့် အိပ်မပျော်။ သန်းခေါင်ကျော်နှစ်နာရီခန့်ရောက်မှ မှေးကနဲ ပျော်သွားသည်။

ရှစ်နာရီခန့်အထိ အိပ်လိုက်မှ အိပ်ရေးဝသွားသည်။ နာရီဝက်ခန့် အိပ်ယာထဲမှမထပဲ နေလိုက်သေးသည်။

မျက်နှာသစ်ပြီး အမေထားခဲ့သော မုန့်ဆန်းကို ရေနွေးကြမ်းနှင့် ထိုင်စားနေလိုက်သည်။

မနေ့က ကောက်ညှင်းပေါင်းကို အုန်းသီးတစ်ခြမ်းခြစ်ပြီး နှမ်းထောင်းနှင့် စားရသည်။ သည်နေ့ အဖေ့ညီမ ဒေါ်လှမြိုင်လာပေးသော မုန့်ဆန်းကို ရေနွေးစိမ်ပြီး အုန်းသီးသကြားနှင့်နယ်ထား၍ စားကောင်းလှသည်။

ကျော်သိုက်တို့အိမ်ရှေ့မှာ ဝက်မလွှတ်အုန်းပင် နှစ်ပင်

မိုးစက်မှာစာပေ

ရှိသည်။ အုန်းသီးများ ပြွတ်နေအောင်သီးသည်။ စားချင်သည့် အခါ အချိန်မရွေး ခူးဆွတ်ပြီး စားသည်။

အပင်မှ သီးကာစက ကျော်သိုက်၏ခါးစောင်းအမြင့်မှ စသီးခဲ့သည်။ ယခုနှစ်ပင်လုံး ဆယ်ပေခန့်မြင့်သွားပြီ၊ အုန်းသီးကို ဝါးချိတ်နှင့် ချိတ်၍ ဆွဲချရသည်။

မုန့်ဆန်းစားလိုက် ရေနွေးသောက်လိုက်နှင့် မိခင်ဖြစ်သူ ချန်ထားခဲ့သော တစ်ပန်းကန် ကုန်သွားပြီဖြစ်သည်။

ပန်းကန်ကိုသိမ်းပြီး အိမ်ရှေ့ကပြင်မှာ ထွက်ရပ် လိုက်သည်။

"တဲ့ ... တဲ့ခွေး ... တယ်ဇိမ်ကျနေပါလား"

ခေါင်းရင်းအိမ်မှ အောင်နက်၊ သူနေ့လည်နေ့ခင်း အိပ် သော ပိတောက်ပင်အောက်က ကွပ်ပျစ်ပေါ်မှာ အခန့်သား တက် အိပ်နေသည်။

ကျော်သိုက်အသံကြား၍ ခေါင်ထောင်ကြည့်ပြီး ပြန်အိပ် နေပြန်သည်။

"တောက် ... ခွေးစုတ် ... နာတော့မယ်၊ အိပ်စရာ ရှားလို့"

ကျော်သိုက်က ဖိနပ်စီးပြီး အိမ်အောက်ဆင်းလာခဲ့သည်။

အောက်ဆင်းလာသော ကျော်သိုက်ကိုမြင်မှ အောင်နက် ကွပ်ပျစ်ပေါ်က ဆင်းပြေးတော့သည်။

"ဗျို့ ... ကိုကျော်သိုက် ... ဘယ်မှမသွားဘူးလား"

"အကြောင်းကိစ္စမရှိတော့ ... ဘယ်မှမသွားဖြစ်ဘူးဗျ၊ ဒါနဲ့ ကိုအေး ဘယ်ကလာတာလဲ"

"ယောက်ဖတို့အိမ်က ပြန်လာတာ ... ညကလင်မယားနှစ်ယောက် ရန်ဖြစ်တာ၊ ယောက်ဖက ခေါင်းပေါက်သွားတယ်၊ မိမြက ... မျက်စေ့တစ်ဖက်ပိတ်သွားတယ်။ အဲဒါ ... ဒီမနက် အခြေအနေသွားကြည့်ပြီး ပြန်လာတာ"

ကျော်သိုက်က ခြံဝန်းရှပ်နေသလို ကိုအေးကလည်း ယောက်ဖအကြောင်းပြောရင်း ကျော်သိုက်အနီးသို့ ရောက်လာသည်။

"ကိုအေး ... ယောက်ဖက အရက်ကို မယားထက် ပိုချစ်တာပဲ... ကိုယ့်မှာ သားသမီးတွေလဲရနေပြီ၊ အသိတရား ရှိသင့်နေပြီ... ကလေးတွေကို တကယ်သနားတယ်"

"မိမြရဲ့ ဝင်ငွေကြွေးပေါ့ ဇီညီရာ ... ဒီကောင်က ရှာမကြွေးတဲ့အပြင် သူ့ကို အရက်ဖိုးပါပေးရသေးတယ်... ညကဖြစ်တာက ... အရက်ဖိုးမရလို့ ပြဿနာရှာရာက မိမြကလည်း

နီးစပ်ရာ တုတ်နဲ့ ခေါင်းကိုရိုက်၊ ဟိုကောင်ကလည်း မျက်နှာကို လက်သီးနဲ့ထိုး ကလေးတွေ ထငိုတော့ အောအိမ်ကလူတွေ လာဆွဲတာနဲ့ ရန်ပွဲပြီးသွားတာ"

"သူတို့အဖြစ်ကလည်း ဆိုးပါတယ်။ ရွာထဲက ငွေတိုး ပေးတဲ့ ဒေါ်သန်းဆီက တစ်နေ့ငါးကျပ်တိုးနဲ့ တစ်သောင်းချေးခဲ့ တယ်တဲ့ကွာ"

"အဲဒီ အတိုး တစ်နေ့ငါးရာ ပုံမှန်သွင်းရတယ်၊ အဲဒီ ပေးဖို့ တစ်နေ့လုံး ချေးတောင်းခေါင်းရွက်ပြီး ရွာစဉ်အနှံ့ လှည့် ရောင်းရတယ်၊ ငွေရှင်ကို တစ်နေ့အတိုးငါးရာ ပေးပြီးမှ ပိုတဲ့ ပိုက်ဆံသုံးရတယ်"

"တစ်လကို ပုံမှန်အတိုးသွင်းရင် တစ်သောင်းခွဲကျတယ်၊ လလည်းကုန်ရော ချေးထားတဲ့တစ်သောင်းကို ပြန်ပေးရတယ်"

"တစ်ရက် နှစ်ရက်စောင့်ပြီး နောက်ထပ်တစ်သောင်း ပြန်ယူ၊ ချေးရင်း ... နေ့စဉ်အတိုးငါးရာ ပြန်သွင်းပေါ့"

"နေ့တိုးငါးကျပ်က မများလွန်းဘူးလား၊ တစ်လ တစ်သောင်းယူလိုက်ရင် အတိုးတစ်သောင်းခွဲဆိုတော့ ချေးတဲ့လူက တစ်လ နှစ်သောင်းခွဲရသွားတာပေါ့"

"ဟုတ်တယ်လေ ... ချေးတဲ့လူတိုင်း သိနေတာပဲ၊ ဒီပေ

မယ့် အတိုးကြီးကြီးပေးရတယ်ဆိုပြီး မယူလို့မှမရပဲ ,, ညက အတိုးငါးရာပေး၊ ဟင်းစားဝယ်နဲ့ လက်ထဲပိုက်ဆံမကျန်လို့ အရက်ဖိုးမပေးနိုင်တာနဲ့ .. မူး ရစ်နေရာက ရန်စဖြစ်ကြတာ”

ထိုစဉ် ဈေးဝယ်သွားသော ကျော်သိုက်မိခင် ပြန်လာသည်ကို တွေ့သဖြင့် ကိုအေးလည်း နှုတ်ဆက်ပြီး ထွက်သွားသည်။

“အမေ ... ခြင်းထဲမှာ များလှချည်လား .. ဘာတွေ ဝယ်ခဲ့တာလဲ”

“ဟဲ့ ... ဈေးသွားရတာ လွယ်တာမှတ်လို့ .. နှစ်ရက်စာ သုံးရက်စာ ပေါင်းဝယ်ခဲ့ရတယ်၊ ငါးခြောက်၊ ပဲပုတ်၊ အာလူးက မပါမဖြစ် ဝယ်ထားရတယ်”

“အခု ... ငါးခူစင်းကောချက်ရင် ကောင်းမလား၊ ကြော်နှပ်ချက်ရင် ကောင်းမလား ... ငါးခူတော့ ဝယ်ခဲ့တယ်..”

“ငါးခူစင်းကောသာချက်.. ဂျုန်တော်ခြံထဲက ရက်ယိုရွက်ခူးပေးမယ်.. ဟင်းခါးတစ်ခွက်ချက်လိုက်ပေါ့”

“နင့် အဖေက ငါးခူကြော်နှပ် ကြိုက်တယ်”

“ဒါများ ... ဟိုဟာချက်ရင် ကောင်းမလား... ဒီဟာချက်ရင် ကောင်းမလား၊ လုပ်နေရသေးတယ် ... အစကတည်းက ယောက်ျားအကြိုက် ချက်မလို့ ဝယ်ခဲ့ပြီးတော့များ”

"ဒီကောင်လေး ... သွားစမ်း.. စကားကြောရှည်မနေနဲ့.. ဟင်းခါးချက်ရအောင် ... အနံ့အလွန်ရှက်ဖြစ်ဖြစ် .. ပဲညွန့်ဖြစ်ဖြစ် သွားခူးလာခဲ့"

"ကောင်းပါပြီခင်ဗျာ ... ပဲညွန့်ပဲ ခူးခဲ့ပါ့မယ်"

ကျော်သိုက်က ခြံနောက်ဘက်သို့ ထွက်ခဲ့သည်။

ပဲညွန့်ခူးမည်ပြင်ပြီးမှ ဘူးညွန့်သုံးလေးညွန့် ခူးလိုက်သည်။ ဘူးညွန့် အရည်သောက်ထဲ ခရမ်းချဉ်သီး လှီးထည့်၊ ရေပ်သီးစိမ်းခပ်လိုက်လျှင် ထမင်းမြိန်သည့် အရည်သောက်တစ်ခွက် ရသည်။

ဟင်းပန်းကန်ထဲက ဘူးညွန့်ဘူးရွက်ကို ငါးပိရည်နှင့်တို့လျှင်လည်း ရသေးသည်။

"အမေ ... ဒီမှာ ဘူးညွန့်.. အရည်သောက်ပဲချက်ပေဘဲ"

"ပဲညွန့် မရှိဘူးလား"

"ရှိပါတယ် .. ဘူးညွန့်က တို့စရာပါ တစ်ခါတည်းပြီးတယ်.. အဖေက နေ့ခင်း ထမင်းပြန်စားမှာလား"

"မင်း ... သွားပို့မယ်ဆို ပြန်လာစရာမလိုဘူး... သွားပို့ပေးမလား"

"ကျွန်တော် သွားစရာရှိသေတယ် ... အမေပဲ သွားပို့

လိုက်ပါ"

"မင်းအကြောင်း မသိရင်ခက်မယ် ... အောက်မဆင်းခင် ရေတစ်ပုံး ဒီနားပို့ပေးသွား"

ကျော်သိုက်လည်း စဉ့်အိုးထဲမှ ရေကို ပုံးထဲကဲ့ထည့်ပြီး ငါးကိုင်နေသော မိခင်ဖြစ်သူအနား ချပေးလိုက်သည်။

"ကိုကျော်သိုက် ... ကိုကျော်သိုက်"

အိမ်အောက်မှ တာတီးအသံကြောင့် အိမ်ရှေ့ထွက်လာခဲ့သည်။

"ကွပ်ပျစ်ပေါ်မှာ ထိုင်စောင့် ငါလာခဲ့မယ်"

ကျော်သိုက် အိမ်အောက်သို့ ဆင်းလာခဲ့သည်။

"မင်း အခု ..ဘယ်ကလာတာလဲ"

"အေး... ရွာကလာခဲ့တာ.. ကိုကျော်သိုက် ဆရာကြီး လွှတ်လိုက်လို့"

"ဆရာကြီးက ဘာမှာလိုက်လဲ"

"ကိုကျော်သိုက် နေ့ခင်းစားသောက်ပြီးရင် ဆရာကြီးဆီ လာခဲ့လို့ မှာလိုက်တယ်၊ ယူစရာရှိတာတွေလဲ ယူခဲ့ပါတဲ့"

"ဘယ်သွားရမယ် မမှာလိုက်ဘူးလား"

"မမှာဘူး ... ကိုကျော်သိုက် ဆရာကြီးအိမ်မှာ

မိတ်ဆွေစာပေ

မနက်က လူကြီးနှစ်ယောက်ကို တွေ့လိုက်တယ်၊ သူတို့အိမ် ပေါ်က ဆင်းသွားတာနဲ့ ကျွန်တော့ကိုခေါ်ပြီး ဒီကိုလွှတ်လိုက်တာ"

"မင်း ...အေးရှာ ကို ဘယ်တော့ပြန်မှာလဲ"

"ဒီနေ့မပြန်တော့ဘူး ... အမေတို့နဲ့ ဒီည အိပ်ဦးမယ်၊ မနက်မှ ပြန်လာမယ်လို့ ပြောခဲ့တယ်"

"အေး ... ဒါဆိုလဲ .. ငါတစ်ယောက်ထဲပဲ သွားရတော့ မှာပေါ့... မင်းပြန်ရင် အတူတူ သွားမလားလို့"

"ကျွန်တော်က ... ဟိုမှာနေရတာ အားရတယ်မရှိဘူး၊ အစ်မရဲ့ကလေးကို ထိန်းနေရတာ၊ ဟိုကောင်လေးကလဲ မျောက် လောင်းလေး ဆွဲမနိုင်ပဲ"

"မင်းငယ်ငယ်တုန်းကအတိုင်း နေမှာပေါ့"

"ဟာ ကျွန်တော်က ... အဲဒီလောက်ကဲမယ် မထင်ပါဘူး"

"မင်းကမှ ပိုဆိုးတာကွ"

တာတီးက ခြံထဲက ပြေးထွက်သွားသည်။ တာတီးအစ်မ က အေးရှာမှာ အိမ်ထောင်ကျသဖြင့် တာတီးက ကလေး သွားဝိုင်းထိန်းပေးနေရသည်။ တာတီးအစ်မတို့နေသော အိမ်နှင့် ကျော်သိုက်ဆရာကြီး ဘိုးရှိုင်းအိမ်က ခြံချင်း ကပ်လျက်ရှိသဖြင့်

ကျော်သိုက်ကို ကိစ္စရှိ၍ ခေါ်လျှင် တာတီးကို လွှတ်လေ့ရှိသည်။

တာတီးကလည်း ထိုအခွင့်အရေးကို စောင့်နေသူ ဖြစ်သည်။ သို့မှသာ ကလေးထိန်းတာဝန် သက်သာမည်ဖြစ်သည်။

ကျော်သိုက်လည်း နေ့တစ်နာရီခန့်အေးရှာသို့ ဆိုက်ကား ငှားစီးပြီး ထွက်လာခဲ့သည်။

ကျော်သိုက်ရောက်တော့ ဆရာကြီးအိမ်မှာ ဧည့်သည် အမျိုးသားကြီးနှစ်ယောက် ရောက်နေသည်။

"လာထိုင် ... မောင်ကျော်သိုက်"

ကျော်သိုက်က ဘုရားစင်ရှေ့သွားပြီး ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ ဘုရားရှိခိုးပြီးသည်နှင့် ဆရာကြီးကိုပါ ရှိခိုး လိုက်သည်။

"တဲ... မောင်ကျော်သိုက်... ဒီက မောင်မျိုးဝင်းတို့ရွာ ကို လိုက်သွား ... သိချင်တာ လမ်းသွားရင်းမေး ... မောင်မျိုးဝင်းတို့ကလည်း ဘာကြောင့် လာအကူအညီတောင်းရ တယ်ဆိုတာ ရှင်းပြသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"အခု သွားရမယ့်ရွာက ပေါက်တစ်ပင်ရွာပဲ ... ပဲ့ထောင် နဲ့ နှစ်နာရီနီးပါးလောက်ပဲ သွားရမယ်ထင်တယ်"

မဟာဆွေစာပေ

"နှစ်နာရီခွဲလောက်ကြာမယ် ဆရာကြီး၊ အခုချိန်သွား ရင် ရွာကို သုံးနာရီဝန်းကျင်ဆို ရောက်မှာပါ"

"မောင်ကျော်သိုက် ... မင်းနဲ့ပဲပြီးမှာမို့ ဆရာကြီး စိတ်ချလက်ချ လွှတ်လိုက်တာ .. သေချာစဉ်းစားဆုံးဖြတ်ပြီး အလုပ်လုပ် ... မှချအောင်မြင်ရမယ်"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကျော်သိုက်က အိမ်ဝင်အိမ်ထွက် ဆရာကြီးကို ရှိခိုးနေသဖြင့် လာခေါ်ကြသော ဧည့်သည်များလည်း ဆရာကြီးကို ရှိခိုးကြသည်။

ထို့နောက် အိမ်ပေါ်က ဆင်းလာခဲ့ကြသည်။ ရွာနှင့် ချောင်းက သိပ်မဝေး၊ နွေရော မိုးပါ ရေမခမ်းသည့်ချောင်း ဖြစ်သည်။

ချောင်းနှင့် နီးသော ရွာများကို ပဲ့ထောင်လှေများနှင့် သွားလာကြသည်။ ကျော်သိုက်တို့ ... စက်လှေပေါ်ရောက်သည် နှင့် ကိုမျိုးဝင်းဆိုသူက ပဲ့ထောင်စက်ကို နှိုးလိုက်သည်။ ကိုမျိုးဝင်း က အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိမည်။

ဦးညိုဆိုသူက အသက်လေးဆယ်ဝန်းကျင်ခန့် ရှိမည် ဟု ကျော်သိုက် ခန့်မှန်းကြည့်နေသည်။

နေကပူပူ ပွဲထောင်ကမြေးနေသဖြင့် အပူရှိန်အနည်းငယ် သက်သာသလို ရှိသည်။ နတ်တော်လဖြစ်သဖြင့် ချွေးထွက်အောင် တော့မပူ။

"ဦးတို့ ဆရာကြီးကို လာပင့်တာ ရွာမှာ သရဲမတစ်ကောင် သောင်းကျန်းနေလို့ ... သူသေသွားတာတော့ နှစ်လခွဲ သုံးလ လောက်ရှိပြီ..."

"သူက ရွာမှာ အချမ်းသာဆုံးလို့ ပြောရမှာပေါ့၊ သူ့ ငွေကြေးနဲ့ ကင်းတဲ့လူ ရွာမှာ မရှိသလောက်ပဲ၊ ရွာကလူတွေ ရှာသမျှတလည်း သူ့အတွက် ရှာပေးနေရသလိုပဲ၊

"ပိုက်ဆံဘယ်လောက် ချမ်းသာ ချမ်းသာ၊ အချိန်တန် သေတော့ ... သူ့နောက်ပါမသွားဘူး ... အဲဒါကို သူလက်မခံ နိုင်ဘူး၊ အဲဒီစိတ်နဲ့ မကျွတ်မလွတ်ပဲ ... သူနဲ့အပေးအယူရှိတဲ့ လူတွေအိမ်တိုင်း လိုက်သောင်းကျန်းနေတယ်"

"ဆရာပင့်ပြီး နှင်တယ်၊ ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ် တယ်၊ ဘယ်လိုမှ ထွက်မသွားဘူး၊ ဆရာတွေ ဘုန်းကြီးတွေတော့ သရဲမ နှောင့်ယှက်တဲ့ဒဏ် မခံနိုင်လို့ ... လှည့်ပြန်ကုန်ကြတယ်"

"ကျွန်တော် ... ရအောင်ကူညီပေးပါ့မယ်... စိတ်မပူ ပါနဲ့"

မိုးဆွေစာပေ

ဦးညိုတို့ ကိုမျိုးဝင်းတို့ သူတို့ရွာက သရဲမကြီးကို နှင်ပေးရန် အသက်နှစ်ဆယ်ကျော်ဆရာလေးအား ထည့်ပေးလိုက်သဖြင့် ပါးစပ်က ဖွင့်မပြောသော်လည်း ဆရာကြီးဆိုသူကို မကျေနပ်ချင်။

ဆရာကြီးသာလိုက်ပါခဲ့လျှင် တစ်ခါတည်းနှင့် ကိစ္စပြီးနိုင်သည်။ ယခု ဆရာလေးလည်း ရှေ့က ရွာကို သရဲမကြီးအား နှင်ထုတ်ရန် ရောက်လာသော ဆရာများကဲ့သို့ နောက်ကြောင်းပြန်လှည့်ပြေးလျှင် အေးရွာကိုပြန်ပြီး ဆရာကြီးကို ခြေသလုံးဖက်ခေါ်ရတော့မည်လားမသိ။

တစ်ခါနှင့် မပြီးပြတ်မှာ စိုးရိမ်နေကြသည်။

သရဲမကြီးအမည်က ဒေါ်ငွေတင်ဖြစ်သည်။

ဒေါ်ငွေတင်က မျိုးနှင့်ရိုးနှင့် ငွေကြေးပြည့်စုံ ချမ်းသာလာသူဖြစ်သည်။ မိဘများက လယ်ပိုင်ရှင် မြေပိုင်ရှင်များ ဖြစ်သည်။ ပေါက်တစ်ပင် တစ်ရွာလုံး ရှိသမျှ လယ်တစ်ဝက်နီးပါး ပြန်လည်ရောင်းချပြီး ရွှေငွေပစ္စည်းလုပ်ကာ သေကာနီးအမွေပေးခဲ့သည်။

မသေခင်မှာ မိဘများက မငွေတင်အား ကိုအုံးကြိုင်ဆိုသူနှင့် လက်ထပ်ပေးစားခဲ့သည်။

သားသုံးယောက် သမီးတစ်ယောက်ရပြီး ကိုအုံးကြိုင်

သေဆုံးသွားသည်။

ကိုအုံးကြိုင်သေဆုံးတော့ အကြီးဆုံးသားက ဆယ့်လေးနှစ်၊ အငယ်ဆုံးသမီးက ခြောက်နှစ်ရှိပြီ၊ ကလေးလေးယောက်နှင့် အသက်သုံးဆယ့်ငါးနှစ်ရှိပြီဖြစ်သော မငွေတင် ရှေ့ခရီးကို အားမာန်အပြည့်နှင့် ချီတက်ခဲ့သည်။

ယောက်ျားလည်း သေသွားပြီ၊ မိဘများလည်း မရှိတော့၊ မငွေတင်မှာ လယ်တွေရှိသည်။ ရွှေငွေပစ္စည်း ရှိသည်။ အိမ်နှင့်ခြံရှိသည်။ စိတ်ပျက်အားငယ်ခြင်းမရှိ။

မိမိရှိသော ငွေနှင့် အပေါင်ခံသည်။

ငွေတိုးပေးစားသည်။ လယ်ကို ကိုယ်တိုင်မလုပ်ပဲ သီးစားချသည်။

လယ်သမားတို့၏လယ်များ၊ ခြံများ၊ လှည်းများ၊ နွားများ အပေါင်လက်ခံသည်။

ရက်ချိန်းပြည့်၍ ငွေပြန်မပေးနိုင်လျှင် အကုန်သိမ်းယူသည်။ ထိုသို့သိမ်းယူနိုင်ရန်လည်း စာချုပ်စာတမ်းနှင့် နှစ်ဦးနှစ်ဖက်သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည်။

နေ့ပြန်တိုးအတွက် နေ့တိုင်း သူ့အိမ်မှာ လူဝင်လူထွက်ရှိသည်။ ချောင်းကမ်းဘေးရှာ ဈေးလေးမှာ ဈေးရောင်းချသူ

မဟာဆေးစာပေ

အားလုံးနီးပါး ဒေါ်ငွေတင်၏ငွေကြေးနှင့် မကင်းသူများဖြစ်ကြသည်။

မနက်ဈေးထဲ ရောက်လာပြီး အတိုးသိမ်းသည်။ မပေးနိုင်လျှင် ပစ္စည်းယူသည်။ ငွေနှင့် ပတ်သက်လျှင် သနားခြင်း၊ ကြင်နာခြင်း သူ့မှာ မရှိ။

တစ်ရက် ရွာထဲမှ နေ့ပြန်တိုး ချေးထားသော အမျိုးသမီးတစ်ယောက်၏ အိမ်သို့ ဒေါ်ငွေတင် ရောက်လာသည်။

"ဟဲ့ ... ပြုံးကြည်..ပြုံးကြည် ဘယ်သွားလဲ"

အိမ်ထဲမှ အသက်ရှစ်နှစ်ခန့် ကောင်လေးထွက်လာသည်။

"အမေရွာထဲသွားတယ်"

"ငါလာမယ်မှန်းသိလို့ ရှောင်ထွက်သွားတာပဲ၊ နေ့ပြန်တိုးနှစ်ရက်ခ ရှိပြီ... ယူတုန်းကတော့ယူပြီး ပေးရမယ့်အခါမှ ကပ်သပ်နေတယ်"

တစ်ယောက်ထဲ အိမ်ရှေ့ ကပြင်မှာထိုင်ပြီး မကျေမနပ် ပြောဆိုနေသည်။

ဒေါ်ငွေတင် အိမ်ပေါ်မော့ကြည့်သည်။ ငွေနှစ်သောင်းယူထားသည်။ တစ်ရက်ငါးကျပ်တိုးဖြစ်၍ အတိုးတစ်ထောင်ရစရာရှိသည်။ မနေ့ကလည်း မပေးသဖြင့် အတိုးနှစ်ရက်ခ နှစ်ထောင် ရစရာရှိသည်။

မိုးကြာဆောင်းမြေ

ပြုံးကြည် ပြန်လာတဲ့အထိ မစောင့်နိုင်၊ မိမိကို မတွေ့ချင်၍ ရှောင်နေသည်ဆိုလျှင် အိမ်ပေါ်မှာ ထိုင်စောင့်နေသောသူအတွက် အချိန်ကုန်ရုံရှိတော့မည်။

သို့ကြောင့် အိမ်ပေါ်မှာ အတိုးနှစ်ထောင်အတွက် ရစရာကြည့်သည်။

ဒေါ်ငွေတင် ဗိနပ်ချွတ်လိုက်ပြီး အိမ်ပေါ်သို့ တက်သွားသည်။ သူ့မြေလှမ်းတို့က ခေါင်းရင်းသို့ဖြစ်သည်။ ဘုရားစင်ပေါ်မှ ဘုရားကျောင်းဆောင်ကို အသာအယာ မယူလိုက်သည်။

"အင်း ... နှစ်ထောင်တော့ တန်ပါတယ်"

ကိုယ့်ဟာကိုယ်ရေးဖြတ်ပြီး ဘုရားနှင့်တကွ ကျောင်းဆောင်ကို ပွေ့ပိုက်ပြီး အိမ်ပြန်လာခဲ့သည်။

"အစ်မကြီး ... ဒေါ်ငွေတင် ဘုရားကျောင်းဆောင်ပိုက်ပြီး ဘယ်က ပြန်လာတာလဲ"

လမ်းမှာတွေ့သော အသိတစ်ယောက်က မျက်နှာလွှဲသွားချင်သော်လည်း မဖြစ်သည့်အတွက် မေးမြန်းစပ်စုလိုက်သည်။

"ပြုံးကြည်တို့အိမ် နှစ်ရက်စာ နေ့ပြန်တိုးသွားတောင်းတာ ... ပုန်းနေလို့ ... နှစ်ထောင်တန်မယ့် ဘုရားနဲ့ ကျောင်းဆောင် ဆွဲယူလာခဲ့တယ်"

ဒေါ်ငွေတင် စကားကြားလိုက်သူ အမျိုးသမီးကြီးလည်း ကြက်သီးမွေးညင်းထမျှ ထိတ်လန့်သွားသည်။

"ဘုရား ... ဘုရား ငွေတိုးမရလို့ ဘုရားကို သိမ်း လာခဲ့တယ်ဆိုပါလား၊ အတော်ကြောက်ဖို့ကောင်းတဲ့ မငွေတင် ကြီးပဲ"

မပြုံးကြည့် ပြန်လာတော့ ဒေါ်ငွေတင် ဘုရားပင့်သွား သည်ကို သိသည်နှင့် ဖအော်ပြီး ငိုပေဘူသည်။ လင်ဖြစ်သူရောက် လာတော့ ဓားနှင့်သွားခုတ်မည်ဆိုကာ ဓားဆွဲနေသဖြင့် မပြုံးကြည် လည်း သူ ဆက်ငိုနေလျှင် ယောကျ်ားဖြစ်သူ ဒေါသကို ဆွပေး သလို ဖြစ်မည်စိုး၍ အငိုတိတ်လိုက်ရတော့သည်။

ထိုကဲ့သို့ပင် ဆိုးဆိုးဝါးဝါး တစ်ရက်လုပ်သေးသည်။ ရွာထဲ အတိုးလှည့်သိမ်းရင်း အတိုးငွေရမရသဖြင့် ပွဲလျှထားသော ငှက်ပျောသီး ငါးဖီးကို သိမ်းယူခဲ့သည်။

"နင်တို့ ဘုရားပွဲက မှည့်နေပြီ ... ပွဲစွန့်လိုက်တော့"

"တစ်ရက် နှစ်ရက်ထားလို့ရပါသေးတယ်၊ ခြံထဲက ငှက်ပျောခိုင်ကလည်း နုသေးတယ်၊ နောက်နှစ်ရက်လောက်မှ အပင်က ငှက်ပျောခိုင်ခုတ် ပွဲလည်းစွန့် အသစ်တစ်ခါတည်းတင် မယ်"

"အံမယ်… ညည်းက စားစရာသာမရှိတယ်၊ ဘုရားပွဲတော့ တင်နိုင်သေးတာပဲ"

"အဒေါ်ကလည်း … ဒုန်းသီးလည်းခြံထွက်ပဲ.. ငှက်ပျောနိုင်လည်း ခြံထွက်ပဲ .. အပြင်ကဝယ်ရတာမှ မဟုတ်တာ"

"အဲဒါတွေရောင်းပြီး ငါ့အတိုးပေးလို့ရတာပဲ"

"အတိုးက ပေးသွားမှာပါ"

"ကဲအမိ .. ဒီနေ့အတွက်အတိုးလာယူတာ …ဘယ်မှာလဲ ငါးရာ"

"မနက်ဖြန်မှ ပေါင်းယူပါ .. မနက်ဖြန်တစ်ထောင်ပေးပါ့မယ်"

"မလိုချင်ဘူး … မနက်ဖြန်ဆို နှစ်ရက်ခဖြစ်သွားပြီ.. တစ်ရက်ခတောင် မပေးနိုင်တာ၊ နှစ်ရက်ခဆို ဘယ်လိုပေးမှာလဲ"

ဒေါ်ငွေတင် ဘုရားပွဲဇလုံနားရောက်သွားသည်။

"ညည်းတို့ ဘုရားပွဲ ငှက်ပျောသီးတွေမှည့်နေပြီ.. စွန့်လိုက်တော့ ဒီငါးဖီး ငါယူသွားမယ်"

"ဟင် … အဒေါ် မ..မလုပ်ပါနဲ့"

မလုပ်ပါနဲ့ပြောပေမယ့် ဒေါ်ငွေတင်က ပွဲထဲမှ ဒုန်းသီးကို မပြီး ဘေးသို့ချနေပြီ၊ ငှက်ပျောသီးငါးဖီးကို ကစ်ခုချင်းစီ

မြတ်ဒေဝီစာပေ

ထပ်နေသည်။

ငှက်ပျောသီးများ ဖယ်ပြီးတော့ အုန်းသီးကို ပွဲဇလုံထဲ ပြန်ထည့်ပေးလိုက်သည်။

ဒေါ်ငွေတင် ငှက်ပျောသီး ငါးဖီးကို အိမ်ရှေ့ယူခဲ့သည်။

"ဒါကို ထည့်စရာ ခဏာပေးစမ်း"

တစ်စိတ်ဝင်တောင်းလေး လှမ်းပေးလိုက်သည်။

"ဒီနေ့အတွက် အတိုးပေးပြီးပြီ လို့မှတ်လိုက်"

"လေးဖီးပဲယူသွားပါ… တစ်ဖီးထားခဲ့ပါ"

"မရဘူး .. ငါးဖီးပဲ .. တစ်ဖီးတစ်ရာ"

ဒေါ်ငွေတင်က တောင်းကို ခါးစောင်းတင်ပြီး ထွက်လာသည်။ မည်သူဘာဖြစ်ဖြစ်၊ ဘုရားကိစ္စပဲဖြစ်ဖြစ်၊ လူမှုရေးကိစ္စပဲဖြစ်ဖြစ်၊ ဒေါ်ငွေတင် ဂရုမစိုက်၊ မရလျှင် ဘာမဆို လုပ်မည်ဖြစ်သည်။

ရွာထိပ်သို့ ဒေါ်ငွေတင် ရောက်သွားသည်။ ရွာထိပ်မှာ ဒေါ်ပု အခဲကြော်ဆိုင်ရှိသည်။

"ဒေါ်ပု … ငှက်ပျောကြော် ကြော်ရအောင် ငှက်ပျောသီး ဖီးကြမ်း အမှည့်တွေ ပါလာတယ်"

"ဒေါ်ငွေတင် ဘယ်က မချလာတာလဲ"

"မိလုံး အကြွေးမပေးနိုင်လို့ ငါသိမ်းလာတာ"

ဒေါ်ပု သမီးမေးသည့်စကားကို ပြန်ဖြေလိုက်သည်။

"ကဲ ... ငါးဖီးကို ရှစ်ရာပေး"

"ဟင် ... မများဘူးလား"

"ဟဲ့ ... ဖီးကြမ်းတစ်ဖီးနှစ်ရာ ဈေးထဲသွားဝယ်ကြည့်စမ်း၊ ရမလားလို့၊ အခု ငါ့ဖီးကြမ်းတွေက တစ်ဖီးတစ်ရာ့ငါးဆယ်လောက်နဲ့ ပေးထားတာ၊ နင်တို့မယူရင် ... ဈေးထဲက ငှက်ပျောဆိုင်မှာ သွားသွင်းလိုက်မယ်"

"အို... အဒေါ်ကလည်း နည်းနည်းများလျှော့ဦးမလားလို့ ပြောကြည့်တာ ယူလိုက်မှာပေါ့"

"သေနာမ ... ဈေးသည်ပါးစပ်ပိသ လိုက်တာ"

ဒေါ်ငွေတင်က ဆိုသလိုဆဲသလို ဖြေရင်း ငွေရှစ်ရာကို ယူသွားတော့သည်။ အတိုးရစရာငါးရာ ယခုရှစ်ရာဆို သုံးရာပင် မြတ်လိုက်သေးသည်။

ဒေါ်ငွေတင် ငွေရမည်ဆို အကုန်လုပ်သည်။ နှစ်လုံးသုံးလုံးပင် ဒိုင်ကိုင်လိုက်သေးသည်။

သူကိုယ်တိုင်တော့မရောင်း၊ ရောင်းပေးမည့် လက်ခွဲဒိုင်လေးများထားသည်။ ရွာထဲမှာရော၊ ဈေးထဲမှာပါ သူ့ကိုယ်စား

လှယ်များရှိသည်။

အနီးအပါး ရွာများကလည်း သူ့ထံ ဂဏန်းလာ တင်ကြသည်။ ထိုရပ်ဝေးမှ အချိန်မီ စက်ဘီးဆိုင်ကယ်တို့နှင့် လာကြသည်။

ထိုကဲ့သို့ ရသမျှ ငွေနောက်လိုက်နေသူ ဖေါ်ငွေတင် သားသမီးများကိုလည်း ပစ်မထား၊ သားသုံးယောက်ကို အိမ်ထောင်ချပေးပြီး ငွေအရင်းအနှီးလုံလောက်စွာ ထုတ်ပေးသည်။

"ဒီ ထုတ်ပေးလိုက်တဲ့ အရင်းအနှီးကို ... တိုးပွားအောင်လုပ်.. မလုပ်တတ်မကိုင်တတ်လို့ အရင်းအနှီးကုန်သွားရင် ငါ့ဆီပြန်မလာနဲ့ ... တစ်ပြားတစ်ချပ်မှ ထပ်မပေးဘူး.. စားစရာမရှိရင်၊ ရွာစဉ်လှည့်ပြီး တောင်းစားလုပ်စား"

"ကြားကြလား"

သားသုံးယောက်လုံး အရင်းအနှီးများယူပြီး မိမိတို့စိတ်သန်ရာ လုပ်ကြသည်။

အကြီးဆုံးသားက သူ့ဇနီးနှင့်အတူ အိမ်ဆိုင်တည်ပြီး အရောင်းအဝယ် လုပ်ကိုင်ခဲ့သဖြင့် စီးပွားတိုးတက်ခဲ့သည်။

အလတ်ကောင်က နှစ်လုံးသုံးလုံး ဝါသနာပါသဖြင့် ဒိုင်ကိုင်သည်။ လက်ခွဲဒိုင်များထားသည်။

မိုးဇက်ဆရာလေး

ထိုသတင်းကို ဒေါ်ငွေတင်ကြားတော့ လူယုံတစ်ယောက်ကို ငွေပေးပြီး သားဖြစ်သူ နှစ်လုံးဒိုင်၊ သုံးလုံးဒိုင် လုပ်နေကြောင်းရဲကို သတင်းပေးစေလေသည်။

ဒေါ်ငွေတင် စနက်ကြောင့် သားဖြစ်သူ ထောင်နန်းစံသွားရသည်။ မိခင်ဖြစ်သူ နှစ်လုံးသုံးလုံးဒိုင်လုပ်စားနေမှန်း သိပါလျက် ပခုံးချင်းတိုင်းရမလားဟုဆိုကာ သားဖြစ်သူကို ရဲလက်အပ်လိုက်ခြင်း ဖြစ်သည်။

ငွေနှင့် ပတ်သက်လျှင် တစ်စိမ်းမပြောနှင့် သွေးသားရင်းတောင် ခွင့်မလွှတ်တတ်သူဖြစ်သည်။

သမီးငယ်ဖြစ်သူက အရှယ်ရောက်ကာစဖြစ်သည်။ ဂိုဏ်းဖြစ်သူကို ရှုံကြောက်ဖြစ်သဖြင့် မည်သည့်ကာလသားကမှ ပိုးပန်းခြင်းမရှိ။

ဒေါ်ငွေတင်ဈေးတွက် တွက်သည်။ ရွာမှ သမီးနှင့်သင့်တော်သူကို မတွေ့။ သမီးယူသည့်ယောကျ်ား၊ မိဘ ချမ်းသာရမည်။ သို့ကြောင့် တစ်နေ့တစ်ခြား အသက်ရလာသည်။ သမီးကို အိမ်ထောင်ချမပေး။

"မိငြိမ်း ... နင့်ကို ကြိုက်မယ့်ကောင်း မရှိဘူးလား"

"အမေ့ကို ကြောက်ပြီး ဘယ်သူမှ မကြိုက်ဝန့်ဘူး"

မိုးဆောင်းစာပေ

"ဒီဆို နင် လင်မရရုံပဲ ရှိတော့မှာပေါ့… နင့်ကို ချမ်းသာတဲ့ ကောင်နဲ့မှ ပေးစားချင်တာ"

"ငါ့ဆီကတော့ လက်ဖြန့်တောင်းဖို့ စိတ်မကူးနဲ့"

"မကူးပါဘူး၊ ဟိုတစ်ရက်ကည အစ်ကိုလေး နွားဝယ်မလို့ ငွေလိုနေတာ နည်းနည်းစိုက်ထားပေးပါ ဆိုတာတောင် အမေက မပေးလိုက်ဘူး…သမီးလည်း အမေ့ပစ္စည်း မမျှော်လင့်ပါဘူး"

"တဲ့… နင့်အစ်ကို သုံးယောက်ကို အလုံအလောက်ပေးပြီး အိမ်ထောင် ချပေးလိုက်ပြီးပြီ"

"သူတို့ အသုံးမကျလို့ ငါ့ဆီ လက်လာဖြန့်တာ ငါက ထပ်ပေးရဦးမှာလား… ပြီးတော့ မိန်းကလေးဆိုတာ မိဘက ငွေစိုက်ပြီး တောင်းပေးရမှာ မဟုတ်ဘူး၊ ယောက်ျားလေးဘက်က တင့်တောင့်တင့်တယ် တောင်းရတာ"

"အမေက သမီးကို တင်တောင်းမယ့်လူ စောင့်နေတာပေါ့ ဟုတ်လား"

"အဲဒါ အမှန်ပေါ့ တစ်ကိုယ်ဆင် တင်တောင်းလို့ကတော့ ငါ့အတွက်ပဲ… ငါမွေးထားရတာ ဒီလောက်တော့ ယူရမှာပဲ"

"အမေ့ကို ကြောက်ပြီး ဘယ်သူမှ လာတင်တောင်းမှာ

မဟုတ်ဘူး... ကျွန်မလည်း အိမ်ထောင်မပြုတော့ဘူး"

"အေး... ညည်းအိမ်ထောင်မပြုရင် ဒီနေ့ဒီအချိန်က စပြီးငါ့အလုပ်တွေ ဝင်ကူလုပ်ပေတော့"

သမီးဖြစ်သူက အိမ်မှာ ဝမင်းချက်သည်။ အိမ်စောင့်သည်။ မိခင်အလုပ်ကို ဝင်လုပ်မပေး၊ ခေါင်းရှောင်နေခဲ့သည်။

သည်လိုနှင့် ဒေါ်ငွေတင် အသက်ခြောက်ဆယ်အရောက် လူကြီးရောဂါနှင့် ရုတ်တရက်သေဆုံးသွားသည်။

သူသေဆုံးတော့ သားသုံးယောက်နှင့် ချွေးမများ အိမ်ပေါ် ရောက်လာကြသည်။

သေတ္တာတွေဖွင့်ပြီး ရွှေငွေရတနာများရှာသည်။ ဘာ...လို မှ ရှာမတွေ့၊ ဗီရိုထဲမှာ ပိုက်ဆံ သုံးသိန်းခန့်သာတွေ့သည်။

ထိုငွေဖြင့် နာရေးကိစ္စ လုပ်ကိုင်ကြသည်။

ဒေါ်ငွေတင်ကို သပြီးနောက်နေ့မှာ အခေါင်းသွင်းလိုက်ရသည်။ တစ်ညလွန်မြောက်၍ နောက်နေ့မှာ အလောင်းကြီး ပုပ်ပွတက်လာသည်။

တစ်အိမ်လုံး အပုပ်နံ့မခံနိုင်ကြသဖြင့် အခေါင်းသွင်းပြီး အိမ်ပေါ်မှာ မထားတော့ပဲ..ခြံရှေ့ထုတ်ထားလိုက်ရသည်။

အိမ်ပေါ်မှာ စောင့်အိပ်သူများကို ခြေထောက်က လိုက်

ဟဲလေး၁၁ စာပေ

ဆွဲသည်။ အပုပ်နံ့တွေပေးသည်။ မည်သူမျှ ကောင်းကောင်း မအိပ်ရ။

သုံးရက်ပြည့်တော့ အလောင်းကို မြေချရန် ပြင်ကြသည်။ သံဃာတော်များပင့်ပြီး တရားနာသည်။ ထိုအချိန်ခြံရှေ့က အခေါင်းကြီး ပွင့်ထွက်လာပြီး လောက်တွေ အဖွေးသားထွက်လာသည်။

အပုပ်နံ့မခံနိုင်ကြသဖြင့် အိမ်ပေါ်မှာ တရားနာသူ အနည်းငယ်သာ ရှိတော့သည်။

အသုဘချသည့်အချိန် လူမရှိသဖြင့် အရက်သမားများကို စိတ်ကြိုက် အရက်မူးအောင် တိုက်ပြီး သင်္ချိုင်းသို့ ပို့ခိုင်းရသည်။

အလောင်းစင်နှင့် အခေါင်းကို ကြိုးများနှင့် အထပ်ထပ် ပတ်ပြီး သင်္ချိုင်းသို့ သယ်သွားရသည်။

လောက်တွေ အထွေးလိုက်ထွက်နေသဖြင့် လိုက်ပို့သူ မရှိသလောက်ပင်၊ အပုပ်နံ့က အလောင်းသယ်သွားရာ တလျှောက် နံဟောင်၍ ကျန်ခဲ့သည်။

သားနှစ်ယောက်နှင့် အရက်မူးသမားများသာ သင်္ချိုင်း ရောက်သွားသည်။ ကြိုတင်သွားပြီး မြေတူးထားသဖြင့် ရောက် သည်နှင့် အမြန် မြေမြှုပ်ပစ်လိုက်ရတော့သည်။

ဒေါ်ငွေတင် အသက်ရှင်စဉ်က ဘုရားမှန်းမသိ၊ တရားမှန်း

မသိ၊ လူတွေအပေါ် အကြင်နာထားရမှန်းမသိ။

သေသောအခါ မည်သူ့တစ်ဦးတစ်ယောက်မှ မကပ်နိုင်အောင် သူ့ခန္ဓာကိုယ်မြေမကျမီမှာပင် လောက်တွေ တဖွားဖွား အစားခံနေရသည်။

သေသွားသော ဒေါ်ငွေတင်၊ သူပိုင်ရွှေငွေရတနာတွေ ဘယ်နားသွားမြှုပ်ထားသည်၊ မည်သူမှ မသိတော့။

သားအမိနှစ်ယောက်တည်း နေထိုင်သဖြင့် တန်ဘိုးရှိရတနာများကို ကိုယ်နှင့်မကွာ ထားပါက သူခိုးဓားပြရန်ကို စိုးရိမ်ရသည်။

သို့ကြောင့် လုံခြုံတဲ့နေရာမှာ သိုဝှက်ထားခြင်းဖြစ်ပေမည်။ ငွေကြေးက နေ့စဉ်လည်ပတ်နေသဖြင့် အလွယ်တကူရှာတွေ့ခြင်းဖြစ်သည်။

သူနှင့် ငွေကြေးအယူအသွင်းရှိသူများ ဒေါ်ငွေတင် သေဆုံးသွားသဖြင့် ဝမ်းမသာနိုင်ကြ။ အနည်းအကျဉ်းယူထားသူများကတော့ အိပ်နိုင်စားနိုင်သေးသည်။

များများယူထားသူများ ကောင်းကောင်း မအိပ်ဝန့်တော့၊ မသေခင် ကတည်းက ငွေမျက်နှာသာကြည့်သူ၊ သေသွားလျှင် ဝိညာဉ်သရဲအဖြစ်နှင့် ခြောက်လှန့်တောင်းယူမှာ စိုးရိမ်နေကြသည်။

မိုးဆွေစာပေ

နွားလောင်းမြေကျပြီး ညမှာပင် အိမ်ပေါ်မှာ ဒေါ်ငွေတင် စပြီး သောင်းကျန်းတော့သည်။

တစ်အိမ်လုံး အပုပ်နံ့တွေ လှိုင်နေသည်။ စားသောက်စရာ ပန်းကန်များထဲမှာ လောက်တွေ တွေ့နေရသည်။

နာရေးလာသူများကို ဧည့်ခံရန် ဝယ်ထားသော ပဲကြီးလှော်၊ လက်ဖက်များထဲမှာ လောက်ကောင်များ အဖွေးသား ရှိနေသည်။

အပုပ်နံ့မခံနိုင်သဖြင့် ဆွေမျိုးများအားလုံး ပြန်ကုန်သည် ရက်လည်မည့်နေ့ အကြိုညမှာ မိသားစု ပြန်ဆုံသည်။ နောက်နေ့ ရက်လည်တရားနာ ဆွမ်းကပ်ရန် ဝယ်ခြမ်း ချက်ပြုတ်နေကြသည်။

ဘုန်းကြီး ငါးပါး ပင့်ထားသည့်အတွက် ဝက်သား၊ ကြက်သား၊ ငါး၊ ဟင်းကြီး သုံးမျိုးချက်နေသည်။ မကင်းရာ မကင်းကြောင်း လာကြမည့် ရွာသူရွာသားတွေကို ဝက်သားဟင်းနှင့် ဧည့်ခံမည်။

ဘုန်းကြီးမကြွခင်အထိ ထမင်းဟင်းအားလုံး အကောင်းရှိနေသည်။ဘုန်းကြီးများ ကြွလာပြီး တရားအရင်နာကြသည်။ ရေစက်ချ အမျှဝေသည်။

ပြီးတော့ ဘုန်းတော်ကြီးများကို ဆွမ်းကပ်ရန် ဆွမ်းပွဲ

ပြင်နေစဉ် ..

"ဟင် .. ထမင်းတွေထဲမှာ လောက်တွေ"

"ဟုတ်ပါရဲ့.. ထမင်းပူပူလောင်လောင်ထဲကို ဘယ်က လောက် ရောက်လာတာလဲ"

"ဒေါ်ငွေတင် ဖြစ်မှာပေါ့ ... ညည်းယောက္ခမ သူ့ပစ္စည်း ဘုန်းကြီးတောင် မသထာဘူး ... ဘယ်လိုလုပ်ရမလဲ"

တစ်ယောက်တစ်ခွန်း ပြောနေစဉ် ဘုန်းတော်ကြီးများ လည်း ကြားသွားသည်။

"အင်း ... ဘုန်းကြီးတို့ကျောင်းပြန်ပြီး ဘုန်းလို့အချိန်မီ ပါသေးတယ်။ ကဲ..ကဲ လိုက်ပို့ကြ.."

"ဒကာမကြီး ..လူ့ဘဝက စိတ်ထားမကောင်းခဲ့လို့ သေ ပြီးတာနဲ့ ခန္ဓာကိုယ်ပုပ်ပြီး လောက်တွေ တဖွားဖွားအတက်ခံ လိုက်ရတယ်မဟုတ်လား"

"အခုလဲ .. သားတွေ သမီးတွေက ကုသိုလ်ရအောင် လုပ်ပေးမလို့ ဆွမ်းကပ်တာတောင် တစ်ပါးသူစားမှာစိုးပြီး ဖျက် ဆီးပစ်တယ်၊ အသိတရားရပါတော့ ဒကာမကြီး ကောင်းရာမွန် ရာ ရောက်အောင် အသိတရားရပါတော့"

ဘုန်းတော်ကြီးငါးပါးကို လှည်းနှင့် တင်ပြီး ဒေါ်ငွေတင်

မိုးဆွေစာပေ

သားအငယ်က လိုက်ပို့သည်။

လောက်တက်နေသော ထမင်းများကို အိမ်နောက်ဖက်မှာ သွားပုံလိုက်ပြီး အိုးကိုဆေးကာ ဆန်တစ်ပြည်ထည့်ပြီး ချက်လိုက်သည်။

ဆန်လေးပြည်ချက်ထားသော ထမင်းတစ်အိုး သွန်ပစ်ရသဖြင့် တစ်ပြည်သာလျှော့ချက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဘုန်းတော်ကြီးက ပြောဆိုသွားသဖြင့် အသိတရားရပြီး ထမင်းနှင့် ဟင်းတို့ကိုစားခွင့်ပြုမည် ထင်ထားသည်။

အထင်နှင့်အမြင် တစ်ခြားစီဖြစ်သွားသည်။ ထမင်းချက်နေသည်အထိ ဟင်းအိုးများထဲမှာ လောက်တစ်ကောင်မှမတွေ့။ ထမင်းကျက်၍ စားမည်ပြင်တော့ ဟင်းတွေထဲမှာ လောက်တွေ‥ ဘယ်က ဘယ်လို ရောက်လာမှန်းမသိ၊ အားလုံးတွေ့ကြရသည်။

သားကြီးဖြစ်သူလည်း မိခင်၏လုပ်ရပ်ကို စိတ်ကုန်သွားသည်။ ထမင်းတွေ ဟင်းတွေ အားလုံး ခြံနောက်ဘက်သို့ သယ်သွားပြီး မြေပေါ်သွန်ချ ပစ်လိုက်သည်။

"ကဲ ... ဘယ်သူမှစားတာ မသထာရင် အမေတစ်ယောက်ထဲ စားပစ်လိုက်ဇော့"

ပြောဆိုပြီး ထိုနေရာက ပြန်ထွက်လာခဲ့သည်။

မိုးသောက်စာပေ

ထိုည အသုဘအိမ်မှာ တစ်ယောက်မှ စောင့်မအိပ်တော့၊ ဒေါ်ငွေတင်၏ သမီးလည်း အစ်ကိုအကြီးဆုံးအိမ်သို့ လိုက်သွားတော့သည်။

အိမ်ကို တံခါးပိတ်ပြီး ထားခဲ့သည်။

ရက်လည်တရားနားလိုက်ကြရသော်လည်း ဒေါ်ငွေတင်တရားနာမည်မဟုတ်၊ ထိုည တစ်ညလုံး အိမ်ကြီးပေါ်မှာ အသံမျိုးစုံ ကြားရသည်ဟု ဆိုသည်။

ဝုန်းဒိုင်းကျဲ နေတာပဲဟု ဆိုကြသည်။

နောက်ပိုင်း အကြွေးယူထားသူများ၏ အိမ်ခေါင်မိုးများပေါ် ခဲတွေနှင့်သွားပစ်သည်ဟု ဆိုသည်။

ခြံထဲမှာ တစ်ညလုံး အပုပ်နံ့တွေ လှိုင်နေသည်ဟု ပြောကြသည်။ အချို့အိမ်များက ဒေါ်ငွေတင်၏ အကြွေးရှိသည်ဟု အထင်မခံလိုသဖြင့် အပုပ်နံ့ နံသည်ဟု ထုတ်မပြောကြ။

ခဲလုံးအပစ်ခံရသော အိမ်များက အနီးဝန်းကျင်ကပါ ကြားရသဖြင့် တိတ်တိတ်လျှိုနေ၍မရ။ ကြွေးမကောင်းသူများဟု အထင်ခံရသည်။

ရက်ခြားဆိုသလို ခဲများနှင့် အပစ်ခံရ၊ အပုပ်နံ့ပေး၊ အိမ်ကို ထုရိုက်ခြင်းခံကြရ၍ အိပ်ရေးပျက်ပေါင်း များကုန်သည်။

မိုးဇော်ဆွေစာပေ

အိမ်ကြီးပေါ်မှာ ညရောက်သည်နှင့် တက်ခေါက်သံများ၊ ခုန်ပေါက်နေသံများ အနီးအပါးအိမ်တို့က ကြားကြရသည်။ တစ်ခြံလုံး ညရောက်သည်နှင့် အပုပ်နံ့များလှိုင်နေသည်။ အနီးအပါး အိမ်များကပါ အပုပ်နံ့ကို မခံနိုင်၊ ပိတ်ထားသောတံခါးများ ညဘက်ရောက်သည်နှင့် ပွင့်ကုန်ပြီး အိမ်ပေါ်မှာ သရဲမကြီး လမ်းလျှောက်နေသည်ကို တွေ့ကြရသည်ဟု ဆိုသည်။

တစ်ခါတစ်ခါ လှေကားထိပ်မှာ ထိုင်နေသည်ကိုလည်း မြင်သူမြင်ကြရသည်။

ဆို့ကြောင့် အနီးအပါးနေထိုင်သူတို့က သရဲကိုနှင်ရန် ဆရာပင့်ကြသည်။ ဒေါ်ငွေတင်၏သားကြီး ကိုယ်တိုင် ဆရာကို ပင့်ခေါ်လာသည်။

အိမ်ပေါ်ရောက်လာသော ဆရာက သရဲမကို ဆင့်ခေါ်သည်။

သရဲမက မည်သူ့ထံမှ ဝင်မလာဘဲ ဆရာကို ဖွမ်းထိုး မှောက်ခုံဖြစ်အောင် လုပ်သည်။ နောက်ဘက် အဝေးကြီးရောက် အောင် ကန်ပစ်သည်။

တိုင်နှင့်ခေါင်းကို ဆွဲဆောင့်သည်။ ဆရာလည်း သရဲမကြီး ကို သူမနိုင်တော့ဟုဆိုကာ လွယ်အိတ်ဆွဲပြီး ဆင်းပြေး တော့သည်။

မဟာဆွေစာပေ

ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ကြပြန်သည်။ အိမ်ပေါ် အိမ်အောက် အပုပ်နံ့ မခံနိုင်လွန်းသဖြင့် ဘုန်းတော်ကြီးများ ပရိတ်ကို ဆုံးအောင် မရွတ်နိုင်တော့ပဲ အသက်ရှူကြပ်ကာ ဆင်းသွားရတော့သည်။

နှစ်ဆောင်ပြိုင် ခြေတံရှည် အိမ်ကြီးပေါ်မှ သရဲမကြီးမင်းမူ နေလေတော့သည်။

ဆရာလေးကျော်သိုက်တို့ လာပင့်ခေါ်သူ ဦးညိုနှင့် ကိုမျိုးဝင်းတို့က သရဲမကြီးဒေါ်ငွေတင်အကြောင်းကို တစ်လမ်းလုံး ပြောပြလာခဲ့သည်။

"ဦးညို တို့ပြောတဲ့အတိုင်းဆို လူဘဝကတည်းက ဘုရားကိုလည်း မရိုသေ၊ လူတွေကိုလည်း သနားကရုဏာမရှိဆိုတော့ သေပြီးသရဲဖြစ်တာ မဆန်းပါဘူး"

"အဲဒီအဘွားကြီး သရဲဖြစ်မယ်မထင်ဘူး၊ ပြိတ္တာဘဝကို ရောက်သွားမှာ သေချာသလောက်ဘဲ"

"သေပြီးတာတောင် သူ့ပစ္စည်း လူတွေ ဘုန်းကြီးတွေ စားသောက်ပစ်မှာစိုးလို့ အနောက်အယှက်မျိုးစုံ လိုက်ပေးတယ်ဆို ..အတော့ကို ဆိုးတဲ့ သရဲမကြီးဖဲ.."

"ရွာကိုရောက်ရင် ကျွန်တော် ဘယ်သူ့အိမ်မှာနေရမှာလဲ၊

သရဲမကြီးရှိတဲ့ အိမ်ကို သွားလို့မဖြစ်ဘူး"

"ညမသွားရင် မနက်ဖြန်သွားမှ ဖြစ်မှာပေါ့ ဆရာလေး၊ သရဲမကြီးကို နှင်ပေးရအောင် ဆရာလေးကို ပင့်လာတာလေ"

"သရဲမကြီးကို သူ့အိမ်ကြီးက ထွက်သွားအောင် နှင်ပေးမှာပါ .. ဒါပေမယ့် အဲဒီကိစ္စကို သူ့အိမ်ကိုမသွားပဲ လုပ်လို့ရပါတယ်"

"ဆရာလေးတည်းဖို့ကတော့ ကျွန်တော့်အိမ်ဖြစ်ဖြစ် ဦးညိုတို့ အိမ်မှာဖြစ်ဖြစ် နေလို့ထိုင်လို့ဖြစ်ပါတယ်။"

"အဘွားကြီးအိမ်နဲ့ နီးနီးနားနားမှာပဲ နေမယ်"

"ဒါဆို ဦးညိုတို့အိမ်မှာ တည်းပေတော့ ဦးညိုအိမ်က ဒေါ်ငွေတင် တို့အိမ်နဲ့ တစ်ခြံပဲခြားတယ် ဆရာလေး"

"ကောင်းတယ် ... ဦးညို အိမ်မှာတည်းမယ်"

အချိန်က သုံးနာရီခွဲခန့်ရှိပြီ။

"ရှေ့က ရွာပဲဆရာလေး..ရောက်ပြီ၊ ရွာက အိမ်ခြေ သုံးရာ့ငါးဆယ်ကျော်တယ်၊ ချောင်းနဲ့အပြိုင် ရွာကို အရှည်လိုက် တည်ထားလို့ ရွာတန်းရှည်ဖြစ်နေတာ၊ ရွာမှာ အလျားလိုက် လမ်း နှစ်လမ်းပဲရှိတယ်။"

"ရွာရောက်ရင် ကျွန်တော့်ကို တစ်ခုတော့ ကူညီ၊ ကြက်

တစ်ကောင်ကို ချက်ပေးပါ၊ ထမင်းအိုးနဲ့ဆန်ခြောက်ဖူးချက်ပေးပါ၊ ကျွန်တော်စားမလို့ မဟုတ်ဘူး”

“ရတယ် ဆရာလေး ..ဒီပြင် ဘာလုပ်ပေးရဦးမလဲ”

“ဒီရွာမှာ နတ်ဝင်သည်ရှိလား”

“ရှိတယ်... နတ်ဝင်သည် ဒေါ်ညွန့်ရှိတယ်၊ နတ်ကတော်ပေါ့၊ အသက် ငါးဆယ်လောက်ရှိပြီ။”

“အဲဒီ ဒေါ်ညွန့်ကို ရှာပြီး ကျွန်တော့ဆီ ခေါ်ခဲ့ပေးပါ”

“ဒေါ်ညွန့်နဲ့ ကျွန်တော့အိမ်က မျက်စောင်းထိုးနေကြတာ၊ ဦးညိုအိမ်ကို ကျွန်တော်ခေါ်ခဲ့မယ်”

စကားစမပြတ်ခင် ပဲ့ထောင်က ကမ်းမှာထိုးကပ်သွားသည်။ ကမ်းစပ်မှာ လူငယ်သုံးယောက်ရှိနေသည်။ ပဲ့ထောင်ကို ဖမ်းဆွဲပြီး ကြိုးကို ယူကာ ငုတ်မှာ ချည်လိုက်သည်။

“လှဝင်းရေ ..လှေကို မလှူးအောင် ထိန်းပေးဦး ငါတို့ဆင်းဦးမယ်”

“ဆရာလေး ... မျိုးဝင်းကို ကိုင်ပြီး အောက်ကိုဆင်း” ပဲ့ထောင်ကလှူးနေသဖြင့် ရေထဲမကျအောင် နီးစပ်ရာလူကို ဖမ်းကိုင်ပြီး ကမ်းစပ်ပေါ်ဆင်းလိုက်သည်။

“ဦးညိုတို့ ဘယ်က ပြန်လာတာလဲ”

"အောက်စုရွာနဲ့ အေးရွာကိုသွားတာ၊ အဲဒီရွာတွေ မင်းတို့သိလား"

"မသိဘူး"

"မသိရင်... စပ်စုမနေနဲ့ လှဝင်း မျိုးဝင်းနဲ့လိုက်သွားပြီး သူနဲ့ပိုင်းကူ လုပ်ကိုင်ပေးလိုက်"

လှဝင်းလည်း ဘုမသိ ဘမသိနှင့် ကိုမျိုးဝင်းနောက်သို့ လိုက်ပါသွားသည်။

ကျော်သိုက်ကတော့ ဦးညိုသွားရာသို့ လိုက်ခဲ့သည်။

"ဒါဒီရွာတွေရဲ့ မနက်ဈေးလေးပေါ့၊ အနီးအနားရွာတွေကလာရောင်းကြတာ၊ ငါးရှာလို့ရသမျှ ဒီမှာ လာရောင်းကြတယ်၊ ညနေပိုင်းတော့ အိမ်ဆိုင်တွေပဲရှိတော့တယ်"

ငါးမိနစ်သာသာခန့်သာ လျှောက်လိုက်သည်။ ဦးညိုအိမ်သို့ရောက်လာခဲ့သည်။

"ဆရာလေး ... ဟိုကမြင်နေရတဲ့ ရေနံဝနေတဲ့ နှစ်ဆောင်ပြိုင် အိမ်ကြီးပဲ... သရဲမကြီး ဒေါ်ငွေတင်ရဲ့အိမ်"

ကျော်သိုက်လည်း ခြေတံရှည်အိမ်ကြီးကို အသေအချာလှည့်ကြည့်မိသည်။

သရဲမကြီးကိုကြောက်ပြီး သားတွေ သမီးတွေ အိမ်ကြီးကို

ဤအတိုင်းပစ်ထားရသည်။ မိသားစု စုံစုံလင်လင် သိုက်သိုက်ဝန်းဝန်း ရှိရမည့် ဤအိမ်ကြီးမှာ အဖွားကြီးလွန်းလှသော အိမ်ကြီးရှင် သရဲမကြီးက အပိုင်ကြီးစိုးထားသည်။

သည်ကိစ္စ မဖဲဝါကို အကူအညီတောင်းပြီး မြေရှင်းရုံမှအပ ကျော်သိုက်လည်း သရဲမကြီးကို မယှဉ်ပြိုင်နိုင်၊ ကိုယ်မနိုင်မှန်းသိလျက်နဲ့ သွားယှဉ်ပြိုင်လျှင် ကိုယ့်သိက္ခာ ကိုယ်ချသလိုဖြစ်သွားမည်။

သို့ကြောင့် သရဲကို သရဲနှင့်သာ ယှဉ်ပြိုင်စေတော့မည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ကျော်သိုက်လည်း ဦးညိုအိမ်ပေါ်မှာ ထိုင်ပြီး ဦးညိုသားခပ်လာပေးသော သောက်ရေကို အဝသောက်လိုက်သည်။ ခဏနေတော့ ကိုမျိုးဝင်းနှင့် အတူ အသက်ငါးဆယ်ဝန်းကျင်ခန့် အမျိုးသမီးကြီး ပါလာသည်။

ဒေါ်ညွန့်ဆိုသော နတ်ကတော်ကြီး ဖြစ်မည်ဟု ကျော်သိုက်တွေးထင်လိုက်သည်။

“မျိုးဝင်း ...လှဝင်းပါမလာဘူးလား”

ဒေါ်ငွေတင်ရဲ့သားကြီး သိန်းထွန်းကို သွားခေါ်ခိုင်းလိုက်တယ်”

မိတ်ဆွေစာပေ

"အေးကောင်းတယ် ... သိန်းထွန်းပါတော့ ပိုကောင်းတာ ပေါ့..သူက သွေးသားရင်းပဲ ..သူ့ကို အသိမပေးလို့မဖြစ်ဘူး"

"ဆရာလေး ... ဒီ နတ်ကတော်မညွန့်ပဲ"

ဦးညိုက ဒေါ်ညွန့်နှင့် မိတ်ဆက်ပေးသည်။

"ကိုညို ကျုပ်ကို ခေါ်ခိုင်းတယ်ဆိုလို့"

"ဒီဆရာလေးခေါ်ခိုင်းတာ ... အကြောင်းတိစွကိုတော့ ဆရာလေးကပဲ ရှင်းပြလိမ့်မယ်"

"ဒီရွာက ... မကျွတ်မလွတ်ပဲ ခြောက်လှန့်နေတဲ့ ဒေါ်ငွေတင်ရဲ့ ဝိညာဉ်ကို အိမ်ကြီးပေါ်က ဖယ်ရှားလို့ရအောင် အဒေါ်က ကျွန်တော့်ကို ဝိုင်းကူညီပေးရမယ်"

"အမယ်လေးတော်... အိမ်ပြန်ပြီး ထမင်းအေးအေး စားပါရစေ.. ဒီမငွေတင်သရဲမနဲ့တော့ ထိပ်တိုက်မတိုးပါရစေနဲ့"

"ဒေါ်ငွေတင်နဲ့ မတိုးပါဘူး၊ ကျွန်တော်စကားပြောတာ လောသွားလို့ပါ"

"ရွာသင်္ချိုင်းက ဘယ်နားမှာလဲ"

"ဒီရွာရဲ့ အနောက်ဘက်မှာ ရွာကနေ သိပ်မသွားရပါဘူး"

"ဒီည သင်္ချိုင်းကို အဒေါ်ရယ် ကျွန်တော်ရယ် ဒီရွာက လိုက်ချင်တဲ့သူ သုံးလေးယောက်လောက်ရယ် သွားကြမယ်၊

ကျွန်တော်က မဖဲဝါကို ပင့်မယ်၊ မဖဲဝါရောက်လာရင် အဒေါ်ကိုယ်မှာ ပူးကပ်ပြီး ကျွန်တော်သိလိုသမျှ ပြောပြလိမ့်မယ်"

"ငါက ကြားခံ လုပ်ပေးရမှာပေါ့၊ မဖဲဝါက ငါ့ကို ဝင်ပူးမယ် ဟုတ်လား"

"ဟုတ်ကဲ့ အဲဒီလိုဝင်ပူးပြီး ကျွန်တော်သိလိုသမျှ သူပြောပါလိမ့်မယ်"

"အဖော်ကောင်းရင်တော့ ငါမကြောက်ပါဘူး၊ တစ်ယောက်နှစ်ယောက်ထဲတော့ ငါမသွားဝံ့ဘူး"

"ကျုပ်လည်း လိုက်မယ် မညွန့် ... သိန်းထွန်းတို့ မျိုးဝင်း တို့လည်း လိုက်လိမ့်မယ်"

"သုံးလေးယောက်ဆို ငါ သွားဝံ့ပါတယ်"

"ကဲ ဒါပဲလား ... ဘယ်အချိန်သွားမယ်ဆိုတာလည်း ပြောဦးလေ"

"ညရှစ်နာရီ ထိုးပြီးတာနဲ့ သွားကြမယ်"

"ငါအိမ်မှာ ရှိတယ်..မျိုးဝင်းကို လာခေါ်ခိုင်းလိုက်"

ဒေါ်ညွန့် အိမ်ကပြန်ထွက်တော့ လှဝင်းနှင့် သိန်းထွန်းတို့ရောက်လာသည်။

"လာ ကိုသိန်းထွန်း..အေးရှာသွားပြီး ဆရာပင့်တာ၊

မိုးဒဏ်ဆာ

ဆရာကြီးက ဒီဆရာလေးကို ထည့်ပေးလိုက်တယ်၊ ဒီရွာက အခက်အခဲတွေကို ဖို့တာပည့်က ဖြေရှင်းပေးလိမ့်မယ်လို့ အဲဒီ ရွာက ဆရာကြီးက ပြောပြီး ဒီဆရာလေးကို ထည့်ပေးလိုက်တယ်”

ထိုလူများ၏ စကားပြောပုံ၊ အသွားအလာ၊ မျက်နှာအမူ အရာအရ ကျော်သိုက်ပါလာသည်ကို အားမလိုအားမရ ဖြစ်နေ ပုံရသည်။

သူတို့ ဦးတိုက်သွားရောက် ပင့်ဆောင်သော ဆရာကြီး ကို တွေ့ပါလျက် အသက်ငယ်သော လူငယ်ဆရာလေး တစ်ယောက်ကို ထည့်လိုက်သည့်အတွက်လည်း စိတ်ထဲမကြည် မလင် ဖြစ်နေကြပုံရပါသည်။

ကျော်သိုက်လည်း မျက်နှာရိပ်မျက်နှာကဲ အကဲခပ်ပါ သော်လည်း မသိတန်ပြုကာ ကိုယ်လုပ်စရာရှိသည်တို့ကို ဆက် လက်လုပ်ဆောင်နေသည်။

ကိုမျိုးဝင်းနှင့် မောင်လှဝင်းတို့က ကြက်တစ်ကောင်ယူ လာပြီး ချက်ပြုတ်ရန် စီစဉ်နေသည်။

ဦးညိုဇနီးက ထမင်းဟင်းချက်နေသည်။ အိမ်သားများနှင့် ကျော်သိုက်စားရန် စီစဉ်နေကြသည်။

“ဒေါ်လေး ...ဆန်ခြောက်လုံးကို အိုးအလွတ်တစ်လုံးနဲ့

သပ်သပ်ချက်ပေးဦးနော်"

"အေး ... အိမ်စားဖို့ချက်ပြီးတာနဲ့ မင်းတို့လုပ်ကိုင်နေတဲ့ ဟင်းရော... ထမင်းရော.. ဆက်ပြီးချက်ကြပေါ့.. ညခုနှစ်နာရီ မထိုးခင် ကျက်မှာပါ"

"ဆရာလေးကတော့ ညခုနှစ်နာရီခွဲ အားလုံးရရင် ရပြီလို့ ပြောတယ်"

"ထင်းမီးနဲ့ သိပ်မချက်ရပါဘူး"

အိမ်အတွက် ကြက်သားကို ဘူးသီးနှင့် ဆီကျန်ရေကျန်ချက်နေသည်။

ညခြောက်နာရီခန့် အိမ်ရောက်နေသူများရော၊ အိမ်ရှင်များရော ကျော်သိုက်တို့ပါ ဦးညိုအိမ်မှာ ကြက်သားဘူးသီးချက်နှင့် ထမင်းစားကြသည်။

ညခုနှစ်နာရီခန့် ကြက်သားဟင်းနှင့် ထမင်းကျက်သွားပြီ၊ တောင်းသေးသေးတစ်လုံးထဲ ငှက်ပျောရွက်များ ခင်းပြီး ထမင်းများ ထည့်လိုက်သည်။ ဟင်းအိုးကို ငှက်ပျောရွက် ထမင်းပေါ် ပုံးပြီး ထိုငှက်ပျောရွက်အပေါ် တင်ထားလိုက်သည်။

ရှစ်နာရီကျော်တော့ ကျော်သိုက်ဦးဆောင်ပြီး ဒေါ်ညွန့်၊ ဦးညို၊ ကိုသိန်းထွန်း၊ ကိုမျိုးဝင်းတို့ သင်္ချိုင်း ရှိရာသို့ ထွက်

မြတ်ဆွေစာပေ

လာခဲ့သည်။

ကိုသိန်းထွန်းက ထမင်းတောင်းကို ထမ်းလာခဲ့သည်။ သချိုင်းထဲရောက်တော့ ဂူတစ်လုံးပေါ်ရှင်းလိုက်ပြီး ငှက်ပျောရွက်များခင်းကာ ထမင်းများ၊ ဟင်းများ ပုံလိုက်သည်။ ရေပုလင်းထဲမှ ရေကို ဖလားတစ်လုံးထဲ သွန်ထည့်ထားလိုက်သည်။

"ဒေါ်လေးက ဒီဂူဘေးမှာ ဒူးထောက်ပြီး ထိုင်နေပါ၊ ဆံပင်ကိုဖြည်ပြီး ကျောပေါ်ချထားပေးပါ"

ဒေါ်ညွန့်က ကျော်သိုက်ဖြိုးစေချင်သည့်အတိုင်း လိုက်လုပ်ပေးသည်။ လက်အုပ်ချီထားသည်။

"မဖဲဒါကို ကျွန်တော်ပင့်တော့မယ်၊ ဦးညိုတို့ နည်းနည်းဆုတ်ပြီး ရပ်နေကြပါ"

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံဇွဲ့ကွန်၊ မြောက်ရှုဝံအတွင်းမှာ မဖဲဒါရှိသည်ဆိုပါက ဤနေရာ ဤအရပ်သို့ စေတ္တခဏ လာရောက်ပေးပါရန် ဖိတ်ခေါ်ပါသည် ခင်ဗျား"

တစ်ကြိမ်ခေါ်သည် မထူးခြား၊ နှစ်ကြိမ်ခေါ်သည် တိတ်ဆိတ် ငြိမ်သက်နေသည်။

"တောပိုင် တောင့်ပိုင် နယ်ပိုင် အပေါင်းတို့ မဖဲဒါရှိသည့်နေရာ၊ တွေ့သည့်အရပ်မှ ဤနေရာသို့ စေလွှတ်ပေးပါရန်

တောင်းပန်ပါသည်။”

“မဖဲဝါခင်ဗျား… အကူအညီတောင်းစရာရှိပါသဖြင့် ဤနေရာ ဤအရပ်သို့ စားသောက်ပွဲများလည်း သုံးဆောင်ရန် ကြွရောက်ပေးပါ…”

ဝေါ…ဝေါ..

ရုတ်တရက် သံချိုင်းခေါင်းကျင် သစ်ပင်တို့ လေမတိုက်ပါပဲ လှုပ်ခါသွားသည်။

ဒေါ်ညွန့် တစ်ကိုယ်လုံး တွန့်လိမ်သွားပြီး ဂူပေါ်သို့ ထိုင်နေရာမှ ခုန်တက်လိုက်သည်။ ထမင်းပုံကို ခွထိုင်ပြီး ကြက်သားများနှင့်အတူ စားနေတော့သည်။

ပါသမျှ အရိုးရော အသားပါ အကုန်စားနေသဖြင့် လိုက်ပါလာသူ ဦးညိုတို့ လူစု ကြည့်ပြီး အံ့ဩနေကြသည်။

“ကျေကျသိုက်လားဟေ့”

“[illegible]တယ် မဖဲဝါ ခင်ဗျာ”

“ဟုပ် ခေါ်တာ ဘာကိစ္စရှိလို့လဲ”

“ဒီလိုပါ … ဒီပေါက်တစ်ပင်ရွာထဲမှာ ဒေါ်ငွေတင်ဆိုတဲ့ အဒေါ်ကြီး သေဆုံးသွားပြီး မကျွတ်မလွတ်ပဲ တစ္ဆေ သရဲ ဖြစ်နေပါတယ်။

မိတ်ဆွေစာပေ

ဒေါ်ငွေတင်က သူ့အိမ်ဝန်းကျင်ကို ဘယ်သူမှ မလာနိုင်အောင် နေ့စဉ် အပုပ်နံ့တွေပေးနေပါတယ်၊ အိမ်ကြီးပေါ်ကနေ အသံမျိုးစုံပေးနေပါတယ်၊ အနီးဝန်းကျင်မှာ နေထိုင်တဲ့ လူတွေ အပုပ်နံ့ကို နေ့စဉ် ရှူရှိုက်နေရပါတယ်။

ဒါကြောင့် ဒီဒေါ်ငွေတင်ကို အိမ်ကြီးပေါ်က ဖယ်ရှားပေးစေလိုပါတယ်။"

"ဟင်း...ဘုရားမရှိတရားမရှိ၊ လူ့ဘဝအသက်ရှင်စဉ်က မစ္ဆရိယ စိတ်တွေဖုံးလွှမ်းခဲ့လို့ သေသည်အထိဘဲ အဲဒီစိတ်က ပါသွားတယ်။

စားရမယ့်၊ သောက်ရမယ့် ပြိတ္တာဘဝမျိုး ရောက်နေတယ်၊ ဒီသရဲမကြီး..အကျွတ်တရားရအောင် သားသမီးတွေက လုပ်ပေးရမယ်။

ဒေါ်ငွေတင်က မနာလို ဝန်တိုစိတ်ကြီးနေတာ၊ သူက လူတွေသတ်၊ အကြီးအကျယ်ဖျက်လိုဖျက်ဆီး လုပ်နေရင်တော့ သူ့ကို လူတွေကြားထဲ မထားပဲ၊ သချိုင်းထဲခေါ်သွားမှာ။

သူ့ကို ကျွတ်အောင်လွတ်အောင် အစားအသောက် စားရအောင် လုပ်ပေးနိုင်ဖို့ အခွင့်အရေးရှိသေးတယ်။ ဒီကိစ္စက သူ့သွေးသားရင်းတွေလုပ်မှ ရမယ်။

ဒီထဲမှာ သူ့သားပါတယ် မဟုတ်လားဟော့”

“ဟုတ်ကဲ့ ..ပါ ပါတယ်ခင်ဗျာ”

“သေသေချာချာနားထောင်၊ အိမ်သာဘေးမှာ ရေကာပြင်ကို အုတ်ခုံနဲ့လုပ်ထားတယ် မဟုတ်လား၊ ရေကာပြင်နဲ့ အိမ်သာဘေးမှာ လူခါးစပ်လောက်တူးကြည့်၊ စဥ့်အိုးအသေးလေးနဲ့ မြှုပ်ထားတဲ့ လက်ဝတ်လက်စားတွေ တွေ့လိမ့်မယ်။

တစ်ဝက်တိတိ ဖယ်ပြီး ကျန်တစ်ဝက်ကို အညီအမျှ လေးပုံ ပုံပြီး မောင်နှမလေးယောက် ခွဲယူ၊ အိမ်နဲ့ခြံကို ညီမလေးကိုပေးလိုက်။

တစ်ဝက်တိတိခွဲထားတဲ့ လက်ဝတ်လက်စားတွေ အကုန်လုံးရောင်းလိုက်ပြီး၊ အချို့ကို ဘုရားတည်၊ ကျောင်းဆောက်ရာမှာ အမေ့နာမည်နဲ့လှူ၊ အချို့ကို ဘုန်းတော်ကြီးတွေကို သင်္ကန်းလှူ၊ ဘုရားကို ရွှေသင်္ကန်းလှူ၊ အချို့ကို ဘုန်းတော်ကြီးတွေ ...ဘားစရိတ်လှူ၊ ကျန်တာကို အမေ့အတွက် ဘုန်းကြီးပင့်ပြီး ...ျူဝေလိုက်၊ ပြုပြုသမျှအလှူအားလုံးအမျှဝေလိုက်။

မင်းတို့အမေသာခုခေါ်ရင် ဒီတစ္ဆေသရဲဘဝ၊ ပြိတ္တာဘဝကလွတ်ပြီး စားကောင်းခြင်း၊ နေကောင်းခြင်းအဆင့်ကို တက်လှမ်းရောက်ရှိလိမ့်မယ်။

ငါ...ဒီည သူကို ဆုံးမပြီး အိမ်ကြီးပေါ်ကနေ ခြံထဲ သွားနေခိုင်းမယ်၊ အလှူအတန်းပေးရာမှာလည်း မနှောက်ယှက်အောင် သတိပေးထားမယ်။

မနက်ဖြန် လူကြီးတွေ သက်သေထားပြီး ငါမှာတဲ့အတိုင်း လုပ်ပေးလိုက်ကြ။

မင်းတို့အမေ ဒီအစိမ်းသရဲဘဝက လွတ်သွားလိမ့်မယ်။

ငါအခု..မင်းတို့အမေကို အိမ်ပေါ်က ခေါ်ချပြီး ခြံထဲက သစ်ပင်ပေါ် သွားထားခဲ့မယ်။

လုပ်စရာရှိတာ အချိန်မဆိုင်းပဲ လုပ်လိုက် ကဲ....ငါ သွားမယ်”

စကားလဲဆုံး ဒေါ်ညွန့်လည်း ဂူပေါ်မှာ ခွေခွေလေးလဲ ကျသွားသည်။

ကျော်သိုက်လည်း ဒေါ်ညွန့်ကို သတိရအောင် လုပ်ပြီး ရွာသို့ပြန်လာခဲ့ကြသည်။

“ကဲ... ပျောက်သွားပြီလို့မင်းတို့ယူဆထားတဲ့ ပစ္စည်းတွေ ... မဖဲဝါပြောသွားတဲ့နေရာမှာ သွားတူးကြည့်ပေတော့”

“ဆရာလေးရော ဦးညိုတို့ပါ ပါရမှာပေါ့၊ မဖဲဝါက လူကြီးတွေ သက်သေထားပြီး ပစ္စည်းကို တူးယူ ထုခွဲရောင်းချရမယ်

လို့ မှားသွားတယ်မဟုတ်လား”

နောက်နေ့ရောက်တော့ ရွာလူကြီးပါ အသိသက်သေ ခေါ်ပြီး မိသားစုလေးယောက်နှင့်အတူ မဖဲဝါပြောသည့်အတိုင်း တူးကြရာ စဉ့်အိုးလေးနှင့် ထည့်မြှုပ်ထားသော လက်ဝတ်လက်စားများကို ရလိုက်သည်။

မဖဲဝါပြောသည့်အတိုင်း ဒေါ်ငွေတင် အသိတရား ရသွားသည်လားမသိ၊ အပုပ်နံ့လည်းမပေးတော့။

ရွာလူကြီးက တစ်ဝက်အညီအမျှခွဲပြီး မောင်နှမလေး ယောက်ကို ထိုတစ်ဝက်ထဲမှ အညီအမျှခွဲဝေပေးသည်။ အားလုံး ကျေကျေနပ်နပ် လက်ခံကြသည်။

ကျန်တစ်ဝက်ကို ရွာလူကြီးနှင့် ဦးညိုတို့ ဦးဆောင်ပြီး သွားရောင်းပေးသည်။ ထိုရောင်းရငွေအားလုံးကို လေးပုံခွဲပြီး ကျောင်းဆောက်သည့်နေရာမှာ တစ်ပုံ၊ ဆွမ်းစားရိတ်အတွက် တစ်ပုံ၊ သင်္ကန်းလှူခြင်း၊ ရွှေသင်္ကန်းလှူခြင်းမှာတစ်ပုံ၊ ကျန်တစ်ပုံကို အိမ်ကြီးပေါ်မှာ ဒေါ်ငွေတင်အတွက် လှူတန်းထားသမျှ အစုစုကို အမျှပေးဝေနိုင်ရန် ရေစက်ချနိုင်ရန် ဆွမ်းကျွေးအလှူလုပ်သည်။

ရွာသားများကိုလည်း ဖိတ်သည်။ အလှူမှာလည်း အနှောက်အယှက်ပေးခြင်းမရှိတော့၊ ရောက်လာသမျှ လူအားလုံး

မဟာဆွေစာပေ

ကို ထမင်းကျွေးပြီး ဧည့်ခံသည်။

ဘုန်းတော်ကြီးများကို ဆွမ်းကပ်ပြီးသည်နှင့် အလှူ အားလုံးကို ဒေါ်ငွေတင် အတွက် ရေစက်ချ အမျှအတန်းပေးဝေခဲ့သည်။

မဖဲဝါ၏ ကူညီမှုကြောင့် သရဲမကြီး ဒေါ်ငွေတင် သာဓု ခေါ်ပြီး ဗြိတ္တာဘဝက အဆင့်မြင့်ရာ ရောက်သွားမည်မှာ မလွဲ အမှန်ဖြစ်တော့သည်။

ထိုအလှူကြီးပြီးသည့်နောက်ပိုင်း အိမ်ကြီးမှာ သရဲခြောက်ခြင်း၊ အပုပ်နံ့ပေးခြင်းမရှိတော့။

အငယ်ဆုံးသမီးရရှိခဲ့သော အိမ်နှင့်ခြံကြီးကို ရောင်းချပြီး အစ်ကိုကြီး၏ဆိုင်မှာ အရင်းအနှီးထည့်ဝင်ကာ မောင်နှမနှစ်ယောက် စီးပွား အတူတူ ရှာရင်း နေထိုင်ခဲ့ကြတော့သည်။

* * * * * * * * * * *

# အစွဲကြီးတဲ့သရဲ

မမြင့်သူ တို့သားအမိ ရပ်ကွက်ဈေးလေးအတွင်း စတိုးဆိုင်နှင့် အပ်ချုပ်ဆိုင် တွဲဖွင့်ထားသည်။

အမေတစ်ခု သမီးတစ်ခုမို့ မနက်ဈေးဖွင့်ကာတည်းက အိမ်မှထွက်လာပြီး ဆိုင်ဖွင့်ကာ ညနေခြောက်နာရီ ဈေးသိမ်းမှ အိမ်ပြန်ကြသည်။

ဈေးက မနက်ပိုင်းဖွင့်ပြီး နေ့ဆယ့်တစ်နာရီနောက်ပိုင်း ဈေးကွဲကာ ဆိုင်ပိတ်ပြီး အိမ်ပြန်ကြသည်။ ညနေသုံးနာရီခန့်မှ စ ဈေးပြန်ဖွင့်ကာ ညနေခြောက်နာရီခန့်အထိ ရောင်းချကြသည်။

မမြင့်သူ က စက်ချုပ်ဆိုင်ပါ တွဲဖွင့်ထားသဖြင့် နေ့ခင်းဆိုင်ပိတ်ထား၍မဖြစ်။ မနက်ပိုင်း ဈေးဝယ်သူကျသည့်အတွက် စက်မချုပ်ဖြစ်ပဲ၊ ဈေးရောင်းရသည်။

ဈေးဝယ်သူ ပါးသည့် ဆယ်နာရီနောက်ပိုင်းမှသာ စက်ခုံပေါ်ထိုင်ဖြစ်တော့သည်။

သမီးငြိမ်းငြိမ်းက အရုပ်ကလေးတစ်ရုပ်နှင့် ကစားနေသည်။ အသက်က လေးနှစ်ရှိပြီ၊ ရှေ့နှစ်ဆို ကျောင်းထားရတော့မည်။ သမီးအတွက် အချိန်မပေးနိုင်သဖြင့် မူကြိုလည်း မထားခဲ့ရ။ ကျောင်းတက်မှသာ ကျောင်းနှင့် ကျူရှင် တွဲထားတော့မည်ဟု မမြင့်သူ ဆုံးဖြတ်ထားသည်။

"သမီး .. ဒီမှာ အရုပ်လေး မေမေနားမှာ လာယူလိုက်"

"မယူဘူး မေမေပဲ ... အင်္ကျီလေး ချုပ်ပေးမယ်ဆို"

"ဒီမှာ ကြည့်လိုက်ဦး စောစောကတည်းက မေမေချုပ်ပြီးလို့ ဝတ်တောင်ပေးပြီးပြီ"

"ဟယ် ... လှလိုက်တာ ..ဒါမှ ဒို့မေမေ"

ငြိမ်းငြိမ်းက ကစားနေသော အရုပ်လေးကို သိမ်းလိုက်ပြီး ဘိုမရုပ်လေးကို မမြင့်သူ လက်ထဲမှ လာယူသွားသည်။

ထိုအရုပ်မလေးကို ရကတည်းက ငြိမ်းငြိမ်း လက်ပေါ်မှ မချ။ သွားလေရာ ယူသည်။ အိပ်သည့်အခါ ဘေးမှာ ထားပြီး အိပ်သည်။

ဝယ်လာကတည်းက ပါလာသော အင်္ကျီလေးက ဟောင်း

သွားသည့်အတွက် အသစ်ပြန်ချုပ်ပေးရန် ကတိပေးပြီးကာမှ သုံးရက်ခန့်ကြာသွားသည်။ ယခုမှပင် ချုပ်ပေးဖြစ်သွားသည်။

"သမီး ဗိုက်ဆာပြီလား"

"မဆာသေးဘူး မေမေ"

"အဲဆို မေမေ ဒီအင်္ကျီလေးပြီးအောင် ချုပ်လိုက်ဦးမယ်၊ ပြီးမှ စားတာပေါ့"

ငြိမ်းငြိမ်းက အရုပ်လေးနှင့် ဆိုင်ထောင့်မှာ ထိုင်ကစား နေသည်။ မမြင့်သူ က ချုပ်လက်စအင်္ကျီကို ဆက်ပြီး ချုပ်နေ သည်။

ထိုစဉ် ဆိုင်ထဲသို့ အသက်သုံးဆယ်ကျော်ခန့် လူတစ် ယောက် ဝင်လာသည်။ ထိုသူကို မြင်လိုက်ကတည်းက မမြင့်သူ စိတ်ထဲ စိုးရိမ်သွားသည်။ သို့ကြောင့် စက်ချုပ်ရာမှာသုံးသော ကပ်ကျေးကို အနီးသို့ ဆွဲယူထားလိုက်သည်။

ဆိုင်ထဲဝင်လာသော ထိုလူက ဆိုင်ထဲက ပစ္စည်းများကို မကြည့်ပဲ အပြင်က လူရှိမရှိ အကဲခတ်သည်။

ဆိုင်ထဲကို အကဲခတ်ပြီး မမြင့်သူ အနီးသို့ လျှောက်လာ သည်။ ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး

"ဈေးရောင်းလို့ရတဲ့ ပိုက်ဆံ အကုန်ထုတ်"

"ဘာလို့ ပေးရမှာလဲ"

"မသာမ ... ဓားနဲ့အထိုးမခံချင်ရင် ပိုက်ဆံအသာ တကြည်ထုတ်ပေး"

မမြင့်သူ ကိုဆောင့်တွန်းပြီး အံဆွဲကို ဆွဲဖွင့်ကာ ပိုက်ဆံများကို ဆွဲယူနေသည်။

ထိုလူ ပိုက်ဆံမှာ အာရုံ ရောက်နေတုန်း မမြင့်သူ ဗိတ်စပေါ်မှ ကပ်ကျေးကို ရုတ်တရက် ကောက်ယူပြီး အားကုန် ဆောင့်ထိုးပစ်လိုက်သည်။

"အား"

ခါးမှာ ကပ်ကျေးတစ်ဝက်ခန့် စိုက်ဝင်သွားသည်။

"ကောင်မ .. နင့်ကို ငါသတ်ပြီးမှ သွားမယ်"

"တဲ ..ကွာ .. ကဲကွာ"

စွပ်

စွပ်

"အား"

သူ့လက်ထဲက ဓားမြှောင်နှင့် အနီးကပ်ရှိနေသော မမြင့်သူကို အသက်ပျောက်သည်အထိ စိတ်လွတ်လက်လွတ် ထိုးစိုက်နေသည်။

အသက်ပျောက်သွားမှ လက်ကလွှတ်လိုက်သည်။ သူ့လက်ထဲမှ အောက်သို့ ခွေကျသွားသည်။

ထိုစဉ် သူ့မျက်လုံးက အခန်းထောင့်မှာ ထိုင်ပြီး မျက်လုံး ပြူးကာ ကြည့်နေသည့် ကလေးမလေးကို တွေ့လိုက်သည်။ သို့ကြောင့် လက်ထဲက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကလေးမလေးအနီးသို့ လျှောက်သွားသည်။

"နင့်ကို ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူး…နတ်ပိတ်ခဲ့မှ ရန်အေးမယ်"

"သေနာကောင် ငါ့သမီးကို မထိနဲ့"

သူ့နောက်မှ အမျိုးသမီးတစ်ယောက် ကျောပေါ်ခုန်တက် ခွစီးကာ ရန်ပြုတော့သည်။

အခန်းထဲမှာ လူပိုမရှိပါပဲ ကျောပေါ်ခုန်တက်လာသော အမျိုးသမီးက မည်သူလဲ၊ သူသတ်လိုက်သော အမျိုးသမီးက ကြမ်း ပြင်ပေါ်မှာ ခွေခွေလေးရှိနေသည်။

"သေနာ … နင်ကို ငါသတ်မယ်၊ ငါ့သမီးကို လက်ဖျား နဲ့တောင် ထိခွင့် မပေးဘူး"

ကျောပေါ်က အမျိုးသမီးမရှိတော့ပဲ သူ့ရှေ့မှာရုတ်တရက် ပေါ်လာသည်။

မဟာဆွေစာပေ

"ဟင် ... သ..သရဲမ"

သူသတ်ပစ်လိုက်သော အမျိုးသမီးကို တွေ့လိုက်ရ၍ ထိတ်ထိတ်လန့်လန့်နှင့် ထအော်လိုက်စဉ် အမျိုးသမီးလက်က သူ့မျက်နှာဆီ ရောက်လာပြီး နောက်သို့ ဆောင့်တွန်းလိုက်သည်။

တိုင်မှာ ပစ္စည်းချိတ်ရန် ရိုက်ထားသော လေးလက်မ သံငုတ်က သူ့နောက်စေ့အတွင်းသို့ စိုက်ဝင်သွားတော့သည်။ ဦးခေါင်းထဲ သုံးလက်မခန့် ဖောက်ဝင်သွားသည်။

ထိုလူလည်း အသံတစ်ချက်ပင် မထွက်နိုင်တော့ပဲ အသက်ပျောက်သွားသည်။

ငြိမ်းငြိမ်းလေးလည်း လူဆိုးကြီး မလှုပ်မရှားရှိနေသည်ကို မြင်မှ အရုပ်လေးကို ပွေ့ပြီး မိခင်ဖြစ်သူ အနီးသို့ ရောက်လာသည်။

"မေမေ ... မေမေ ..."

"မေမေ...မေမေ... ဘာဖြစ်နေတာလဲ"

"ဟီး .. ဟီး .. ဟီး"

ဈေးဝယ်ရန် ရောက်လာသော အမျိုးသမီးတစ်ယောက်ကြောင့် လူတွေသိကုန်သည်။ မကြာခင် ရဲများလည်းရောက်လာသည်။

"ကဲ. . မဆိုင်တဲ့လူတွေ အားလုံး အပြင်ထွက်ကြပါ၊ ပစ္စည်းတွေလဲ လျှောက်မကိုင်ပါနဲ့၊ ခြေရာလက်ရာ ပျက်ရင် သဲလွန်စပျောက်သွားလိမ့်မယ်"

"ကဲ. . . စစ်ဆေးချက် ယူကြရအောင်"

ရဲများ စစ်ဆေးချက်ယူနေစဉ် ငြိမ်းငြိမ်းက မိခင်ဖြစ်သူ၏ လက်ကို ဆွဲထားသည်။ အားလုံးစစ်ချက်ယူပြီး သွားပြီ။

အိမ်မှာ ကိုယ်ခွဲမရှိ၊ အမေတစ်ခု၊ သမီးတစ်ခုတည်းသမား များဖြစ်ကြောင်း ရဲအုပ်ဇော်ချင်းက သိလိုက်ရသည်။

ကလေးမလေး ရှေ့ခရီးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမည်ဟူသောစိတ်နှင့် ကလေးမလေးကို ဆွဲခေါ်လိုက်သည်။

"လာ. ကလေး. .ဦးတို့နဲ့လိုက်ခဲ့"

"မေ. .မေ. .သမီးတို့အိမ်ပြန်မယ်"

"အိမ်မပြန်နဲ့. ဦးတို့နဲ့လိုက်ခဲ့"

ရဲအုပ်ဇော်ချင်းက ငြိမ်းငြိမ်းသူလေးလက်ကို ဆွဲလိုက်သည်။

"ဖွဲ့သမီးလက်ကိုလွှတ်"

"ဟင်"

နား နားကပ်အော်လိုက်သည့် အသံမျိုး ရဲအုပ်ဇော်ချင်း

ကြားလိုက်သဖြင့် လက်ကို ရုတ်ပြီး နောက်ဆုတ်လိုက်သည်။ တပ်ကြပ်ပြုံးချိုက ကလေးပလေးလက်ကို ဆွဲမည်အပြု...

"နေဦး...ပြုံးချို.. စောစောက အသံမင်းတို့ ကြားလိုက်လား"

"မကြားပါဘူး... ဆရာ့ ဘာကြားလို့လဲ"

ရဲအုပ်ဇော်ချင်း ရှင်းပြမနေတော့...

"ကလေးကို ဒီအတိုင်း ခေါ်လို့မဖြစ်ဘူး၊ သူ့အမေဆီမှာ ခွင့်တောင်းရမယ်"

"ကလေးလေးကို ကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်မယ့်နေရာမှာ ထားပေးမယ်၊ ငါတို့နဲ့ စိတ်ချလက်ချ ထည့်လိုက်ပါ"

ထိုသို့ခွင့်တောင်းပြီး ခေါ်တော့ ဘာသံမှ မကြားရတော့၊ အလောင်းနှစ်လောင်းကို ဆေးရုံသို့ ယူသွားပြီး၊ ကလေးမလေးကို ရဲအုပ်ဇော်ချင်း ခေါ်သွားတော့သည်။

xxxx

မသန္တာတစ်ယောက် ကော်ဖီဖျော်ရင်း မျက်ရည်ကျနေသည်။ စီးပွားရေးအတွက် စိတ်မညစ်ရ။ မိဘများထားပေးခဲ့သော အမွေအနှစ်က မသန္တာ တစ်သက်စားမကုန်။

မဟာဆေးစာပေ

အချစ်ရေး အိမ်ထောင်ရေး ကျမှ ကံမကောင်းလွန်းခဲ့သော ဆယ်လခန့်က ကြုံဆုံ ချစ်ကြိုက်ခဲ့သော ကိုမျိုးကို လူကောင်း မျိုးရိုးသန့်အထင်နှင့် အယုံကြီးယုံကာ မျက်စေ့စုံမှိတ်ပြီး လက်ထပ်ခဲ့သည်။

သူ့မျိုးရိုး၊ သူ့ဇစ်မြစ်ကို မစုံစမ်း၊ မလေ့လာခဲ့၊ အိမ်ထောင်ပြုပြီးမှ လူဆိုး လူမိုက် မှန်းသိလိုက်သည်။ နေ့စဉ် အိမ်ကပ်သည်မရှိ၊ တစ်လကို တစ်ပတ်ခန့် အိမ်မှာမနေ။

ယခု ညက ရေးကြီးသုတ်ပြာရောက်လာသည်။ ရောက်တုန်း ပိပိမှာ ကိုယ်ဝန်သုံးလရှိနေပြီဟု အသိပေးလိုက်သည်။ ကိုယ်ဝန်ရှိမှန်းသိလျှင် အသွားအလာလျှော့ရန် ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"တောက် ဒီမှာ ခေါင်းမီးတောက်နေရတဲ့အထဲ.. အိမ်ကပြဿနာက ထပ်တိုးရသေးတယ်"

"မင်းရဲ့ ကိုယ်ဝန်ကို မွေးမနေနဲ့ ဖျက်ချလိုက်"

"ဘာ ... ဘာပြောတယ်"

"ဖျက်ချလိုက်"

"ရှင် လူမှ ဟုတ်သေးရဲ့လား"

"ငါ... စိတ်ညစ်မခံနိုင်ဘူး.. ချုပ်ချယ်တာမခံနိုင်ဘူး..

ကလေးအကြောင်းပြပြီး ငါ့ကို ဟိုမသွားနဲ့ ဒီမသွားနဲ့ လုပ်ချင်လို့လား၊ ငါ့ပြဿနာနဲ့ ငါ ခေါင်းရှုပ်နေတယ်၊ အဲဒီ ဗိုက်ထဲက ဟာကို ကြည့်ရှင်းပစ်လိုက်"

"ရှင် တာဝန်မယူချင်ဘူးလား၊ ရတယ်...ရှင့်အတွက် တာဝန်မဖြစ်စေရဘူး၊ ကိုယ့်ဟာ ကိုယ်မွေးမယ်"

"အဲဆို ... ကလေးအကြောင်း လာပြီး ဇယားရှုပ်မနေနဲ့၊ ငါအပြင်သွားဦးမယ်...ဒီည ပြန်မလာဘူး"

ယောကျ်ားဖြစ်သူထံမှ စကားကုန်ကြားလိုက်ရသည်။ ကိုမျိုး အိမ်ထဲက ထွက်ပြီး ကားမောင်းထွက်သွားသည့် အသံကြားလိုက်ရသည်။

မနက်စာအတွက် ကော်ဖီဖျော်ရင်း မိမိအပေါ် အကြင်နာကင်းမဲ့လွန်းသော ယောကျ်ားဖြစ်သူအား ကိုယ်ဝန်နှင့် မိမိအပေါ် စိတ်ဝင်စားရန် စည်းရုံးကြည့်၍မရ၊ ကိုယ်ဝန်ဖျက်ချရန်ပင် တောင်းဆိုနေသည်။

တလိမ့်လိမ့် စီးကျနေသော မျက်ရည်များကို သုတ်ရင်း စားပွဲမှာထိုင်ပြီး ပေါင်မုန့်မီးကင်ကို ထောပတ်အနည်းငယ်သုတ်ကာ ထိုင်စားနေသည်။

နေ့ခင်းဘက်အရောက် ရေချိုးချင်စိတ်ပေါက်

မိုးကောင်းကင်စာပေ

လာသဖြင့် ရေချိုးခန်းထဲဝင်ကာ ရေချိုးနေလိုက်သည်။

ရေချိုး ဆပ်ပြာအဆီပုလင်းကို စင်ပေါ်လှမ်းတင်လိုက်စဉ် ဘေးမှာတင်ထားသော ဆပ်ပြာတုံးက အောက်သို့ ပုလင်းနှင့်တိုက်မိပြီး ကျသွားသည်။

ရေကို နာရီဝက်နီးပါးစိမ်ပြီး ချိုးနေလိုက်သည်။

ရေတာဝချိုးပြီး ရေများစင်အောင် သုတ်ကာ အဝတ်လဲဝတ်လိုက်သည်။ အားလုံးပြီးတော့ ရေချိုးခန်းအပြင်ထွက်ရန် တံခါးဆီအလာ ရေချိုးခန်းအလယ်ရောက်နေသော ဆပ်ပြာတုံးကို နင်းမိပြီး ခြေပစ်လက်ပစ် လဲကျတော့သည်။

ဝုန်း

"အား"

ခြေထောက်နှစ်ဘက်နောက်သို့ ပစ်ချော်ထွက်သွားပြီး ကျောက်ပြားပေါ် ဝမ်းလျားမှောက်လဲကျစဉ် ခေါင်းနှင့် အုတ်နံရံ မစောင့်မိရန် နှင့် ထောက်လိုက်သည့်အတွက် မိုက်နှင့် ကြမ်းပြင်ကျောက်ပြ ဆိတ်ဆက်သွားသည်။

အတွင်းက ချော်လဲကျသံကြောင့် အိမ်ဖော်အဖြစ် အတူနေ မအေးမိ အပြေးအလွှားရောက်လာသည်။

တံခါးဖွင့်ပြီး အထဲဝင်လာသည်။

မသန္တာ နာကျင်လွန်းသဖြင့် သတိမေ့သွားသည်။

သတိရတော့ ဆေးရုံပေါ်ရောက်နေသည်ကို သိလိုက်သည်။

"မမ ...ကာ..ကလေးပျက်ကျ..သွားပြီတဲ့"

"ဟင်..."

ခင်ပွန်းသည်က ဖျက်ချနိုင်းသော ကလေး ကံမကောင်းစွာနဲ့ သဘာဝတရားက ပျက်စီးအောင် ဖျက်ပစ်လိုက်ပြီ။

မသန္တာ မျက်ရည်ကျရပြန်ပြီ၊ မိမိရင်သွေး မိမိကိုယ်ဟိုင်ရအောင် မွေးမည်ဟု ဆုံးဖြတ်ချက်ကို အခိုင်အမာ ချပြီးကာမှ သက်သေမပြလိုက်ရသည့်အတွက် ယူကျုံးမရ ကျခဲ့ရသော မျက်ရည်ဖြစ်သည်။

ဆေးရုံမှာ တစ်ပတ်ခန့်နေပြီး ကျန်းမာရေးကောင်းလာသဖြင့် ဆင်းခွင့် တောင်းပြီး အိမ်ပြန်လာခဲ့သည်။

ဆေးရုံတက်နေစဉ် တစ်ပတ်အတွင်းမှာ ယောကျ်ားဖြစ်သူထံမှ သတင်းဆိုးကြားလိုက်ရသည်။ ခုစရိုက်သမား အချင်းချင်း စားကျက်လုရာမှာ လူသုံးယောက်သတ်လိုက်သဖြင့် ရဲနှင့်တိုးကာ မောင်မျိုး အဖမ်းခံလိုက်ရသည်။

လူသုံးယောက်သတ်လိုက်သဖြင့် လွတ်လမ်းရှိတော့မည်မဟုတ်၊ ခင်းပွန်းသည် သတင်းကြားတော့၊ မသန္တာ မျက်ရည်

တစ်စက်ပင် မကျမိ၊ ဝင့်ကြွေးကုန်ပြီဟုသာ စိတ်ထဲ သတ်မှတ်ထားလိုက်သည်။

အိမ်ပြန်ရောက်ခဲ့ပေမယ့် အိမ်မှာ ကပ်နေချင်စိတ် မရှိသည့်အတွက် အစ်ကိုကြီးရှိရာ ဒဂုံအရှေ့ပိုင်း စက်မှုဇုံသို့ ထွက်လာခဲ့သည်။

မိသားစု စီးပွားရေးဖြစ်သည်။ နှစ်ဧက ကျယ်သော မြေကွက်ပေါ်မှာ ရုံသုံးရုံ တည်ဆောက်ထားပြီး အလုပ်သမား နှစ်ရာကျော်နှင့် ရသစုံမုန့်လုပ်ငန်း လုပ်ကိုင်နေသည်။

စက်ရုံကို အစ်ကိုကြီးက တာဝန်ယူ ဦးစီးလုပ်ကိုင်နေသည်။ အစ်ကိုကြီးက အိမ်ထောင်မရှိသူ လူပျိုကြီး ဖြစ်သည်။ အသက်ငါးဆယ်ရှိပြီ။

မိဘလက်ငုတ်ကို တိုးတက်အောင် ကြံဆောင်လုပ်ကိုင်နေခြင်းဖြစ်သည်။

မသ      မုန့်လုပ်ငန်းအပြင် ပိုက်ဆံမရသော လူမှုကူညီရေး အ    ဖစ်ခုလည်း ရှိသေးသည်။ သူကဲ့သို့ပင် ပိုက်ဆံရှိ၊ ဝါသနာတူ သူငယ်ချင်း သုံးယောက်၊ ငွေကြေးစိုက်ထုတ်မတည်ပြီး မိဘမဲ့ ကူညီကယ်ဆယ်ရေး ဂေဟာတစ်ခု တည်ထောင်ထားသည်။

မိတ်ဆွေစာပေ

ထိုဂေဟာမှာ တစ်ပတ်ကို တစ်ရက် ပုံမှန်ရုံးထိုင်ပေးရသည်။

ဂေဟာမှာ ကလေး ငါးဆယ်နီးပါးရှိသည်။ ဝန်ထမ်းလေးယောက်နှင့် ဂေဟာအုပ်ချုပ်သူ ပင်တိုင်တစ်ယောက်ရှိသည်။

အပြင်က စေတနာရှိ၍ လှူဒါန်းသော ငွေနှင့် သူငယ်ချင်းသုံးယောက် ဘဏ်အပ်ငွေမှရသော အတိုးနှင့် ဂေဟာကို လည်ပတ်နေခြင်းဖြစ်သည်။

စနေနေ့တိုင်း သူငယ်ချင်းသုံးယောက် ဂေဟာမှာ ပုံမှန်ဆုံကြသည်။ ဂေဟာ၏ လိုအပ်မှု တိုးတက်မှု အားလုံး စစ်ဆေးဆုံးဖြတ်ကြသည်။

နေ့ခင်း တစ်နာရီ ဆုံကြသည်။

ယနေ့ စနေနေ့ မသန္တာ မနက်ကတည်းက စင်္ကာ ရောက်နေသည်။ စက်ရုံမှာ နေ့လည်စာ စားပြီး မိဘမဲ့ဂေဟာသို့ ထွက်လာခဲ့သည်။

ဂေဟာရောက်တော့ သူငယ်ချင်းသုံးယောက် ဆုံကြသည်။ သန္တာဆေးရုံတက်နေစဉ် သူငယ်ချင်းများ နေ့စဉ်ရောက်လာပြီး အားပေးကြသည်။

"ဒီနေ့ နားချင်နားဦးလို့ ပြောထားတဲ့ဟာ လာဖြစ်အောင်

မိတ်ဆွေစာအုပ်

လာသေးတယ်”

“ငါ့ အိမ်မှာ နေချင်စိတ်မရှိဘူး..ပပရယ်..ငါမနက်ကတည်းက အိမ်ကထွက်ပြီး ... စက်ရုံရောက်နေတာ”

“ဘာတွေးခြားလဲ”

“ဂေဟာကို ကလေးမလေးတစ်ယောက် ရောက်လာတယ်၊ သူ့အဖေက သူတစ်နှစ်သမီးမှာ ဆုံးသွားတယ်၊ အမေက မြီးခဲ့တဲ့ ... ဆယ်ရက်လောက်က ဆုံးသွားတယ်”

“သူ့မှာ ဆွေမျိုး သားချင်းမရှိဘူးလား”

“မရှိဘူးလို့ ရဲအုပ်ကပြောတာပဲ..သူ့အမေက အသတ်ခံလိုက်ရတာ..သူ့မျက်စေ့အောက်မှာ အမေဖြစ်သူကို ဓားနဲ့ ရက်ရက်စက်စက် သတ်ထိုးခံနေတာမြင်ပြီး ...အကြောက်လွန်သွားလို့လား မသိဘူး၊ ဂေဟာကို ရောက်ကတည်းက စကားမပြောဘူး”

“ဘယ်သူနဲ့မှလဲ ဝင်မကစားဘူး၊ တစ်ယောက်ထဲနေတာပဲ”

“ဟိုမှာ ... သစ်ပင်အောက်က ခုံပေါ်မှာ ထိုင်နေတာ သူလေးပေါ့..အသက်က လေးနှစ်သာသာပဲ ရှိတယ်”

အပေါ်ထပ်က မှန်ခန်းဖြစ်သဖြင့် အောက်ဘက်ရှိ အားလုံးကိုမြင်နေရသည်။

ဒေါ်သောဇာလ

"ကလေး လေးက ရုပ်ရည်သန့်သန့်လေး အချော လေးပဲ"

မသန္တာက ကလေးမလေးကို ကြည့်ပြီး မှတ်ချက် ဖေးသည်။

ထိုစဉ် သူတို့စားပွဲဝိုင်းသို့ အသက်အစိတ်ခန့် အမျိုး သမီး တစ်ယောက် ရောက်လာသည်။

ဂေဟာအုပ်ချုပ်ရေးမှူးလည်း မသန္တာတို့နှင့် အတူ ထိုင်နေသည်။

"ကဲ… မျိုးမျိုးခင် .. အဲဒီ ခုံမှာထိုင်"

"ကျွန်မကို ခေါ်တာ … ကိစ္စရှိလို့လား"

"အဲဒီအပြောတွေကို မကြိုက်တာ၊ ဘာပြောမလဲဆိုတာ ခဏသည်းခံ စောင့်ဦးပေါ့.. ခေါ်ရတာကတော့ ကလေးတွေအပေ ပြောဆို ဆက်ဆံသံတွေ အပြောများလာလို့ သတိပေးချင်လ ခေါ်လိုက်တာ"

"ပြီးခဲ့တဲ့ရက်တွေ ကဘည်းက ကလေးတွေကို ဆဲတယ်၊ ရိုက်တယ်လို့ကြားတယ်၊ မနေ့က ရေချိုးတဲ့နေရာမှာ ဆဲဆို ရိုက်နှက်နေတယ်လို့ကြားတယ်"

"ဒီကို ရောက်လာတဲ့ ကလေးတွေဟာ ဆွေမျိုးလဲ ခိုကိုး

စရာမရှိ၊ အမိအဖလဲ မရှိ၊ စိတ်အားငယ်ပြီးရောက်လာကြတာ၊ သူတို့ရဲ့ ပျောက်ဆုံးနေတဲ့ အနာဂတ်ကို ကောင်းမွန်လှပအောင် ပြုစုပျိုးထောင်ပေးကြရမှာ၊ သူတို့ လေးတွေ..အားကိုးစရာရှိပါ သေးလားလို့ အသိဝင်အောင် စိတ်စေတနာသန့်သန့်နဲ့ အကူအညီပေးရမှာ"

"အလုပ်ကို စလက်ခံကတည်းက ဒီလိုစိတ်ဓာတ်ရှိပါ့မယ် ဆိုလို့ အစ်မတို့က လက်ခံခဲ့တာ၊ အချိန်ရှိပါသေးတယ်၊ ကလေး တွေအပေါ် အတတ်နိုင်ဆုံး သည်းခံပြီး အကြင်နာစိတ်နဲ့ ပြုစု ပျိုးထောင်ပေးပါ"

"ဘယ်လိုလဲ..အစ်မတို့ပြောတာလက်ခံလား"

"ဟို... သည်းခံနိုင်ခြင်း..မခံနိုင်ခြင်းဆိုတာ..လူတိုင်းမှာ သူ့အတိုင်းအတာနဲ့ သူရှိတယ်၊ ကျွန်မကတော့ သည့်ထက်ပိုပြီး သည်းမခံနိုင်တော့ဘူး"

"အေးလေ...ဒါက မင်းအပိုင်းပဲ၊ ဒို့ကတော့ မင်းစဉ်း စားချိန် တစ်ပတ်ပေးလိုက်မယ်၊ တစ်ပတ်အတွင်း မင်းကလေး တွေအပေါ် ဆက်ဆံရေး မပြောင်းနိုင်ဘူးဆိုရင် မင်းအစား တစ် ယောက် ခေါ်ရတော့မှာပေါ့"

"ဟုတ်ကဲ့...ဒါဆို သွားလို့ရပြီလား"

စိတ်ဆေးစာပေ

"အေး...အေး...ရပြီ"

မျိုးမျိုးခင်ဆိုသော အမျိုးသမီးလည်း အုပ်ချုပ်ရေးမှူး နှင့် စကားအခြေအတင်ပြောပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ပဲ ထိုင်ရာက ထသွားသည်။

မသန္တာအပြင်သို့ ကြည့်လိုက်သည်။ ခုံတန်းပေါ်ထိုင်နေသော ကလေးမလေးကို မတွေ့တော့ ...

ထိုအချိန် မျိုးမျိုးခင် အခန်းထဲက မကျေနပ်သော စိတ်နှင့် ထွက်လာစဉ် အခန်းထောင့်ချိုးအတိုင်း ဝင်လာသော ငြိမ်းငြိမ်းလေးကို မြင်လိုက်သဖြင့် ဒေါသစိတ်တို့ ကလေးမလေးအပေါ် ကျရောက်သွားသည်။

"ရုပ်ကိုက မှုံကုပ်ကုပ်နဲ့ မေးလို့မပြော၊ ခေါ်လို့မထူး၊ စိတ်ရှိလက်ရှိ ပါးနားပိတ်ရိုက် ပစ်ချင်တယ်။

ပါးစပ်ကပြော လက်က ရွယ်လိုက်စဉ် ရုတ်တရက် ရွယ်နေသောလက်ကို နောက်မှ ဆောင့်ဆွဲလိုက်သဖြင့် မျိုးမျိုးခင် ပက်လက်လဲကျသွားသည်။

"အား.... လွှတ် လွှတ်"

မသန္တာတို့ သူငယ်ချင်းသုံးယောက်နှင့် ဂေဟာအုပ်ချုပ်ရေးမှူးတို့ ထိုင်နေရာ စားပွဲအနီးသို့ ပက်လက်အရွတ်တိုက် ဆွဲ

သွားခြင်းကို ခံလိုက်ရသည်။

ဆွဲနေသူကို မည်သူမှုမမြင်ရ။

အခန်းထဲမှာ လက်ကို မလွှတ်ပဲ ရှေ့နောက်ဝဲယာ အရှက်တိုက် ဆွဲခြင်းခံနေရသည်။

ခုံများနှင့် ပစ်ရိုက်လိုက်သည်။ မီရိုများနှင့် ပစ်ရိုက်သည်။ မျိုးမျိုးခင် အကြောက်လွန်ပြီး အသံပင် မထွက်နိုင်တော့။ မသန္တာတို့လည်း ထိတ်လန့်ပြီး...အခန်းထောင့်မှာ ပြေးကပ်နေကြသည်။

ပြတင်းပေါက်အနီးသို့ မျိုးမျိုးခင်ကို ဆွဲခေါ်သွားသည်။ မျိုးမျိုးခင်၏ ခန္ဓာကိုယ်ကြီး ပျောက်ကွက်သွားသည်။

ထိုမှ တစ်ဖန် လေထဲလွင့်ကာ အဆောက်အဦနှင့် ဆယ်ပေခန့်အကွာရှိ ဝိဂေါက်ပင် ငွဆုံပေါ် ပစ်ကျသွားသည်။

သစ်ပင်ပေါ်မှ တစ်ဆင့် မြေပြင်ပေါ်ကျကာ အသက်သေဆုံးသွားတော့သည်။

မကြာခင် ဂေဟာသို့ ရဲများရောက်လာကြသည်။

"လူက တိုက်ပေါ်ကကျရင် တိုက်အခြေက ကွာလှ သုံးပေ..လေးပေပေါ့၊ အခု ဆယ်ပေလောက်ရောက်နေတယ် ဆိုတော့ ... မယုံနိုင်စရာပဲ"

"ကျွန်မတို့ အားလုံးရှေ့မှာတင် ပြတင်းပေါက်က လွှင့်

ပစ်ခံလိုက်ရတာ”

“ဒီအဆောင်မှာ ထူးထူးခြားခြား ဘာဖြစ်သေးလဲ”

“ဘာမှ မထူးခြားဘူး.. ဒါ ပထမဆုံးပဲ”

“သတိတော့ ထားနေကြပေါ့..ထူးခြားရင် အကြောင်းကြားပါ”

“ဟုတ်ကဲ့”

ရဲကားပြန်ထွက်သွားသည်။

ညနေ ငါးနာရီခန့် မသန္တာဂေဟာမှ ပြန်ခဲ့သည်။

ညနေ ထမင်းစားချိန်ရောက်ပြီဖြစ်၍ ငြိမ်းငြိမ်းတစ်ယောက် ထဲ ထမင်းစားဆောင်သို့ ထွက်လာသည်။

သူ့ရှေ့မှ သူ့အရွယ် ကောင်လေးတစ်ယောက်နှင့် သူ့ထက် တစ်နှစ် နှစ်နှစ်ခန့် ပိုကြီးမည့် မိန်းကလေးတစ်ယောက်ကို ရပ်နေသည်။

ငြိမ်းငြိမ်း သွားမည့်ရှေ့က ပိတ်ရပ်နေသည်။

ငြိမ်းငြိမ်းက ကွေ့ရှောင်မည်ပြုပြီး တစ်ဖက်သို့ ခြေလှမ်းလိုက်စဉ် ထိုဘက်သို့ နှစ်ယောက်သား လိုက်ရွှေ့ကြသည်။

“ပေးစမ်း..နင့်လက်ထဲက အရုပ်”

အကြီးမလေးက ငြိမ်းငြိမ်း လက်ထဲက အရုပ်ကို ဆွဲလု

မိုးသောက်စာပေ

သည်။ ငြိမ်းငြိမ်းက အရုပ်ကို လက်ကမလွှတ်။

"နင့်ကို အရုပ်ကြီးနဲ့ မြင်ရတာ မျက်စေ့နောက်တယ်"

ခက်ထန်သော အသံနှင့်အတူ သွေးတွေမြင်မကောင်း အောင် ပေကျံနေသော အမျိုးသမီးကြီးတစ်ယောက်ကို မြင်လိုက် သဖြင့် ကလေးနှစ်ယောက် ကြက်သေသေပြီး ကျန်ရစ်သည်။ သရဲမကြီး ပျောက်သွားပေမယ့် မလှုပ်မယှက် ရှိနေသည်။

ငြိမ်းငြိမ်းက သူတို့အနီးမှ ထွက်သွားသည်။ ငြိမ်းငြိမ်း က ထိုအမျိုးသမီးကို မမြင်၊ ထမင်းစားခန်းထဲ ဝင်သွားသည်။

"ဟော့ကောင် မျိုးလွင် ဘာရပ်နေတာလဲ"

နောက်မှ ရောက်လာသော ကောင်လေးက အကြောက် လွန်ပြီး ရပ်နေသော မျိုးလွင် ပုခုံးအား ပုတ်လိုက်မှ အသိပြန် ဝင်ကာ လမ်းလျှောက်၍ ရသွားတော့သည်။

xxxx

တနင်္လာနေ့ ဂေဟာမှာ ကစ်နေ့တာ တာဝန်ထမ်းဆောင် ရန် မသန္တာ ထွက်လာခဲ့သည်။

ညကတည်းက ဆုံးဖြတ်ထားသည်။ မကြာခင်ကမှ ရောက်လာသော ငြိမ်းငြိမ်းလေးကို အိပ်မှာခေါ်ထားရန် ဖြစ်သည်။ ဂေဟာစည်းကမ်းရှိသည်။ ကလေးတစ်ယောက်ကို ခေါ်ချင်တိုင်း

မဟာဆေဒေဗ

ခေါ်ခွင့်မရှိ။

အုပ်ချုပ်ရေးပိုင်းကို အသိအမှတ်ပေးပြီး စာချုပ်စာတမ်းနှင့်သာ ခေါ်ခွင့်ရှိသည်။ ထိုကလေး၏ ပညာရေး၊ လူမှုရေးကအစ တာဝန်ယူရမည်။ ဂေဟာမှသော်လည်းကောင်း၊ ဌာနဆိုင်ရာမှ သော်လည်းကောင်း အချိန်မရွေး အစစ်ဆေးခံနိုင်ရမည်။

ထိုကိစ္စအားလုံး မသန္တာစီစဉ်ထားသည်။ ညနေအပြန် ကလေးမလေးကို ခေါ်သွားရမည်။

ကိစ္စအားလုံး စီစဉ်ပြီးသည်နှင့် ငြိမ်းငြိမ်းကို စာချုပ်စာတမ်းနှင့် မွေးရန် အိမ်သို့ ခေါ်လာခဲ့သည်။

ကားပေါ်သာပါလာသည်။ စကားတစ်လုံးမှ မပြော။ ပြုံးလည်း မပြုံး၊ ပြောတဲ့အတိုင်းတော့ နားထောင်သည်။

အိမ်နားရောက်တော့ စတိုးဆိုင်တစ်ဆိုင်မှာ ကားရပ်ပြီး ကလေးအသုံးအဆောင်များ ဝယ်ရန်နှင့် အိမ်မှာ လိုအပ်သော မုန့်အချို့ဝယ်ရန် ကားပေါ်က ဆင်းမည်အပြု....

"သမီးလေး...ကားပေါ်က ထိုင်စောင့် အန်တီ.. စားစရာဆင်းဝယ်လိုက်ဦးမယ်"

ထိုမှာပြီး ကားပေါ်က ဆင်းခဲ့သည်။

ဆိုင်ထဲမှာ လိုအပ်တာရှာဖွေပြီး တစ်ခုချင်း ဝယ်နေသည်။

မိုးတိမ်ဆွေစာပေ

ထိုအချိန် အပြင်မှာ ရပ်ထားသော ကားအနီးသို့ အရက်မူးသမားတစ်ယောက် ရပ်လာပြီး အထဲကို ကြည့်လိုက်စဉ် ကလေးတစ်ယောက်ထဲတွေ့သဖြင့် ကားတံခါးဖွင့်ပြီး အထဲဝင်လိုက်သည်။

ကားအက်ဘုတ်ကိုဖွင့်ပြီး တန်ဘိုးရှိသည့် ပစ္စည်းကို ရှာဖွေနေစဉ် အေးစက်သော လက်ကြီးဖြင့် မျက်နှာကို လာထိသဖြင့် လှည့်ကြည့်လိုက်ရာ သွေးချင်းချင်းနီနေသော မျက်နှာကြီးနှင့် သရဲမကို မြင်လိုက်သည့်အတွက် ကြောက်ကြောက်လန့်လန့်နှင့် ထအော်ပြီး ကားပေါ်မှ ဆင်းပြေးတော့သည်။

"သရဲ...သရဲ...ကားပေါ်မှာ သရဲ"

ထိုလူအော်သံကြောင့် ပိုက်ဆံရှင်းနေသော မသန္တာ ကြားသွားသည်။ မသန္တာလည်း ပြန်အမ်းသော ပိုက်ဆံကိုပင်ညာ မယူတော့ပဲ ဆိုင်ထဲမှ ပစ္စည်းများဆွဲပြီး ပြေးထွက်လာခဲ့သည်။

ကားထဲမှာ ဘာမှမရှိ။ မသန္တာကားမောင်းပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

အိမ်သို့ရောက်တော့ ခြောက်နာရီထိုးပြီ။

မအေးမီ တံခါးလာဖွင့်ပေးသည်။ မအေးမီက အိမ်ကိုစိတ်ချရသည်။ ဤအိမ်ခြံဝန်းအတွင်းမှာပင် သူ့ကိုမွေးဖွားခဲ့သည်။

မိုးဆွေစာပေ

မသန္တာမိဘလက်ထက်ကတည်းက မအေးမိ၏မိဘများ အိမ်ကြီး၏တာဝန်ကို ယူခဲ့ကြသည်။

မသန္တာမိဘများ မဆုံးခင် မအေးမိ မိဘများ ဤခြံကြီးအတွင်းမှာပင် တစ်ယောက်ပြီး တစ်ယောက်ဆုံးသွားသည်။ ရှစ်နှစ်သမီးအရွယ် ရှိသေးသော မအေးမိကို မသန္တာတို့က တာဝန်ယူခဲ့သည်။

ကြမ်းတိုက် အမှိုက်လှဲကအစ ခိုင်းစရာမလိုအောင် ခြေလက်ပေါ့စွာ လုပ်ကိုင်ပေးသည်။

မသန္တာမိဘများဆုံးတော့ မအေးမိ ဆယ့်လေးနှစ်သမီးအရွယ်ရှိပြီး ယခုမသန္တာက မအေးမိတာဝန်ကို ဆက်ယူခဲ့သလို မသန္တာ၏ ကိစ္စမှန်သမျှ မအေးမိက တာဝန်ယူခဲ့သည်။ အိမ်မှု ကိစ္စမှန်သမျှ ဘာမှ ပြန်မကြည့်ခဲ့ရ။ သူ့အတွက် သတ်မှတ်ပေးထားသော အခကြေးငွေကို တစ်နှစ်စာ တစ်နှစ်စာ ပေါင်းပြီး ဘဏ်မှာ ထည့်ထားပေးသည်။

စားရေးသောက်ရေး နေထိုင်ရေး အဝတ်အစားကအစ မသန္တာက လိုလေးသေးမရှိ ဖြည့်စွမ်းပေးထားသည်။

ယခု.. ဆယ့်ရှစ်နှစ်ရှိပြီ၊ ရုပ်ရည်မှာ အမိအဘများက အညာသူအညာသားများဖြစ်၍ မလှမပ၊ သမီးဖြစ်သူက မြို့ရောက်

တောသူပုံပေါက်နေသည်။

ကိုယ်လုံးကိုယ်ပေါက်က ပိန်ပိန်ပါးပါးဖြစ်သည်။ ပေါ့ပါး သွက်လက်သည်။

မအေးမိက မသန္တာလက်ထဲမှ အိတ်များကို ယူလိုက်ပြီး အိမ်ထဲဝင်သွားသည်။

မသန္တာက ငြိမ်းငြိမ်းနှင့်အတူ အိမ်ထဲဝင်လိုက်လာခဲ့သည်။

"မအေးမိ ပြီးရင် လာခဲ့ဦး"

"ဟုတ်ကဲ့ မမ"

ခဏကြာတော့ မအေးမိ ဧည့်ခန်းထဲရောက်လာသည်။

"ဒါ.. မမတို့နဲ့ အတူနေမှာ... ကိုယ်ညီမလေးလို သဘောထား ဟုတ်လား၊ စိတ်တိုင်းမကျလို့ ဆူတာဆဲတာ မလုပ်ရဘူးနော် ဟုတ်လား"

"ဒီကလေးအတွက် .. မမ မခိုင်းပဲ ဘာမှ မလုပ်ပေးနဲ့၊ မမခိုင်းမှ လိုအပ်တာလုပ်ပေးဟုတ်လား"

"ဟုတ်ကဲ့ မမ"

"ကဲ... မမတို့ ရေချိုးပြီးရင် ထမင်းစားမယ်..နောက် နာရီဝက်ကြာရင် ထမင်းပြင်လိုက် ဟုတ်လား"

မအေးမိ နောက်ဘက်ထွက်သွားသည်။

မိုးကြိုးစာပေ

မသန္တာလည်း ငြိမ်းငြိမ်းကိုခေါ်ပြီး အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

မသန္တာအိပ်ခန်းနှင့် ကပ်ရက်အခန်းမှာ ငြိမ်းငြိမ်းအိပ်ရန် နေရာပေးသည်။

"သမီး ဒီအိပ်ယာမှာ အိပ်ဟုတ်လား၊ အန်တီ ဟိုဘက်အခန်းမှာအိပ်မယ်၊ အဖော်အပါးသွားချင်ရင် အန်တီကို နှိုး၊ ဘယ်အချိန်ဖြစ်ဖြစ် နှိုး၊ အိမ်သာက ဒီတည့်တည့် သွားတာနဲ့ ရောက်တယ်"

ငြိမ်းငြိမ်းက ဘာမှ မပြောပဲ ကုတင်ပေါ်တက်ထိုင်သည်။

"ရေချိုးမယ်၊ ပြီးရင် ထမင်းစားမယ်၊ လာထ"

မလှုပ် ထိုင်ရာမှမထ။

"ရေမချိုးချင်ဘူးလား၊ အန်တီဝယ်လာတဲ့ အဝတ်အစားအသစ်လေးတွေ ဝတ်ရအောင် ရေချိုးလိုက် ဟုတ်လား"

ထိုအခါမှပင် ငြိမ်းငြိမ်း ရေချိုးရန် လိုက်လာခဲ့သည်။ ရေချိုးပေးပြီး ဆိုင်က ဝယ်လာသော အင်္ကျီအသစ်လဲဝတ်ပေးလိုက်သည်။

ရေချိုးထမင်းစားပြီးတော့ ခုနှစ်နာရီခွဲပြီးပြီ။

ငြိမ်းငြိမ်းကို အိပ်ခန်းထဲ လွှတ်လိုက်ပြီး စားပွဲမှာ ထိုင်ကာ

မဟာဆွေစာပေ

စာရင်းဇယားများလုပ်နေသည်။

ငွေကြေးကိစ္စများမှန်သမျှ စက်ရုံမန်နေဂျာ ပို့ပေးသဖြင့် သေချာစစ်ဆေးပြီး စာရင်းသွင်း သိမ်းဆည်းနေသည်။

ညရှစ်နာရီခွဲတော့ အလုပ်ခဏရပ်ပြီး ငြိမ်းငြိမ်းအခန်း တံခါး ဖွင့်ကာ ဝင်ကြည့်သည်။

မှာထားသည့်အတိုင်း မီးမှိတ်၍ စားပွဲပေါ်မှ မီးအိမ်လေး ဖွင့်ပြီး အိပ်ပျော်နေသည်။

အရုပ်လေးကိုတော့ လက်ကမလွှတ်၊ မသန္တာစောင်ကို ခြုံပေးလိုက်သည်။

"ဟင်"

အနီးက အရိပ်တစ်ခု ဖြတ်သွားသည်ဟု စိတ်မှာထင်လိုက် သဖြင့် လှည့်ပတ်ကြည့်သည်။ ဘာမှမတွေ့။

ခဏရပ်နေပြီး အခန်းထဲက ထွက်ခဲ့သည်။

လင်္ ...ကာ့ကို သိမ်းပြီး အိပ်ရန် ကုတင်ပေါ်တက်လိုက် သည်။

"ဒုန်း ...ဂလုံး...ဂွမ်း"

"ဟင် .. ဘာတွေ ကျတာလဲ"

ကုတင်ပေါ်မှ ပြန်ဆင်းပြီး အိပ်ခန်းအပြင်ထွက်ခဲ့သည်။

မိုက်ဆွေစာပေ

ငြိမ်းငြိမ်းအခန်းဖွင့် လိုက်သည်။ ငြိမ်းငြိမ်းလည်း အိပ်ပျော်နေသည်။

အောက်ထပ်ဆင်းလာပြီး မအေးမိ အခန်းတံခါးဖွင့်ကြည့်လိုက်သည်။ မအေးမိလည်း အိပ်ပျော်နေပြီ။

ဘာတွေကျတာလဲ ရှာမတွေ့သဖြင့် အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

"တင်း ... ဒီကလေးမလေးရဲ့ အမေများ ဒီအိပ်အထဲလိုက်လာတာလား မသိဘူး... သူပါလာတယ်ဆိုတာ သိရအောင် အသံပေးတာများလား"

အတွေးပေါင်းစုံတွေးရင်း အိပ်ပျော်အောင် အိပ်လိုက်တော့သည်။

မနက်လင်းတော့ မအေးမိ လုပ်ပေးထားသော မနက်စာကိုစားကြသည်။ ထုံးစံအတိုင်း သွားနေကျ စက်ရုံသို့ သွားရမည့်နေ့ဖြစ်သည်။

ငြိမ်းငြိမ်းလေးကို ခေါ်သွားရန် စိတ်ကူးလိုက်သည်။ စက်ရုံက ထုတ်သော မုန့်များကို ငြိမ်းငြိမ်းကို စားခိုင်းရမည်။

အိမ်မှာ စက်ရုံကထုတ်သောမုန့်များကို မထား၊ ငယ်စဉ်ကတည်းက စားလာခဲ့ရ၍ ရိုးအီနေပြီး မိတ်ဆွေများကို လက်

ဆောင်ပေးစရာရှိမှသာ အိမ်သို့ ယူလာတတ်သည်။

ငြိမ်းငြိမ်းကြိုက်နှစ်သက်သည် ဆိုပါက အိမ်သို့ ယူလာခဲ့ရမည်။

နေ့ဆယ်နာရီခွဲခန့် စက်ရုံမှာ ပြဿနာဖြစ်သည့်အသံ ရုံးခန်းထဲရောက်လာသည်။

မသန္တာနှင့် အစ်ကိုကြီးတို့ ရုံးခန်းမှာ လုပ်ငန်းအကြောင်း ပြောစရာရှိ၍ မုန့်ထုပ်ရုံမှ အလုပ်သမလေးတစ်ယောက်နှင့် ငြိမ်းငြိမ်းကို ထည့်ပေးလိုက်သည်။

ကလေးကို စိတ်ရှည်ရှည် ဆက်ဆံရန်၊ မအော်မငေါက်ရန် အသေအချာမှာလိုက်ကာမှ ဘာမေးမေး မရသဖြင့် ထိုအလုပ်သမလေးက စိတ်မရှည်တော့၍ ခေါင်းကို တစ်ချက်ခေါက်လိုက်သည်ဆိုသည်။

ငြိမ်းငြိမ်းကြိတ်ပြီး မျက်ရည်ကျနေသည်။

“ဘ်...စမ်း..မျက်ရည်မကျနဲ့၊ အခုသုတ်လိုက်၊ ငါထပ်ခေါက်မိတော့မယ်”

သူ့စကားဆုံးရုံရှိသေးသည်။ အလုပ်သမလေး အပေါ်ကို ခြောက်တက်သွားပြီး စက်ရုံမှ အပြင်ထိုးထွက်နေသော သံဘားတန်းနဲ့ ခေါင်းကို ဆွဲဆောင့်နေသည်။

"လွှတ်...လွှတ်"

"ဘယ်လိုဖြစ်လို့ ပြောက်တက်နေတာလဲ"

မသန္တာကို သတင်းလာပို့သဖြင့် ရုံးခန်းထဲမှ ထွက်ပြီး လိုက်လာခဲ့သည်။

"မမြင့်သူ...လွှတ်ပေးလိုက်ပါ၊ ငြိမ်းငြိမ်းလည်း ဘာမှ မဖြစ်ပါဘူး၊ လွှတ်ပေးလိုက်ပါ"

ထိုအခါမှ အောက်ကို နိမ့်ကျလာပြီး လူတစ်ရပ်ခန့် အမြင့်ရောက်မှ လွှတ်ချလိုက်သည်။

"ငါ သေသေချာချာ မှာလိုက်တာကို နားမထောင်ဘူး၊ နင် ငြိမ်းငြိမ်းကို ဘာလုပ်လဲ မှန်မှန်ပြော"

"ဘာမှ မလုပ်ပါဘူး"

ဘုန်း

"အား"

ထိုမိန်းကလေးကို ခြေနှင့်ပစ်ကန်လိုက်သည့်အလား နောက်ဘက်တစ်လံခန့် ရွေ့လျားသွားသည်။

"နင်ညာနေရင် ပိုဆိုးလိမ့်မယ်... အမှန်ပြောမှ ငါ တောင်း ပန်ပေးလို့ရမှာ"

"ကျွန်...ကျွန်မ ဆဲပြီး သူ့ခေါင်းကို ခေါက်လိုက်မိပါတယ်၊

နောက်တစ်ကြိမ်ခေါက်မယ်အလုပ်မှာ အခုလို လုပ်တာခံလိုက်ရတာ ပါပဲ”

“ဒီကလေး အမေက အသတ်ခံရပြီး ဆုံးတာ မကြာလေးဘူး။ ဖာစ်ယောက်ထဲ ကျန်ခဲ့တဲ့သမီးကို စိတ်မချလို့ လိုက်စောင့်ရှောက်နေတာ၊ ငါ ကိုယ်တိုင် သားသမီးအရင်းလို ဂရုစိုက်နေတာတောင် စိတ်မချနိုင်လို့ သွားလေရာ လိုက်နေတာ”

“ကလေးကို မအော် မငေါက် မရိုက်ဖို့ မှာလိုက်ရက်နဲ့ နားမထောင်ဘူး၊ ငါအရောက်မြန်လို့၊ ကဲအားလုံးမှတ်ထား၊ ဒီကလေးက အစ်မနဲ့ အတူနေမှာ၊ အစ်မစက်ရုံလာရင် ပါလာချင်ပါလာလိမ့်မယ်၊ ကလေးနဲ့ ဆက်ဆံရင် ကြင်ကြင်နာနာ ဆက်ဆံပေးပါ”

“ကလေးရဲ့ ခံစားချက်ကို နားလည်ပေးကြပါ”

“ကဲ ... ဘာမှမဖြစ်တော့ဘူး၊ နောက်တစ်ခါ မဖြစ်စေနဲ့၊ ကြားလား”

“တုတ်...တုတ်ကဲ့”

မသန္တာလည်း ငြိမ်းငြိမ်းကို လက်ဆွဲ၍ ရုံးခန်းထဲ ခေါ်လာခဲ့သည်။ ညနေ ငါးနာရီ စက်ရုံမှ အိမ်သို့ပြန်လာခဲ့သည်။

အိမ်ကို ငြိမ်းငြိမ်းရောက်ပြီး ဆယ်ရက်စန့် အရောက်

မိုးဘေးစာပေ

ပြဿနာဖြစ်တော့သည်။ မအေးမိ တစ်ယောက် အသေအချာ မှာထားသည့် စကားကို မသိမဟုတ် သိသည်။ စိတ်မရှည် သည်းမခံနိုင်တော့သည့်အတွက် အော်ဖေါက် တွန်းထိုးလုပ်သည်။ ပါးစပ်ကလည်း ဆဲလိုက်သေးသည်။

ထိုအချိန်မှာပဲ မအေးမိ ဆံပင်ကို ဆွဲပြီး ကြမ်းပြင်နှင့် နဖူးကို အချက်များစွာ ဆွဲဆောင့်နေသည်။

သရဲမကို အသေအချာ မြင်နေရသည်။

"အား ...အား"

ခွပ်..ခွပ်

နဖူးမှ အရည်ခွံများ စုတ်ပြတ်သတ်ပြီး သွေးများ မြင်မကောင်းအောင် စီးကျလာသည်။

မအေးမိ သတိမေ့သွားသည်။ ငြိမ်းငြိမ်းလေး မအေးမိ မိစ်ဖြစ်သူ ဆုံးမနေသည်ကို မမြင်။ ခေါင်းကို ဆောင့်နေသည် တော့ သိသည်။

ထိုအချိန်အပြင်မှ မသန္တာပြန်ရောက်လာသည်။ သတိမေ့ မြောနေသော မအေးမိကို တွေ့သဖြင့် ဆေးခန်းသို့ ပို့ရတော့သည်။

ဦးခေါင်းအနည်းငယ် အက်သွားသည်။အသားအရည်များ စုတ်ပြတ်ကုန်သည်။ အသက်အန္တရာယ် မစိုးရိမ်ရသဖြင့် အထူးကု

ဆေးခန်းမှာ ထားခဲ့ရသည်။

အိမ်ပြန်ရောက်တော့ မှောင်နေပြီ၊ ညစာအတွက် စီစဉ်ပေးပြီး ငြိမ်းငြိမ်းရှေ့ ချပေးလိုက်သည်။

"စား သမီးလေး...ဗိုက်ဆာနေပြီလား"

ငြိမ်းငြိမ်းက တစ်ဇွန်းခပ်စားစဉ် ...

"ပူသေတယ်သမီး မှုတ်ပြီးစား"

ဇွန်းကို ပြန်ချလိုက်သဖြင့် မသန္တာက ဇွန်းနှင့် ခပ်ပြီး ပါးစပ်နှင့် မှုတ်ကာ ငြိမ်းငြိမ်းကို ကျွေးသည်။

တစ်ဇွန်း ... နှစ်ဇွန်း ... သုံးဇွန်းမြောက်အရောက် ပုဂံကို ဆောင့်တွန်းပြီး စားပွဲမှထကာ အိမ်အပေါ်ထပ် တက်သွားသည်။

မသန္တာ စားစရာပြီးအောင် စားပြီး သိမ်းဆည်းကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။

အိပ်ခန်းထဲ မဝင်သေးဘဲ ငြိမ်းငြိမ်းအခန်းတံခါးကို ဖွင့်ကာ အထဲဝင်ပြီး စောင်ဆွဲခြုံပေးလိုက်သည်။

"သမီးလေး ဗိုက်ဆာနေမှာပေါ့..ထပြီးစားဦးလေ... အိပ်မပျော်သေးဘူး မို့လား"

ဘာမှမပြောပဲ ငြိမ်နေသဖြင့် အိပ်ခန်းအပြင် ပြန်ထွက်

လိုက်သည်။

တံခါးကို အပြင်ကဆွဲပြီး စေ့ထားမည်အပြု

ဝုန်း

အတွင်းမှ တံခါးကို ဆောင့်ပိတ်လိုက်သဖြင့် တံခါးကို လက်နှင့် မထိရသေးခင်မှာပင် ပိတ်သွားသည်။

မိမိအခန်းသို့ ခြေလှမ်းမည်ပြင်ရင် ရင်ထဲမှ သည်းခံနိုင်စွမ်းတို့ သိုသိပ်ထားခြင်းငှာ မစွမ်းသာတော့။

တံခါးအနီးထိုင်ချပြီး အားရပါးရ ငိုရှိုက်လိုက်သည်။

"ငါ့ရဲ့ကလေးပျက်ကျသွားလို့ သားသမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ ကြင်ကြင်နာနာ ဆက်ဆံခဲ့တယ်၊ သမီးရင်းနဲ့မခြားဂရုစိုက်ခဲ့တယ်"

"ဒီလောက်မေတ္တာရင်းနဲ့ ဆက်ဆံနေတာ ဘာကို အလိုမကျဖြစ်ပြီး ဆန့်ကျင်နေတာလဲ ... ငါ့ထက် ဘယ်သူပိုကောင်းနိုင်မလဲ"

"နင့်အမေက နင့်ကို ချစ်တာ... အချစ်စစ်အချစ်မှန် ဟုတ်လို့လား၊ ကိုယ့်သမီးကို လူမုန်းအောင် လူတွေရှုံ့ကြောက်ကြီးဖြစ်အောင် လိုက်လုပ်နေတာ"

"ကလေးတွေ လူငယ်တွေဆိုတာ မှားတတ်ကြတာပဲ...

မဟာဒေဝီစာပေ

ဒါကို သည်းခံနိုင်စွမ်းမရှိဘူး...ဒီကလေးကို ငါဘယ်လို စောင့်ရှောက်ရတော့မလဲ"

"ငါ့ကို လွတ်လပ်ခွင့် ပေးပါ...မမြင့်သူ"

"ငြိမ်းငြိမ်းကလဲ ဘာကို မကျေမနပ်ဖြစ်နေတာလဲ... ပွင့်ပွင့်လင်းလင်းပြော...ကလေးမဟုတ်တော့ဘူး..ရှေ့နှစ်ကျောင်းနေရတော့မှာ ....ဟီး...ဟီး...ဟီး..."

စိတ်ရှိလက်ရှိ ပြောဆိုပြီး တံခါးဝမှာ ထိုင်၍ ငိုနေသည်။

တစ်ဖက်သို့ စောင်းအိပ်နေသော ငြိမ်းငြိမ်းတံခါးဘက် မျက်နှာလှည့်လာသည်။

မသန္တာရဲ့နောက်မှာ သရဲမ မမြင့်သူ ရပ်နေသည်။ မသန္တာလည်း မျက်ရည်သုတ်ပြီး ထိုင်ရာမှ ထလိုက်သည်။

အိပ်ခန်းထဲဝင်ခဲ့သည်။

ငြိမ်းငြိမ်းလည်း တံခါးအနီးမှ အသံပျောက်သွားသဖြင့် အိပ်ယာပေါ်ပြန်အိပ်ရန်ပြင်လိုက်စဉ်...

"တဲ့... ထစမ်း"

လူမမြင်ရပဲ အသံသာ ကြားလိုက်သည်။

"မေမေ... မေမေ ..သမီးမေမေ့ကို အရမ်းလွမ်းတယ်"

"အမေ..သမီးအနားမှာ ရှိတယ်...သမီးအမေ့ကို တမ်းတ

မနေနဲ့တော့... အမေက သေသွားပြီ..သမီးနဲ့အတူ အမြဲ နေလို့ မရဘူး.."

"သမီးအပေါ်ကောင်းတဲ့ အန်တီကို အပြစ်မမြင်ရဘူး.. သမီးလိုက်ပြီးဆန့်ကျင်နေတာမှားတယ်...သမီးအန်တီကျေနပ်အောင် သွားတောင်းပန်လိုက်"

"အမေလဲ သမီးအတွက် စိတ်ချသွားပြီ..သွားအခုထ.. အန်တီကို တောင်းပန်ပြီး အတူတူအိပ်..ဒါမှ အမေဝမ်းသာမှာ"

"အမေ ဘယ်မှ မသွားပါနဲ့... သမီးနဲ့ နေရမယ်"

ထိုအချိန် မမြင့်သူ ပုံပျောက်လာသည်။ ကြောက်စရာ သွေးတွေနှင့် ရုပ်မဟုတ်...

"မေမေ အတူနေချင်တာပေါ့... ဒါပေမယ့် မေမေက လူမဟုတ်တော့ဘူး...မေမေနဲ့ သင့်တော်တဲ့နေရာ သွားရတော့မှာ ... သွားသမီး မေမေ စိတ်ချမ်းသာတာမြင်ချင်တယ်ဆိုရင် အန်တီကို သွားတောင်းပန်ပြီး အန်တီနဲ့ အတူတူအိပ်"

"ဟီး...ဟီး... သ...သမီးသွားပါ့မယ်"

မမြင့်သူ ထိုင်ရာက ပျောက်သွားသည်။

ငြိမ်းငြိမ်းလည်း အရုပ်လေးကို ပွေ့ပြီး မသန္တာ အခန်းထဲ ဝင်သွားသည်။

မိုးဆောင်းစာပေ

"အန်...အန်တီ မေမေ.."

"သမီး ... အိပ်မပျော်ဘူးလား"

"သ..သမီးတောင်းပန်ပါတယ်...သမီးနောက်ကို မမိုက်ရိုင်းတော့ပါဘူး.."

"လာ..အန်တီမေ ဘေးမှာ သမီးလာအိပ်"

"အန်တီမေ၏အကြင်နာ ရင်ခွင်ထဲ တိုးဝင်ခဲ့သော ငြိမ်းငြိမ်း ပျောက်ဆုံးသွားသော မိခင်ကို ပြန်ရှာတွေ့လိုက်သကဲ့သို့ ခွန်အား တွေ ပြည့်လာတော့သည်။

အနီးမှာ ရပ်ကြည့်နေသော မမြင့်သူလည်း သမီးလေး အတွက် စိတ်ချသွားပြီဖြစ်၍ အိမ်ကြီးထဲမှ ...အပြီးတိုင် ထွက်လာ ခဲ့တော့သည်။

* * * * * * * * * *

မဟာဆွေစာပေ

## သရဲနှစ်ကောင်နဲ့ လူတစ်ယောက်

ကိုသန်းအောင် ကို ပုဇွန်တောင်ဈေးအနီးတစ်ဝိုက်က ညနေပိုင်း၊ ညပိုင်း တက္ကစီမောင်းသမားတိုင်း သိကြသည်။

မနက်ပိုင်း မိသားစုစီးပွားရေးအဖြစ် မုန့်ဟင်းခါး၊ အသုတ်စုံရောင်းသည်။ ညနေပိုင်း ဇနီးနှင့် သမီးတို့က ရခိုင်မုန့်တီ ရောင်းသည်။ ကိုသန်းအောင်က မနက်ပိုင်း မုန့်ရောင်းသည့်ဆိုင်မှာ စားပွဲထိုး ပိုက်ဆံသိမ်းခြင်းအလုပ်ကို ဝင်ကူညီရသည်။

ဆယ်နာရီဆို ဆိုင်သိမ်းပြီး ညနေပိုင်း အနားယူသည်။ အိပ်ချင်စိတ်ရှိလျှင် အိပ်လိုက်သည်။ ညနေငါးနာရီဆို ကိုယ်ပိုင်အငှားကားလေးမောင်းပြီး တက္ကစီဆွဲသည်။ ညဘက်မထွက်ဖြစ်လျှင် မနက်သုံးနာရီခန့် အိပ်ယာပြီး ခုနစ်နာရီခွဲခန့်အထိ တက္ကစီဆွဲသည်။ အချိန်ကာလ သတ်မှတ်ချက်မရှိ။

မိတ်ဆွေစာပေ

ကိုယ်ပိုင်ကားဖြစ်သည့်အတွက် စိတ်ရှိသည့်အချိန် ထွက်ဖြစ်သည်။

နေ့ခင်းပိုင်းကို ကားဝယ်စဉ်က တစ်လနှစ်လခန့်အထိ ထွက်ဖြစ်သည်။ ကားပိတ်သည့်ဒဏ်ကို မခံစားနိုင်၊ စိတ်မရှည်၊ သို့ကြောင့် ညနေ ၆းနာရီနောက်ပိုင်းမှ ညဆယ့်တစ်နာရီအထိ ထွက်သည်။

ညဦးပိုင်း အကြောင်းကိစ္စရှိလျှင် မနက်စောစောထွက်ဖြစ်သည်။ ညမောင်းရသည်က အန္တရာယ်ကို သတိအမြဲထားရသည်။ အမူးသမားများနှင့်လည်း တွေ့နိုင်သည်။ ဒုစရိုက်သမားများနှင့်လည်း ကြုံနိုင်သည်။

တံမကောင်းလျှင် ခရီးသည်က ဓားထောက်ပြီး ရှိသမျှ ပိုက်ဆံလုယက် တတ်သလို ကားကိုလုယက်သည်ကိုလည်း ခံရတတ်သေးသည်။

ဒါပေမယ့် ကိုသန်းအောင် ညဘက်မောင်းရသည်ကို နှစ်သက်သည်။ ကားပိတ်၊ ကားကျပ်သည့် ဒဏ်မခံရ၊ အမြန်လိုရင် အမြန်မောင်းလို့ရသည်။

အချို့တက္ကစီမောင်းသမားတွေ ပရလောကသားတွေနဲ့ ကြုံတာကို ကြားဖူးသည်။ ကိုယ်တိုင်တော့ တစ်ခါမှ မကြုံသေး၊

သရဲတစ္ဆေမှ မဟုတ်၊ အခြား အန္တရာယ်တစ်မျိုးမျိုးလည်း မကြုံ ရသေး။

ကားမောင်းဖော် မိတ်ဆွေများက ညကားမောင်းနေတာ တစ္ဆေသရဲညှ မကြုံဖူးလားဟု စပ်စု မေးမြန်းကြသည်။

အမှန်ကို အမှန်အတိုင်း ရှင်းပြတော့ မိတ်ဆွေများက ကိုသန်းအောင်ကို အားပေးစကားပြောကြသည်။

"ခင်ဗျားက ညဘက်ကားမောင်းနေတာမဟုတ်လား၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ မကောင်းဆိုးဝါး တစ္ဆေသရဲနဲ့ ကြုံကို ကြုံရမယ်၊ ခင်ဗျားကားပေါ် ရောက်လာရင် ရောက်လာမယ်၊ ရောက်မလာရင် လမ်းပေါ်မှာ ကြုံနိုင်တယ်"

"ခင်ဗျားတို့ကလည်း ကောင်းတဲ့အကြံဉာဏ် ကောင်းတဲ့ စကားမပြောဘူး...မဖြစ်သေးတဲ့ကိစ္စကို ကြိုတင်ခြောက်လှန့် နေကြတယ်"

"ဟကောင် သန်းအောင်..မင်း ကိုပြောင်ကြီးအဖြစ်ကို မကြားလိုက်ဘူးလား"

"ဟင်အင်း...ဘယ်သူနဲ့မှ စကားမစပ်မိလို့ မသိဘူး.. အခု..တလော ကိုပြောင်ကြီးကို မတွေ့မိဘူး"

"မတွေ့ဆို... ဆေးရုံရောက်ပြီး ခြေထောက်တစ်ဖက်

မိတ်ဆွေစာပေ

ဖြတ်လိုက်ရတယ်..အခု..ဆေးရုံကဆင်းတာ မကြာသေးဘူး”

“ဟင်..အဲဒီလောက်ဖြစ်သွားတာ ကျွန်တော်မသိဘူး.. ဦးလေးစိုး...ကိုပြောင်ကြီးဘာဖြစ်လို့ ခြေထောက်ဖြတ်လိုက်ရတာလဲ ပြောပါဦး”

ဦးပြောင်ကြီးခေါ် ဦးထွန်းခင်က ညကားမောင်းသမား ဖြစ်သည်။ ဂိတ်ထိုးတာခြင်း မတူသည့်အတွက် ကိုသန်းအောင်နှင့် စကားမစပ်မိ၍ မသိခြင်းဖြစ်သည်။

“ဒီလိုကွ..တစ်ည ..ဆယ်နာရီလောက် အင်းစိန်ကို ခရီးသည်ပို့ပြီး ပြန်လာတာ..လမ်းပေါ်မှာ ကားရှင်းလို့ မှန်မှန် မြန်မြန် မောင်းလာတာပေါ့။

အင်းစိန်မြို့သစ်ဈေးအလွန်လောက်အရောက် သူ့ရှေ့မှာ ကောင်လေးလက်ဆွဲထားတဲ့ အဘွားကြီးတစ်ယောက် ရုတ်တရက် ပေါ်လာတယ်တဲ့။

ခပ်လှမ်းလှမ်းအထိ မီးရောင်အောက်က လမ်းပေါ်မှာ လူလျှောက်နေတာ မရှိဘူးတဲ့၊ ရုတ်တရက် သူ့ကားရှေ့ ဝါး နှစ်ပြန်လောက်အကွာအဝေးမှာ ဖြတ်ခနဲ ပေါ်လာတာတဲ့။

သရဲတစ္ဆေလား၊ လူလား မစဉ်းစားနိုင်တော့ဘဲ မတိုက်မိအောင် လက်ကိုင်ဘီးကို ဆွဲလှည့်လိုက်တာ၊ လမ်းလယ်က

မိတ်ဆွေစာပေ

ဘလောက်တုံးကို ဝင်တိုက်ပြီး ကားက ဂွမ်းပျံသွားတယ်၊ ခါး ပတ်ကြိုးပတ်ထားလို့ အသက်မသေတာ။

အဲဒီလိုလမ်းပေါ်မှာ ရုတ်တရက်ပေါ်လာတာတို့ အဝေး ကတည်းက မြင်ပြီး အနီးရောက်မှ ပျောက်သွားတာတို့ ညမောင်း သမား အတော်များများ ကြုံဖူးကြတယ်”

“ဦးပြောင်ကြီးကား က ပျက်စီးရောဆိုပါတော့”

“သံရည်ကျိုဖို့ရမယ့်အဆင့် ရောက်သွားတယ်၊ မင်းလည်း မကြုံသေးဘူးဆို ယတိထား”

ညကားသမားအတော်များများ အန္တရာယ်တစ်ခုမဟုတ် တစ်ခုကြုံရင်ကြုံ ဒါမှမဟုတ် တစ္ဆေသရဲနာနာဘာဝတို့နှင့် ကြုံရ ဆုံရမှ ညကားမောင်းသမား စစ်စစ်ဟု ဆိုသူက ဆိုကြသေးသည်။

ယခု ကိုသန်းအောင် တစ်ယောက် လွန်ခဲ့သော သုံးရက် က မထင်မှတ်သောအဖြစ်ဆိုး တစ်ခုကြုံခဲ့ရသည်။ ပုဇွန်တောင်အိမ် က ထွက်ကတည်းက အခေါက်ကြီးသုံးခေါက် ပို့လိုက်ရသည်။ အချိန်က ညဆယ်နာရီရှိပြီ…ညပိုင်းတွက်ခြေကိုက်ပြီမို့ ကားသိမ်း တော့မည်ပြင်ပြီး အိမ်သို့ ပြန်မောင်းလာစဉ်…

စားသောက်ဆိုင်က ပြန်ထွက်လာသော လူငယ်သုံး ယောက် က ခေါ်ပုံကို လိုက်ပို့ပေးရန် ငှားနေသဖြင့် အိမ်နှင့်လည်း

သိပ်မဝေး၊ တောင်းသည့်ဈေးလည်း ပေးသည့်အတွက် လိုက်ပို့ပေးလိုက်သည်။

သူတို့သွားမည့်နေရာရောက်တော့ ပိုက်ဆံရှင်းပြီး ကားပေါ်က ဆင်းသွားသည်။

ကိုသန်းအောင်လည်း ကားကို ရွှေ့တိုးနောက်ဝင်လုပ်ပြီး ပြန်လှည့်လိုက်သည်။

ကားလှည့်ပြီးသည်နှင့် မောင်းထွက်လာခဲ့သည်။

ထိုစဉ် ရွှေ့မှ လူတစ်ယောက် ကားတားနေသည်။ အိတ်တစ်လုံးလွယ်ထားသည်။ အနီးအနားဆို ပို့ပေးမည် စိတ်ကူးလိုက်သည်။

"ဘယ်ကိုသွားမှာလဲ"

"အဝေးပြေးကို သွားချင်လို့ အောင်မင်္ဂလာအဝေးပြေး"

"ဟာ...ဝေးတယ်၊ ကားသိမ်းတော့မယ်၊ ဟိုနားသည့်နားလားလို့"

"မနက်အစောဆုံးကားနဲ့ လိုက်မှာ၊ ဒီည အဝေးပြေးဝင်းမှာ သွားအိပ်မှဖြစ်မှာမို့ပါ၊ ကူညီပေးပါ နောင်ကြီးရယ်..တောင်းသလောက်ပေးပါ့မယ်"

ထိုခရီးသည်က အားကိုးတကြီး တောင်းတောင်းပန်ပန်

ပြောနေသည်။ တောင်းသလောက်ပေးမည်ဆို၍ သူစိတ်ဝင်စားသွားသည်။

သူ ညဆယ်နာရီဝန်းကျင်အထိ မောင်းနေတာပဲ၊ ယခု ဆယ်နာရီပဲ ရှိသေးသည်။ သွားမယ်ဆို သွားလို့ရသေးသည်။

"တစ်သောင်းခွဲပေးမလား ၊ ပေးရင်ပို့ပေးမယ်"

"ဟာ..များလိုက်တာ..တစ်သောင်းပေးမယ်ဗျာ..

နေ့ခင်းဆို ဒေါ်ပုံက အဝေးပြေး ခြောက်ထောင်အလွန် ဆုံးပေါ့"

"တစ်သောင်းခွဲပဲ..ပေးရင်လိုက်ပို့မယ်၊ မပေးရင် ကားပြန်သိမ်းတော့မယ်"

"တစ်သောင်းနှစ်ထောင်ထားဗျာ"

ကိုသန်းအောင် ကားမောင်းထွက်လိုက်သည်။

"ဟော့လူ..တစ်သောင်းခွဲပေးမယ်"

ကားကို ရပ်လိုက်သည်။ ထိုလူ ကားနောက်တံခါးဖွင့်ပြီး ကားပေါ်တက်လိုက်သည်။

ထိုလူ ကားနောက်တံခါးပိတ်ပြီးသည်နှင့် သာကေတ မင်းနန္ဒာလမ်းအတိုင်း မောင်းထွက်လာခဲ့သည်။

ကိုသန်းအောင်လည်း ကားပေါ်က ပါလာသည့် လူမှာ လူကောင်းလား၊ လူဆိုးလား စဉ်းစားပြီး ကားကို ဂရုစိုက်မောင်း

နေသည်။

ထိုခရီးသည်က အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်၊ သူနှင့် မတိမ်းမယိမ်းရှိမည်ဟု ခန့်မှန်းနေရင်း ကားနောက်ကြည့်မှန်မှ အကဲခတ်လိုက်စဉ် သူမျက်လုံးပြူးသွားသည်။

သူမြင်လိုက်ရသည်က ထိုလူ၏ညာဘက်မှာ အသက်ငါးဆယ်ခန့် အဒေါ်ကြီးတစ်ယောက်နှင့် တစ်ဖက်မှာ အသက်ဆယ့်ငါးနှစ်ခန့် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို မြင်လိုက်ရ၍ ဖြစ်သည်။

ကားတားပြီးဈေးစကားပြောစဉ်က တစ်ယောက်တည်း ပြောပြီး ကားပေါ်တက်တော့လည်း တစ်ယောက်တည်း၊ ယခု‥ သုံးယောက်ဖြစ်နေသည်။

ဘယ်အချိန်က တက်လာသည်မသိ၊ ကားစထွက်စဉ်က လည်း ထိုလူကို နောက်ကြည့်မှန်မှ ကြည့်လိုက်သေးသည်။ တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့လိုက်သည်။ ယခု သုံးယောက်ဖြစ်နေသည်။

ဘယ်အချိန် ဘယ်နေရာက တက်လာသည်မသိ၊ သည် အတိုင်းဆို၊ သုံးယောက်လုံး သရဲတစ္ဆေများဖြစ်နေသည်လား၊ မိသားစု အတူတူ ကားစီးလာသည်ဆိုလျှင် တစ်ယောက်နှင့်

မိုးဟေဆွေစာပေ

တစ်ယောက် စကားတစ်ခွန်းစ နှစ်ခွန်းစပြောမည်ကတော့ သေချာသည်။

ယခု ... သာကေတမှလွန်၍ သုဝဏ္ဏဘက်သို့ပင်ထွက်လာပြီ၊ ကိုသန်းအောင်လည်း ရှေ့ကို ကြည့်လိုက် နောက်ကြည့်မှန်မှ နောက်ကိုအကဲခတ်နှင့် ဂနာမငြိမ် ဖြစ်နေသည်။

"ဟေ့လူ..ရှေ့ကိုကြည့်မောင်းလေ..ခင်ဗျားမျက်လုံးက ရှေ့ကြည့်လိုက် နောက်ကြည့်လိုက်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

ကိုသန်းအောင်လည်း သူ့မျက်လုံးအကြည့်များကို နောက်ကလူက ရိပ်မိသွားသည့်အတွက် သူ့ကို မကြည့်မိရန် ဆုံးဖြတ်ကာ ရှေ့ကိုသာမဲပြီး စိုက်ကြည့်နေလိုက်သည်။ ဒါပေမယ့် ခဏပါပဲ..နောက်ကိုကြည့်မိသွားရပြန်သည်။

"ခင်ဗျား တော်တော်စပ်စုတာပဲ .. ဘာကြောင့် ကျုပ်ကို တစ်ချိန်လုံးကြည့်နေတာလဲ"

"ခင်ဗျား..သိလားမသိလားတော့ ကျုပ်မသိဘူး၊ ခင်ဗျားရဲ့ ဟိုဘက်နဲ့သည်ဘက်မှာ အမျိုးသမီးကြီး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ထိုင်နေတာကို ကျုပ်ကားနောက်ကြည့် မှန်ကနေမြင်ရတယ်"

"ဟာ..မဟုတ်က..ဟုတ်ကတွေ"

မိုးတိမ်စာပေ

"တကယ်မြင်ရတာ..ခင်ဗျားကားတားပြီး ကားပေါ်တက် တုန်းက မမြင်ဘူး..မင်းနန္ဒာလမ်းပေါ်ရောက် ရောက်မှစတွေ့တာ"

"ခင်ဗျား..ကျုပ်ကို ခြောက်လှန့်နေတာ ဒီဘက်ကော ဟိုဘက်ကော ဘယ်သူမှ ထိုင်မနေဘူး"

"ခင်ဗျားမမြင်ပေမယ့် ကျုပ်ရဲ့ကားမှန်ထဲမှာ မြင်နေရတယ်"

ကားက သုဝဏ္ဏအားကစားကွင်းများကို ကျော်ပြီး ဝေဇယန္တာလမ်းပေါ်ရောက်လာသည်။

ထို့နောက် ကားနောက်ခန်းက လူလည်း သူ့ဘေး နှစ်ဖက်ကို မကြာမကြာကြည့်နေသည်။ အသက်ကြီးကြီးမိန်းမ ကြီးက တစ်ခုခု မကျေနပ်သည့်ရုပ်မျိုးနှင့် ငြိမ်သက်စွာ ထိုင်နေ သည်။ ကိုသန်းအောင် မြင်ပေမယ့် ထိုလူ မြင်ပုံမရ။

ထိုလူပြောစကားအရဆိုလျှင် လူပိုမိန်းမနှစ်ယောက်သည် ကားကြုံလိုက်လာသော တစ္ဆေသရဲမှအပ လူစင်စစ်မဖြစ်နိုင်တာက တော့သေချာသွားပြီ၊ ထိုသရဲမနှစ်ကောင် အဝေးပြေးရောက်၍ ဆင်းသွားလျှင် တော်သေးသည်။ မဆင်းပဲ နောက်ကြောင်းပြန် လိုက်လာလျှင် အခက်ပဲဟု ကြိုတင်တွေးပြီး တုန်လှုပ်ခြောက် ချားနေသည်။

"ဟော့လူ..ခင်ဗျား မျက်လုံးတွေရှေ့ကိုပဲကြည့်၊ မဟုတ်

က တုတ်က စကားတွေနဲ့ ခြောက်လှန့်ပြီး ကျုပ်မှာပါတဲ့ ပစ္စည်းနဲ့ ပိုက်ဆံကို စိတ်နဲ့ ပြစ်မှားနေတာလား"

"မင်းခရီးသွားရင် အလွန်ဆုံးပါမှ တစ်သိန်းနဲ့ အဝတ်အစားသုံးလေးစုံပေါ့၊ ငါ့ဘဝအပျက်ခံပြီး လုယက်မယ်ထင်လို့လား"

"အဖြင့် ဘာကြောင့် နောက်ကိုကြည့်နေတာလဲ"

"မိန်းမနှစ်ယောက် ခင်ဗျားဘေးတစ်ဖက်စီမှာ ပါလို့လို့ပြောပြီးပါပကော"

"အဲတွေက ရိုးနေပါပြီ..ကျုပ်မှာပါတာ တစ်သိန်းလဲမပြည့်ဘူး..လေးသောင်းနဲ့ အဝတ်အစားပဲ ပါတယ်ကိုယ့်လူ၊ ဒီတစ်ခါကြည့်ရင်..ကျုပ်မှာပါတဲ့ ဓားနဲ့ထိုးမှာ"

ထိုလူက ရှစ်လက်မခန့်ရှည်သော ဓားမြောင်ကို ပြပြီး နောက်ကို မကြည့်ရန် ခြိမ်းခြောက်နေပြန်သည်။

ထိုလူ့စကားကြောင့် ကိုသန်းအောင်လည်း အောင်မင်္ဂလာကားဂိတ်အထိ ပို့ပေးချင်စိတ်ကုန်သွားသည်။ ယခုအချိန်ထိ ရှောင်တခင်စစ်ဆေးသည့် အဖွဲ့များကိုလည်း မတွေ့ရ။ တွေ့လျှင် ထိုလူ၏ ဓားမြောင်ကို အကြောင်းပြုပြီး ရဲလက်ထဲအပ်ထားခဲ့တော့မည်ဟုပင် ဆုံးဖြတ်မိသည်။

တောင်ဥက္ကလာပါရမီလမ်းဆုံလွန်ပြီး ဥက္ကလာဲဂေါက်ကွင်းဘေးမှနေ၍ မြောက်ဥက္ကလာဘက်သို့ ဝင်တော့မည်။

"ဟီး...ဟီး...ဟီး...."

ဟီ...ဟီး...ဟီ

ကားနောက်ခန်းမှ ငိုသံရှတ်တရက် ထွက်လာသဖြင့် နောက်ကြည့်မှန်မှ ကြည့်လိုက်စဉ် မိန်းကလေးကို မတွေ့တော့ဘဲ ကားငှားစီးသူက ယောကျ်ားကြီးတန်မဲ့ ငိုနေသည်။ အဒေါ်ကြီးလည်း ရှိမနေတော့။

"ဟာ...ဘယ်လိုဖြစ်တာလဲ"

"ဟီး...ဟီး...ငါ...ငါ့...ကိုသတ်တယ်"

ဟီး...ဟီး....

ဘုရား..ဘုရား..ယောကျ်ားကြီးက ချွဲချွဲပြစ်ပြစ် ငိုရင်းဘာတွေပြောနေသည်မသိ၊ ကားစက်သံကြောင့် ဗလုံးဗထွေးဖြစ်နေသည်။ ကားပေါ်မှာ သရဲပါနေသည်ကိုသိသည့်အဖြစ်ကြောင့်လည်း ကားကို ဖြည်းဖြည်းမမောင်းဝန့်...

ထိုအချိန် ဂန္ဓမာလမ်းဆုံအလွန် မီးချောင်းအနီများကိုင်ထားသည့် ရောင်ပြန်အကျီဝတ်ထားသော လူအချို့က ကားကိုတားနေသည်ကို တွေ့လိုက်သဖြင့် ဝမ်းသာသွားသည်။

ကားကိုရပ်ပေးလိုက်သည်။

ယာဥ်ထိန်းရဲ့အပါအဝင် ရဲတပ်သားနှစ်ယောက် ကားနား ရပ်လာသည်။

"လိုင်စင်လေး ခဏပြပါ၊ ဘယ်ကိုသွားမှာပါလဲ"

"အဝေးပြေးကို ခရီးသည်ပို့ပေးတာပါ"

"ဟီး..ဟီး...ဟီး"

"နောက်က နောင်ကြီးက ဘာဖြစ်လို့ ငိုနေတာလဲ"

"မသိဘူးခင်ဗျ... ဇေါက်ကွင်းအလွန်နားလောက် ရောက်မှ ငိုသံကြားတာပဲ"

"ကဲ...နှစ်ယောက်လုံး အောက်ဆင်းပေးကြပါ"

ကိုသန်းအောင်က ကားတံခါးဖွင့်ပြီး ဆင်းလိုက်သည်။ နောက်က လူက ကားပေါ်ကမဆင်းသေးပဲ..ငိုရှိုက်နေသည်။

ကိုသန်းအောင်က ဖြစ်ပျက်လာသမျှ သူတွေ့ခဲ့သော အမျိုးသမီးနှစ်ယောက်အကြောင်းပါ ပြောပြလိုက်သည်။

"ဒါဆို...နောင်ကြီးပြောတဲ့သရဲမ နှစ်ယောက်ထဲက တစ် ကောင် ဝင်ပူးနေတာလို့ ဆိုချင်တာလား"

"အဲဒါတော့ ကျွန်တော်မသိဘူး..သူဒီနားရောက်မှ ထငိုလို့ ထင်ကြေးနဲ့ပြောတာ"

"ဟော့…လူ…ယောကျ်ားဖြစ်ပြီး ဘာလို့ငိုနေတာလဲ.. ဘာပြောချင်လဲပြော"

"ဟီး…ဟီး…ဟီး…"

ထိုလူက ဘာမှပြန်မပြော..ရှိုက်ရှိုက်ပြီး ငိုနေသည်။

"ဆေးကြောင်နေတာများလား..သူ့ ခရီးဆောင် အိတ်တွေ ပါသေးလား"

"မပါဘူး…သူလွယ်ထားတဲ့ အိတ်တစ်လုံးပဲ ပါတာ တွေ့တယ်"

ရဲတပ်သားတစ်ယောက် ကားတံခါးဖွင့်ပြီး နောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။ ကားထဲမီးဖွင့်ထားသလို ရဲတပ်သားတစ်ယောက်က ဓာတ်မီးနှင့် ထိုးထားသည်။

"ခရီးဆောင် အိတ်ကို ချွတ်ပေးစမ်း"

ထိုလူက ဘာမှ မသိသလို ငိုလို့သာနေသည်။ စိတ်မရှည်သော ရဲတပ်သားက အိတ်ကို ဆွဲချွတ်တော့သည်။

ကားထဲမှာပင် ဖွင့်ကြည့်သည်။

"တင်..ပိုက်ဆံလေးထုတ် ငါးထောင်တန်တွေ"

"အဲဒီ သိန်းနှစ်ဆယ်ပေါ့"

"ရွှေတွေလည်း တွေ့တယ်"

မြားဆေးစာပေ

"ဒီကောင် ...လူကောင်းတော့ မဖြစ်နိုင်ဘူး၊ ကားပေါ်က ဆွဲချကွာ"

ရဲအုပ်က အမိန့်ပေးလိုက်သည်နှင့် အပြင်က တစ်ယောက်က ဆွဲပြီး နောက်က တစ်ယောက်က တွန်းပေးသဖြင့် ထိုလူ အပြင်ရောက်လာသည်။

အပြင်ရောက်တော့ ဇက်ကြီးကျိုးပြီး ငိုနေပြန်သည်။ ဘာမေးမေး ..ဖွင့်မပြော။

တပ်ကြပ်တစ်ယောက်က စိတ်မရှည်သဖြင့် လက်သီးနှင့် ထိုးရန်ပြင်စဉ် ဒုရဲအုပ်တစ်ယောက်က ထိုတပ်ကြပ်လက်ကို ဖမ်းဆွဲလိုက်ပြီး..

"နေဦး..ဒီက နောင်ကြီးပြောစကားအရဆို ကားပေါ်မှာ ပါတဲ့ သရဲမ ပူးကပ်နေတာဖြစ်မယ်၊ တစ်ခုခု ပြောချင်တာများ လား"

"ဆရာကြီး နေရောင် အိမ်ကို ခေါ်သွားရင် ကောင်းမယ် ထင်တယ်"

"ဟုတ်တယ်...ဆရာကြီးနေရောင် စခန်းမှာ တာဝန် ကျနေတယ်..စခန်းကို ခေါ်သွားပြီး မေးမြန်းကြည့်တာ ပိုကောင်း မယ်"

ရဲအုပ်ကပါ ထောက်ခံချက်ပေးသဖြင့် ဒုရဲအုပ်၊ ရဲတပ်သားနှစ်ယောက်တို့ ကိုသန်းအောင်၏ ကားနှင့် ထွက်လာကြသည်။

မကြာခင် ရဲစခန်းသို့ရောက်ရှိပြီး တပ်ကြပ်ကြီး နေရောင်ကို အကျိုးအကြောင်းပြောပြီး မေးစမ်းခိုင်းလိုက်သည်။

သူတို့အားလုံးကို စခန်းနောက်က အိမ်သို့ ခေါ်သွားသဖြင့် ကိုသန်းအောင်တို့ လိုက်သွားသည်။

တပ်ကြပ်ကြီး၏အိမ်ဖြစ်သည်။ တပ်ကြပ်ကြီးက ဘုရားတရားကိုင်းရှိုင်းသလို ဓယောဂ၊ စုန်းပူးနတ်ပူး၊ သရဲပူးတို့ကို ကူညီဖြေရှင်းပေးသူဖြစ်ကြောင်း သိလိုက်သည်။ ဘုရားစင်မှာ မီးပူးဇော်လိုက်သည်။

ထို့နောက် ဘုရားစင်ရှေ့မှာ ထိုင်လိုက်ပြီး...

"ကဲ..လာရှေ့ကို ..ငိုလို့ချည်း မနေနဲ့..ပြောစရာရှိလို့ ပူးကပ်နေတာမဟုတ်လား... အားလုံးသိအောင်ပြောပြလေ.."

"ဟီး ဟီး... ငါ့ကိုသတ်တယ်...ငါ့အမေကို သတ်တယ်.. ပစ္စည်းတွေလဲယူသွားတယ်"

"ဘယ်သူက သတ်တာလဲ"

"အုံးလှ .. အုံးလှ"

"အခု ပူးကပ်နေတာ ဘယ်သူလဲ ပြောပြပါ"

မိုးဆေးစာပေ

"လှလှသန်း"

"ဒေါ်လှလှသန်းလား"

"မဟုတ်ဘူး..လှလှသန်းကသမီး ဒေါ်ပုကအမေ"

"အခု ဘယ်ကနေလိုက်လာတာလဲ ဘယ်မှာနေကြတာလဲ..ပြောပြပါ"

"ဒေါ်ပုံကပါ"

"ရပ်ကွက်နဲ့ လမ်းအမည်၊ အိမ်အမှတ်ပါပြောပါ"

"ယမုံနာ(၂)ရပ်ကွက် စံပြ(၄)လမ်း"

"အိမ်အမှတ်က (××××)ပါ"

"ဘာကြောင့် သတ်တာလဲ ပြောလို့ရရင် ပြောပြပါ"

"အိုးလှ..မွေးစားသား၊ သူလိုတဲ့ငွေထုတ်မပေးလို့..အမေနဲ့ ကျွန်မကို သတ်ပြီး ရှိသမျှ အကုန်ယူသွားတယ်၊ ဒါကြောင့် မကျေနပ်လို့ လိုက်လာတာ"

"အိမ်မှာ ဘယ်သူကျန်သေးလဲ"

"အဖေက ခရီးသွားနေတယ်..မောင်လေးက လက်ဖက်ရည်ဆိုင်မှာ ဘောပွဲသွားကြည့်နေတယ်"

"ကဲ...ကဲ ဒီလောက်သိရရင် ... တရားခံကို ဖမ်းလို့ရပါပြီ... ပူးကပ်ထားရာက ဖယ်ခွာပေးပါ..သားအမိနှစ်ယောက်

ကောင်းရာမွန်ရာ ရောက်ပါစေ”

တပ်ကြပ်ကြီးနေရောင်၏ စကားအဆုံးမှာ ပူးကပ်ရာမှ ခွာသွားသည်ထင်သည်။ ထိုင်နေရာမှ ထိုလူလဲကျသွားသည်။

တပ်ကြပ်ကြီးက မျက်ရိပ်ပြလိုက်သည်နှင့် ရဲတပ်သား တစ်ယောက်က လဲနေသူအား လက်ထိပ်ခတ်လိုက်သည်။

ဘုရားစင်က သောက်တော်ရေခွက်ကိုယူပြီး လဲနေသူ မျက်နှာပေါ် လောင်းချလိုက်သည်။

ချက်ချင်းလဲရာမှ ထထိုင်သည်။

“အုံးလှ..မင်းအုံးလှမဟုတ်လား”

“မင်း ..အမှန်အတိုင်းပြောစမ်း..ဘာတွေဖြစ်လာလဲ ဆိုတာ၊ ညာပြောမယ်တော့မကြံနဲ့ ..ငါတို့အားလုံး သိပြီးပြီ”

“ကျွန်တော်အဝေးပြေးကားနဲ့ မနက်ရွာပြန်မလို့ ကား ငှားစီးလာတာပါ”

“ဆရာ..ဒေါ်ပုံစခန်းကို ဖုန်းဆက်ပြီးပြီလား”

“လိပ်စာပြောပြီး သွားစစ်ဆေးခိုင်းထားပြီးပြီ..ဆယ့်ငါး မိနစ်လောက်တော့ ကြာလိမ့်မယ်၊ ဒီကောင်ညာ မညာသိရမယ်”

တပ်ကြပ်ကြီးနေရောင်၏အိမ်မှ စခန်းထဲပြန်လာကြသည်။

“ဆရာ ကျွန်တော်သွားလို့ရပြီလား”

မိုးဆွေစာပေ

ကိုသန်းအောင်က ခုရဲအုပ်ကို မေးလိုက်သည်။

"ဟာ..ဒီလူမှာစွဲသိအောင် အရင်လုပ်ရဦးမယ်..ခင်ဗျားတို့နှစ်ယောက် အကြံတူဆိုရင်..ခင်ဗျားလည်း အမှုကို ရင်ဆိုင်ရမှာပဲ"

"ဒီလူ ကားခတစ်သောင်းခွဲပေးလို့ လိုက်ခဲ့တာပါ။ ဒီလူကို ကျွန်တော်မသိဘူး"

"ဒါက..ခင်ဗျားအပြော...ခုစရိုက်မှု ကျူးလွန်တဲ့လူတိုင်း အမှန်ကို ဘယ်တော့မှ မပြောဘူး။ ဒီည..တိုလူနဲ့ အတူ အချုပ်ထဲမှာ ... နေလိုက်ဦး.."

သို့ဖြင့် ပိုက်ဆံတစ်သောင်းခွဲကို မက်မောလိုက်သည့်အတွက် အချုပ်ထဲမှာ တစ်ညအိပ်လိုက်ရသည်။ အချုပ်ကပြန်လွတ်လိုက်တော့ ကားခလည်းမရ..ပြန်လွတ်သည့်ခုရဲအုပ်နှင့်ရဲတပ်သားကို ကားပေါ်တင်ပြီး စားသောက်ဆိုင်မှာ နေ့လည်စာကျွေးခဲ့ရသေးသည်။

အုံးလှက မွေးစားမိခင်နှင့် သူ၏သမီးကို သတ်ပြီး ပစ္စည်းများ ယူလာသည့်အတွက် ဝိညာဉ်အဖြစ်နှင့် ကားပေါ်လိုက်ပါလာခြင်းဖြစ်သည်။

တလမ်းလုံး မကျေချမ်းနိုင်သည့် မျက်နှာပုံစံမျိုးနှင့် လိုက်ပါလာပြီး ရှောင်တခင်စစ်ဆေးသော အဖွဲ့များအနီးရောက်

မဟာဒေသ

မှသာ ဝင်ရောက်ပူးကပ်သည်ကလည်း ထူးခြားသည်။

ထိုကဲ့သို့ ပူးကပ်သည့်အတွက်ကြောင့်လည်း အုံးလှကို ရွှေထည်ပစ္စည်းများ၊ ပိုက်ဆံများ၊ လူသတ်ရာမှာ အသုံးပြုသည့် ဓားနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဖြစ်ပျက်ပြီးနောက်ပိုင်း မိသားစုက ဝိုင်းပြောသဖြင့် ကိုသန်းအောင်လည်း ကားကို အငှားနှင့် ပေးမောင်းပြီး နေ့တွက်ခအုံနာကြေးယူရန် ဆုံးဖြတ်လိုက်တော့ သည်။

* * * * * * * * * * *

မြတ်ဆေစာပေ

# အမြန်လမ်းပေါ်ကသရဲ

ဘုရားဖူးပို့ဆောင်ရေးမှ အမြန်ယာဉ်ကြီးနှစ်စီး ညနေ ၆ နာရီခွဲ ရန်ကုန်မြို့မှ ထွက်ခဲ့ကြသည်။

ဘုရားလည်းဖူး လေ့လာစရာရှိ လေ့လာ၊ အပန်းလည်း ဖြေရန်အတွက် ကားနှစ်စီးနှင့် ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ထို ကားပေါ်မှာတော့ သန်လျင်နည်းပညာတက္ကသိုလ်မှ ကျောင်းသူ ကျောင်းသား အမိကပါသည်။

အချို့က ဆွေမျိုးသားချင်း မိဘ တစ်ဦးစ နှစ်ဦးစ ပါလာကြသည်။ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူအပြင် ပုပ္ပါး သို့ပါ ခရီးစဉ်ဆွဲလာကြသည်။

ကျောင်းသားလူငယ်များဖြစ်သဖြင့် သူ့အစုနှင့်သူ နောက် ရင်းပြောင်ရင်း ကားပေါ်မှာ အချိန်ကို ကုန်လွန်စေသည်။ ကားပေါ်

မှာ ပုံမှန်ပြသနေသော မြန်မာဇာတ်လမ်းဗွီဒီယိုကို မည်သူမှ စိတ်မဝင်စား၊ ဖုန်းတစ်လုံးနှင့် သီချင်းနားထောင်သည်။

ဖုန်းပွတ်ကြသည်။ (၁၁၅)မိုင်စခန်းသို့အရောက် အဖော်အပါးသွားရန် အစာမြေစားရန် နာရီဝက်ဝင်ပြီး ရပ်နားပေးသည်။

စားသောက်ဆိုင်များအတွင်း ဝင်ပြီး မိုက်ဖြည့်ကြသည်။ နာရီဝက်အတွင်း ကားပေါ်ပြန်ရောက်ပြီး ကားများ ဆက်၍ ထွက်လာခဲ့ကြသည်။

အချိန်က အမှောင်ကြီးစိုးနေပြီ၊ လမ်းပေါ်မှာအဝေးပြေးကားကြီးများ မီးရောင်မှလွဲ၍ လမ်းမီးမရှိ၊ ကားအရှိန်ဘာဘာအားမှာ ယာဉ်အကူတစ်ယောက်က ထိုင်ပြီး ရေသောက်လိုက်၊ ကွမ်းယာဝါးလိုက်နှင့် စကားပြောရင်း ခရီးနှင်နေသည်။

နေ့စဉ် ညဉ့်နက်သန်းခေါင် မိုးချုပ်ကမိုးလင်း ကားမောင်းရင်း အချိန်ကုန်နေသဖြင့် အမှတ်တမဲ့ ငိုက်မြည်းသွားတတ်သည်။ ထိုကဲ့သို့မဖြစ်ရန် ယာဉ်အကူက အနီးကထိုင်ပြီး အိပ်မငိုက်အောင် စကားမရှိ၊ စကားရှာပြောပေးကြရသည်။

သူတို့ ကားနှစ်စီးကို အဝေးပြေးကားကြီးများက မီးအချက်ပေးပြီး ကျော်တက်သွားကြသည်။

ထိုစဉ် မီးရောင်အောက်မှာ ယုန်လေးတစ်ကောင်ဖြတ်ပြေး

သွားသည်။ ရှေ့ကားနှင့် သူတို့ကားကြားမှ လွတ်အောင် ဖြတ်ပြေးသွားသည်။

"ကိုယ့်ဆရာ...ဘီပ်မမြန်စေနဲ့..ဒီဝန်းကျင်မှာ တောကောင်လေးတွေ လမ်းပေါ်တက်လာတတ်တယ်"

"အကောင်ကြီးကြီး တိုက်မိတော့လဲ ..ကားပေါ်ဆွဲတင်သွားတာပေါ့"

ပြီးခဲ့တဲ့လက တောင်ကြီး အင်းလေးခရီးမှာ ကလောမရောက်ခင် လမ်းပေါ်မှာ တောဝက်တစ်ကောင်ကို ဝင်တိုက်မိလိုက်သည်။

ကားကလည်း အရှိန်လျှော့ပြီး ခပ်ဖြည်းဖြည်း အဆင်းလမ်းလေးအတိုင်း မောင်းလာစဉ် အရှိန်နှင့်ပြေးတက်လာသောတောဝက် ခပ်ရွယ်ရွယ်တစ်ကောင်ကို တိုက်မိပြီး ကားရှေ့ဘီးနှင့် တက်ကြိတ်မိလိုက်သည်။

ကားက ရုတ်တရက် စောင်းသွားသဖြင့် မှောက်ပြီထင်ပြီး ခရီးသည်များ ထအော်တော့သည်။

ကားက ဘာမှမဖြစ်ပဲ..ရပ်သွားသည်။ သူတို့ နှစ်ယောက်ကားပေါ်ကဆင်းပြီး ထိုတောဝက်အသေကောင်ကို အသေအချာပလတ်စတစ်စနှင့်ပတ်၍ ကားပေါ်တင်ခဲ့သည်။

အောင်ပန်းမှာ တစ်ထောက်နားသဖြင့် ပင်းတာယမှအပြန် စားသောက်ရန် စီစဉ်ထားခဲ့သည်။

ပင်းတာယကအပြန် နေ့လည်စာကို အောင်ပန်းမှာ တောဝက်သားနှင့် ထမင်းစားကြသည်။

သူတို့ ကားမောင်းသက်အတွင်း ထိုတစ်ကြိမ် ကားနှင့် တိုက်မိသော တောကောင်သားကို စားဖူးခြင်း ဖြစ်သည်။ ထို့နောက် ညခရီးမောင်းတိုင်း အကောင်ကြီးသားများ ကြုံရလေမလားဟု အတွေးတွေ ရောက်နေခဲ့သည်။

နောက် ကြာတော့ ထိုကိစ္စလည်း ခေါင်းထဲမရှိတော့၊ ရံဖန်ရံခါ ယုန်လေးများ၊ မြွေများ၊ မြွေပါများကို တိုက်မိကြိတ်မိသည်။

ကားနောက်ဖက်မှာ အော်ကြပြောကြ၊ ပြောင်ကြ၊ လှောင်ကြသည်။ အသံများ ငြိမ်သက်တုန်သည်။ အတော်များများ စောင်ခြုံပြီး အိပ်ကုန်ကြပြီ။

ကားလမ်းပေါ်မှာ လှုပ်ပြောများသည့် တစ္ဆေသရဲရန်ကလည်း ရှိသေးသည်။ ကားမောင်းသမား အတော်များများ ကြုံဖူးကြသည် ဟု ဆိုသည်။

အဝေးပြေး အမြန်လမ်းမကြီး စဖွင့်ကာတည်းက မကြာ

မဟာဆွေစာပေ

ခဏ ကားတိုက်ခြင်း၊ ကားမှောက်ခြင်းတို့ကြောင့် လူအတော်များများ သေကြေကြသည်။

ထိုအသေကောင်တို့၏ ဝိညာဉ်များ လမ်းကြီးပေါ်မှာ လွင့်မျောသွားလာနေကြသည်။ ထိုဝိညာဉ်တို့နှင့် အကြောင်းတိုက်ဆိုင်၍ ကြုံကြသူများ ရှိကြသည်။

ထိုစဉ် နောက်မှ အဝေးပြေး ကားတစ်စီး အချက်ပြပြီး လမ်းတောင်းသဖြင့် အရှိန်လျှော့ကာ လမ်းဘေးချပြီး မောင်းလိုက်သည်။

မကြာခင် ထိုအဝေးပြေးကား ကျော်တက်သွားသည်။

"ဆရာ..ရှေ့မှာ တံတားရှိတယ်"

"သိပါတယ်..ဒီနေရာရောက်ရင် လက်ကအလိုလို အသင့်အသင့်ဖြစ်နေတာ"

ထိုတံတား လက်ရမ်းနှင့် မကြာခဏ ကားကြီးကားသေး တိုက်မိသည်။ ပွတ်ဆွဲသည်။ အသက်တွေနှင့် အလျော်အစားလုပ်သော နေရာဖြစ်သည်။ တံတားကို ကျော်ပြီးနောက် ကားကို ပုံမှန်ဆက်မောင်းခဲ့သည်။

" ဟာ... လူ..လူ"

ကျွီ ဒုန်း

ဝုန်း..ကျွီ...

ကားရှေ့မှနေ၍ လူတစ်ယောက် ကုန်းကုန်းကွကွနှင့် ဖြတ်အဝင် ယာဉ်အကူက ထ၍အော်လိုက်စဉ် ဒရိုင်ဘာက ရုတ်တရက် ဘရိတ်ကို နင်းလိုက်သည်။

ကားက လူတစ်ယောက်ကို ဖြတ်ကြိတ်သကဲ့သို့ ခုန်သွားပြီး ဘရိတ်မိကာ ရပ်သွားသည်။

"ဘာဖြစ်တာလဲ"

"ကားဘီးပေါက်တာလား"

"လူတိုက်တာထင်တယ်"

အိပ်ငိုက်နေသူများ၊ အိပ်ပျော်စလူများ၊ ရုတ်တရက် ထင်ရာမြင်ရာ ထပြောနေသည်။

ဒရိုင်ဘာရော ယာဉ်အကူပါ ကားပေါ်က မဆင်းဝန့်သေး၊ ကားအောက်မှာ ပိုးစိုးပက်စက်သေနေသော လူကို မမြင်ဝန့်၍ ဖြစ်သည်။

"ဘာဖြစ်တာလဲဗျ"

ကားပေါ်မှ ကျောင်းသားမိဘတစ်ယောက်က လှမ်းမေးလိုက်သည်။

ဒရိုင်ဘာလည်း ပြန်မဖြေ၊ သူတို့ ဆရာတပည့်နှစ်ယောက်

ဓာတ်မီးကိုယ်စီကိုင်ပြီး အောက်ဆင်းကြသည်။

...ကားအောက်ကို မီးထိုးကြည့်သည်။

"ဒီဘက်မှာ မရှိဘူး"

"အဲဆို..တိုဘက်အခြမ်းမှာ သွားကြည့်"

ယာဉ်အကူက ကားကြီးတစ်ဖက်အခြမ်းမှာ သွားရှာကြည့်သည်။

"မတွေ့ဘူး"

ကားအောက်မှာလည်းမရှိ၊ ကားဘေးမှာလည်း အတိုက်ခံထားရသူကို မတွေ့၊ ကားလမ်းပေါ်မှာ သွေးတစ်စက်ပင်မတွေ့၊ သူတို့ စိတ်ထဲ ထူးဆန်းအံ့ဩနေသလို၊ တကယ့်လူစင်စစ်ကို တိုက်မိခြင်းမဟုတ်သည့်အတွက် စိတ်ထဲ စိုးရိမ်ထိတ်လန့်မှုကို လျော့ပါးသွားသည်။

ဒါပေမယ့် ကားက လူစင်စစ်ကို တိုက်မိခြင်း မဟုတ်ဘူးဆိုလျှင် နာနာဘာဝ တစ္ဆေသရဲတစ်ကောင်ကို တိုက်မိခြင်းဟု ဆုံးဖြတ်ပြီး...

"ကဲ..လူမဟုတ်ရင် သရဲကို တိုက်တာဖြစ်လိမ့်မယ်.. ရှေ့ကားက တော်တော်ရောက်သွားပြီ..နို့လဲသွားကြမယ်"

"ဟာ .. ဆရာ ... ကားဘေးကို အရိပ်မည်းမည်း

တွေ ကပ်လာနေတာ မြင်လိုက်တယ်”

“ဟုတ်ရဲ့လားကွာ… ငါက သရဲဆိုလို့ မင်းကပါ ပိုပြီ သရဲကိုမြင်လိုက်ပြန်ပြီ..လာတက်..သွားကြမယ်”

“ဆရာက ပြောရင်မယုံဘူး… အနည်းဆုံး မည်းမည်း အရိပ် ငါးခု..ခြောက်ခု မကမြင်လိုက်တယ်”

“လမ်းပေါ်မှာလား”

“လမ်းဘေးကနေ ကားဆီဝင်ကပ်လာတာ”

“ဟုတ်လို့လားကွာ”

“ဟုတ်ပါတယ်ဆို… ကားစီးမလို့များလား”

“ပေါက်ကရတွေမပြောနဲ့ သွားကြမယ်၊ ကားက လူမတိုက်မိလို့ တော်သေးတယ်၊ လူသာတိုက်မိရင် ဒီခရီးစဉ်တော့ ပျက်ပြီ”

“ကုမ္ပဏီက ကားအစားထည့်ပေးရမှာပေါ့”

“ကား ဘာမှ မဖြစ်လို့ တော်သေးတယ်၊ စောစောက အရှိန်နဲ့ ဘရိတ်နင်းလိုက်တာ… ကားလိမ့်သွားနိုင်တယ်”

“ဆရာပြောမှ … ရင်တောင်တုန်သွားပြီ”

“ပူး..ပူး…ပူး..”

“ဟင်… ဘယ်လိုဖြစ်တာလဲ”

ကားကို ရှေ့ခရီးဆက်ရန် စက်နှိုးလိုက်သည်။ ဘယ်လိုမှ မနိုး။

"မဟုတ်သေးပါဘူး...ဘာကြောင့်နိုးမရတာလဲ၊ လုပ်ပါဦး၊ အပြစ်လေးဘာလေးရှာပါဦး"

ယာဉ်အကူက စက်ဆရာတစ်ပိုင်း၊ ယာဉ်မောင်းတစ်ပိုင်း ဖြစ်သည်။ ပြစ်ချက်ရှာနေသည်။

"ဘာမှ မတွေ့ဘူး..အားလုံး အပျက်အစီးမရှိဘူး"

"ဒါဆို နှိုးမယ်"

ဝူး...ဝူး...ဝူး...

"ဟာ...ဟာ... ဘာဖြစ်တာလဲ"

ကားက စက်လည်းမနိုး၊ လူလည်းမတက်၊ ကားပေါ်က လူများလည်း လှုပ်ရှားမှုမရှိပဲ ဘယ်ညာလူးသွားသည်။

"ဆရာ...ဆရာ ကားဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"ဘယ်ညာယိမ်းသွားသလားလို့"

"အမှတ်တမဲ့ပဲ ... သတိမထားလိုက်မိဘူး"

ကျောင်းဆရာတစ်ယောက်က ကားယိမ်းထိုးသွားသည်ကို သတိထားလိုက်မိသဖြင့် ဒရိုင်ဘာအားလှမ်းမေးလိုက်သည်။

ဒရိုင်ဘာကလည်း အခြေမသိသော ကိစ္စကို ထင်ကြေး နှင့် မပြောချင်သဖြင့် စကားပြတ်သွားအောင် မသိဟု ဖြေလိုက် ခြင်းဖြစ်သည်။

ဒါပေမယ့် ကားစက်နှိုး၍မနိုးခြင်းက သူတို့အတွက် ထူးဆန်းနေသည်။

"ဒါ...ရိုးရိုးတော့ မဖြစ်နိုင်၊ ခုပေါ်ထိုင်ရင်း စဉ်းစားနေ သည်။ ယာဉ်အကူကလည်း စက်ပိုင်းဆိုင်ရာကော၊ လျှပ်စစ်ပိုင်း ဆိုင်ရာပါ ပြစ်ချက်မရှိဟု ဆိုသည်။

"တီ..တီ..တီ"

ဒရိုင်ဘာရှေ့မှ ဖုန်းမည်သံ ထွက်လာသည်။

"ကိုဘဝင်းဆက်တာ"

ဒရိုင်ဘာက ဖုန်းကောက်ကိုင်လိုက်သည်။

"ကား ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းမသိဘူး... ကားရှေ့က လူတစ်ယောက် ဖြတ်ဝင်လာပြီး ကားက အဲဒီဖြတ်ဝင်တဲ့လူကို တိုက်မိလိုက်တယ်၊ ဆင်းကြည့်တော့ ဘာမှမရှိဘူး ... ကားပြန်ထွက်မလို့ စက်နှိုး တာ... ဘယ်လိုမှ နှိုးမရဘူးဖြစ်နေတယ်"

"တင်ထွန်းကတော့ ကားနားကို အရိပ်မည်းမည်းတွေ

ဝင်ကပ်လာတာ မြင်တယ်လို့လဲ ပြောနေတယ်... အခု ကိုဘဝင်း တို့ကား .... ဘယ်ရောက်သွားပြီလဲ”

“ခင်ဗျားတို့ကား ပါမလာလို့ ရပ်စောင့်နေတယ်၊ ရှေ့ တစ်မိုင်လောက်ကွာမယ်ထင်တယ်၊ ခင်ဗျားတို့ကား မီးရောင်ကို ရေးရေး မြင်နေရတယ်”

“ခင်ဗျားတို့ကားမှာ စားစရာသောက်စရာတွေ ပါလို့များ လား”

“စားစရာ သောက်စရာပါတာ အထူးအဆန်းလား”

“မဟုတ်သေးဘူး..ခါတိုင်းပါတာ အကြောင်းမဟုတ် ပေမယ့်..စားချင်သောက်ချင်တဲ့အကောင်နဲ့ စားစရာပါတဲ့အချိန် တိုက်ဆိုင်သွားရင် ဖြစ်ချင်ဖြစ်မှာပေါ့၊ ကားမှာ ပြစ်ချက်မရှိဘူး ဆိုရင် ...ကျွန်တော်ပြောတာဖြစ်ချင် ဖြစ်နိုင်တယ်..ခင်ဗျား လူတွေ ကို မေးကြည့်ပါလား”

“ဟင်...မေးကြည့်လိုက်မယ်”

“အကြောင်းထူးရင် ဖုန်းပြန်ဆက်လိုက်”

“ကောင်းပြီ”

ရှေ့ကားမှ ဖုန်းချသွားသဖြင့် ဖုန်းကို နေရာတကျ ပြန် ထားလိုက်ပြီး....

"ကဲ…အခု ကားပေါ်မှာပါလာတဲ့ ဆရာ၊ ဆရာမတို့ ကျောင်းသားတို့ … ကားပေါ်မှာ ဟင်းတွေဘာတွေ ထည့်ပြုလာတာများရှိလား"

"ဘာဖြစ်လို့လဲ… ကားဆရာ"

"ကားက စက်မပျက်ပဲ ထိုးရပ်နေလို့ ဘယ်လိုနှိုးနှိုး စက်ကမနိုးဘူး… အဲဒါကြောင့် မေးရတာ…"

"ဟင်..သရဲ..သရဲ…လား"

"အဲဒါတော့ အတတ်ပြောလို့မရဘူး..ဖြစ်နိုင်တာ အားလုံး စဉ်းစားရမှာပဲ..ဒီလမ်းတွေမှာ သွားလာရင်..အစားအသောက်မယူရဘူးလို့ သတ်မှတ်ချက်တော့ မရှိဘူး"

"ဒါပေမယ့် စားချင်သောက်ချင်တဲ့ အကောင်နဲ့ တိုက်တိုက်ဆိုင်ဆိုင် သွားကြုံတဲ့အခါဆိုရင်တော့ မထင်မှတ်ထားတာတွေ ဖြစ်တတ်တယ်"

"ကားအဆင်ပြေပြေ သွားလို့ရအောင်..အတတ်နိုင်ဆုံး လိုက်လျောပေးကြပါ"

"တို…တို… အုပ်စု…ယိုးဒယားအာကင်လုပ်စားမလို့ အသားစိမ်းဗူးတွေ ပါတယ်မဟုတ်လား"

"ဘာ…အသားစိမ်း ဟုတ်လား"

"ညအိပ်မယ့်နေရာမှာ ညဘက် အသားငါးကင်ပြီး စားရအောင် အမဲသား၊ ဝက်သား၊ ကြက်သား၊ ပုဇွန် အအေးခံ ဗူး သုံးဗူးနဲ့ ထည့်လာခဲ့တယ်"

"ယိုးဒယား အကင်လုပ်စားကြမလို့ ဂက်(စ်)မီးဖိုအသေး လေး နှစ်လုံးပါ...ပါလာတယ်"

"ဟင်..အဲဆို ဟင်းပါလို့မဖြစ်နိုင်ဘူး... သားစိမ်း...ငါး စိမ်းဗူးတွေပါလို့ ဆိုတာ ကျိန်းသေသွားပြီ"

"အောက်ကို တစ်ယောက်လိုက်ခဲ့ပြီး၊ ဗူးတွေကို ပြပေး ပါ"

"ဟင်... ဘာလုပ်မလို့လဲ"

"ရှေ့ခရီးဆက်ချင်ရင်..ဗူးထဲက သားစိမ်းတွေကို သွန် ထားခဲ့ရမယ်"

"ဟင်...နှမြောစရာကြီး"

ကျောင်းသူလေးများက သူတို့ အစီအစဉ်ပျက်ပြီ မှန်း သိ၍ နှမြောတသစွာ ပြောလိုက်သည်။

ဒရိုင်ဘာနှင့်အတူ ဆရာမတစ်ယောက် ကားပေါ်မှ အောက်သို့ ဆင်းသွားသည်။ ယာဉ်အကူက ကားအောက်မှ ပစ္စည်းထည့်သော အခန်းတံခါး သော့ဖွင့်လိုက်သည်။

အဖုံးကို အပေါ်သို့ မတင်လိုက်ပြီး အတွင်းသို့ ဓာတ်မီး ထိုးပြသည်။ အတွင်းမီးလုံးလည်း လင်းနေသည်။

ဓာတ်မီးနှင့် လိုက်ထိုးကြည့်သည်။

"ဟို ရေခဲဗူး သုံးဗူးမဟုတ်လား ဆရာမ"

"ဟုတ်တယ် အဲဒီသုံးဗူးပဲ"

"ဟိုမှာ တစ်ဗူး...က ဘာလဲ၊ ဆရာမတို့ ဗူးမဟုတ် ဘူးလား"

"မဟုတ်ဘူး..အထဲဘာပါလဲ ဖွင့်ကြည့်ပါလား၊ ကျောင်း သားမိဘတွေပစ္စည်း ဖြစ်မယ်ထင်တယ်"

ကားအောက်ခန်းထဲဝင်ပြီး ဗူးသုံးဗူးကို ဆွဲထုတ် လိုက်သည်။ ကျန်တစ်ဗူးကို ဖွင့်ကြည့်သည်။

"ဒီဗူးထဲမှာလဲ...သားစိမ်းငါးစိမ်တွေပဲ"

တစ်မျိုးစီကို ပလပ်စတစ်များနှင့် ပတ်ထားသည်။

ထိုဗူးကိုပါ အပြင်သို့ ကမ်းပေးလိုက်သည်။

ထိုဗူးလေးဗူးကို ကားလမ်းဘေးယူသွားပြီး သွန်ချလိုက် သည်။

"ဟင်...ကား...က..ကြီး လှုပ်သွားတယ်"

ကားပေါ်ရောက်နေသည့် နာနာဘာဝကောင်များ ကား

ပေါ်မှ အပြေးအလွှား ဆင်းကုန်သည်လားမသိ၊ ကားကြီးယိမ်း ထိုးသွားသည်ကို သိလိုက်သော ကားပေါ်မှလူများ ထအော်ကြ သည်။

ဗူးလေးဗူးလုံးသွန်ပစ်လိုက်ပြီး ဗူးလွတ်များကို ကား ဖိုက်အောက်အခန်းထဲ ပြန်သွင်းပြီး တံခါးပြန်ပိတ်လိုက်သည်။

"ကဲ စားချင်တာ စားရပြီ..ကားကို မနှောက်ယှက်နဲ့ တော့..."

ဒရိုင်ဘာက ထိုကဲ့သို့ အသံခပ်ကျယ်ကျယ် လှမ်းပြော ပြီး ကားပေါ်တက်လိုက်သည်။

"ကဲ...ဆရာ... စက်နှိုးကြည့်ပါဦး"

ဝူး

"ဟာ...တော်ပါသေးရဲ့"

ကားက ထစ်ချက်နှိုး .. တစ်ချက်တည်းနဲ့ နိုးသွား တော့သည်။

ကားကို ဆက်ပြီး မောင်းထွက်ခဲ့သည်။

ယိုးဒယားအကင်လုပ်စားချင်၍ တကူးတက သားငါး များသယ်ဆောင်လာခဲ့သည့် ကျောင်းသူလေးများလည်း သွန်ပစ် ခဲ့ရသော သူတို့ပစ္စည်းများကို နှမြောတသစွာနှင့် ရှိကြသော်လည်း

မိုးဓာတ်

တစ္ဆေသရဲရန်က လွတ်လာသည့်အတွက် တစ်ယောက်ကို တစ်ယောက် အပစ်ဖို့ စကားဆိုရင်း ကားပေါ်မှာ လှုပ်လှုပ်ရှားရှား ရှိနေတော့သည်။

* * * * * * * * * *

မိုးဘိဆွေစာပေ

## အပြောင်အပျက်မလုပ်နဲ့

"အမေ..မပြီးသေးဘူးလား..ကျောင်းတက်ခေါင်း လောင်းထိုးတော့မယ်"

"မိသိန်း ခဏလောက်စောင့်ဦးဟေ့ ..အမေထမင်းချိုင့် ထည့်နေလို့"

"ဒီလောက်လောနေတာ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ တော့ဘူး၊ သွားချင်သွားတော့..နေ့ကျောင်းဆင်းကာနီးမှ လာပို့ ပေးမယ်"

ဒီနေ့မှ ဟင်းချက်နောက်ကျသွားသည်။ သမီးဖြစ်သူ တင်တင်အေးက ငါးတန်း၊ အငယ်ကောင် မောင်ထွေးက နှစ်တန်း၊ ကျောင်းသားနှစ်ယောက်အတွက် ထမင်းချိုင့် တစ်ချိုင့်စီ ထုပ် ပေးရသည်။

မဟာဒေဝီစာပေ

ဟင်းအိုးကို ချပြီး ထည့်မည်လုပ်နေစဉ် အပြင်မှ သမီးဖြစ်သူ အလောတကြီးဖြစ်နေသည့်အတွက် အငွေ့တထောင်း ထောင်းဟင်းကို ချိုင့်ထဲ ခပ်ထည့်လိုက်ရာ လက်ပူပြီး လက်ထဲမှ လွတ်ကျသွားရသည်။

ချိုင့်ကို ရေပြန်ဆေးပြီး လက်ခုနှင့် ကိုင်ထည့်ရသည်။ ငါးရံ့ငါးတုံး တစ်တုံးစီ ထည့်ပေးလိုက်သည်။

ငါးရံ့ကို ချဉ်ပေါင်ရွက်နှင့် ချက်ထားသည်။

"ကဲ ပြီးပြီ ကျောင်းတက်ဖို့ လိုပါသေးတယ်၊ ကျောင်းမှာ ကမြင်းကျော ထချင်လို့ အသည်းအသန်ဖြစ်နေတာမဟုတ်လား"

"ကြည့် တစ်ရွာလုံး ကျောင်းသားမှန်သမျှ ကျောင်းရောက်ကုန်ပြီ..သမီးတို့ မောင်နှမနှစ်ယောက်ပဲ ကျန်တော့တယ်"

"ဟဲ့..မောင်ထွေး ဘောင်းဘီမလဲသွားဘူးလား..အဲဒါ မနေ့က ဝတ်ထားတာ မဟုတ်လား"

"အမေ့သားက ကျောင်းဝတ်ဝင်ရင် ကောင်းကောင်း မဝင်ဘူး...ကစားပြီးမှဝင်တာ..သူတို့ တစ်တန်းလုံး ညစ်ပတ်နေတာ"

"ကဲ..သွားကြ..ကျောင်းရောက်ချင်ဇောနဲ့ မြန်မြန်မသွားနဲ့...လဲလို့ကတော့ ထမင်းဝတ်ပြီမှတ်"

"နေ့ခင်း ပြန်စားမှာပေါ့"

မိုးဝေ မြတ်ဆေးတာပေ

"ဟဲ့.. အိမ်ပြန်ဖို့ စိတ်မကူးနဲ့ ..တဲကို ထမင်းတောင်း သွားပို့ရင် ညနေမှ ပြန်လာမှာ"

မမြရီ လှမ်းပြောလိုက်သည့် စကားကို တင်တင်အေးတို့ မောင်နှမ မကြားတော့။ ကျောင်းသို့ သုတ်ခြေတင်ပြီး သွားကြသည်။

ကလေးတို့ သဘာဝ၊ ရသည့်အချိန်ရသရွေ့ ကစားကြသည်။ ကျောင်းတက်ရန် နာရီဝက်ခန့် လိုသေးသော်လည်း ကျောင်းမှာ မကစားရမှာစိုးသဖြင့် မိခင်ဖြစ်သူကို အတင်းလော နေကြခြင်းဖြစ်သည်။

တင်တင်အေးတို့ အိမ်နှင့် ကျောင်းက ငါးမိနစ်ခန့် လျှောက်ရုံနှင့်ရောက်သည်။ မိုးကုန်၍ စပါးရိတ်သည်နှင့် လယ်သမား ကိုင်းသမားမှန်လျှင် အိမ်ကိုပိတ်ကာ လယ်ကွင်းထဲ ရောက်နေ ကြပြီ။

ကျောင်းသားရှိသောမိဘများက ထမင်းချိုင့် ထည့်ကာ ပေးလိုက်ကြသည်။ နေ့ခင်းဆို အိမ်မှာ လူမရှိ။ မိုးတွင်း လူကြီး များ အိမ်ကပ်နိုင်သည့်အချိန်မျိုးမှ ကျောင်းသားလေးများ နေ့လည် က အိမ်ပြန်စားခွင့်ရကြသည်။

အချိန်တစ်နာရီ ထမင်းစား ချိန် ကျောင်းလွှတ်ပေးထား သဖြင့် ပြန်စား၍ အချိန်မီသော ကျောင်းသားလေးများ အိမ်ပြန်

စားကြသည်။

ကိုင်းစိုက်ရာသီရောက်သည့်အခါ တစ်ရွာလုံး နေ့လည် ညနေ မီးခိုးတိတ်၊ တံခါးပိတ်ပြီး လယ်ထဲ ရောက်နေတတ်သည်။

တင်တင်အေးတို့ မောင်နှမ ကျောင်းသို့ရောက်လာသည်။ ထမင်းချိုင့်နှင့် လွယ်အိတ်ကို ကျောင်းထဲအပြေးအလွှား ဝင်ထားပြီး ကစားကွင်းရှိရာသို့ ပြန်ထွက်လာကြသည်။

ကျောင်းက အလယ်တန်းကျောင်းဖြစ်သဖြင့် ကျောင်းသား ငါးရာကျော်ရှိသည်။ ကျောင်းသားကြီးများက မကစားကြ၊ အတန်းထဲမှာသာ အချိန်ဖြုန်းနေကြသည်။

နေ့ခင်း ထမင်းစားတော့ တင်တင်အေးနှင့် မိငြိမ်း၊ စုစုအေး၊ အေးချစ်တို့ လေးယောက် ချိုင့်ကိုယ်စီဖွင့်ပြီး စုစား ကြသည်။

လယ်ကွင်းထဲက ကျောင်းလာတက်သော အေးချစ်က ကြွက်သားကြော်ပါလာသည်။

အားလုံး အေးချစ်ဟင်းချိုင့်ကို ဝိုင်းနှိုက်စားကြသဖြင့် စောစောကုန်သွားသည်။

"ဟယ်..ငါ့ဟင်းတွေ...အကုန်ဝိုင်းနှိုက်တာ ကုန်သွားပြီ.. နင်တို့ဟင်းတွေ ငါ..အကုန်ပြန်စားမယ်"

"စားလေ…ငါတို့ ..ကြွက်သားစားချင်တာ အခုမှ စားရတာ..တကယ်စားကောင်းတယ်"

"ငါက အမေ့ကို များများထည့်ခိုင်းတာ…တိုခွဲ ဒီခွဲနဲ့.. ငါ့အတွက် များများ မထည့်နိုင်ဘူးဖြစ်သွားတယ်"

"အဲမှာ ဘယ်သူတွေရှိလို့ တိုခွဲဒီခွဲလုပ်ရတာလဲ …တဲမှာ နင့်အဖေရယ် အမေရယ် ကျောင်းမနေသေးတဲ့ နင့်ညီမ သုံးယောက် ထဲ ရှိတာမဟုတ်လား"

"ဟုတ်တယ်..ဒါပေမယ့် ငါ့အတွက် ဟင်းခူးခပ်ထည့် တော့ အမေက သူတို့အတွက် ချန်ထားတဲ့ ဟင်းပန်းကန်ကို မနိုက်စားနဲ့ ဘုရားဆွမ်းတော်တင်ရဦးမယ်တဲ့…ပြီးတော့ ဖက်ထဲမှာ ထမင်းတစ်ပုံနဲ့ ဟင်းထည့်ပြီး ငါ့ကို ကွင်းပိုင်တင်ခိုင်းတယ်"

"နင်က ကွင်းပိုင်တင်တတ်လား"

"အဖေတို့ အမေတို့က စားဦးစားဖျား အမြဲတင်နေကျ လေ…ငါလည်း သိနေတာပေါ့..အမေတို့ မအားရင် တင်ခိုင်းနေကျ၊ အဲဒါကွင်းပိုင်အဘိုးအတွက်လည်း ကြွက်သားဟင်းနဲ့ တင်ရ သေးတယ်"

"ကွင်းပိုင်အဘိုးရဲ့ နောက်လိုက်နောက်ပါတွေလဲ ကွင်းပိုင် ကိုတင်ပြီးပြီဆိုရင် သူတို့ကိုလဲ စားပါသောက်ပါဆိုပြီး ပြောဆိုရ

သေးတယ်၊ ပြီးမှ ...တဲပေါ်ပြန်တက်ရတယ်"

"ငါ...ဒီမနက် ကျောင်းမလာခင် ကြွက်သားဟင်းနဲ့ ကွင်းပိုင်ကြီးနဲ့ နောက်လိုက်နောက်ပါတွေကို တင်ခဲ့ရသေးတယ်။ အကြောင့် ဟိုခွဲ ဒီခွဲနဲ့ ငါ့ ဟင်းချိုင့်ထဲ ဟင်းနည်းသွားတာကို ပြောတာ"

"ငါတို့တော့ တစ်ခါမှ မတင်ဖူးဘူး...နင်အဲဒီကွင်းပိုင်ကြီး ကို မြင်ဘူးလား"

"မမြင်ဖူးဘူး"

"ရှိမယ်မထင်ပါဘူး...ကွင်းပိုင်ရဲ့နောက်လိုက်ဆိုတဲ့ သရဲ တွေလဲ ရှိမယ်မထင်ဘူး...ဒီတစ်ခါ စားဦးစားဖျား တင်နိုင်းရင် ရှိတယ်ဆို မြင်အောင်ပြပါလို့ ပြောကြည့်ပါလား"

"ဟယ်...တင်တင်အေးက မဟုတ်တာပြောရော့မယ်၊ ငါဆို...ပြနိုင်းမှာပဲ ... နောက်လိုက်သရဲတွေကိုလဲ ပြနိုင်းမှာပဲ"

"နင်မကြောက်ဖူးလား"

"သရဲဆိုရင်တော့ ကြောက်တာပေါ့...အမေတို့က ပြော တယ်၊ သရဲတစ္ဆေက ညမှ ထွက်တာတဲ့..နေ့ခင်းဆို သရဲတစ္ဆေ မထွက်ဘူးတဲ့ ..သူတို့က အလင်းရောင်ကြောက်တာယ်၊ အဲဒါ ကြောင့် နေ့ဘက် ဟင်းတွေထမင်းတွေ တင်လဲ လာစားမှာ

မဟုတ်ဘူး”

စကားပြောရင်း ထမင်းစားနေကြရာ ပါသမျှ အားလုံး ကုန်သွားသည်။

ကျောင်းရှေ့က ရေတွင်းမှာ ချိုင့်များကို သွားဆေးလိုက်ကြသည်။

ထမင်းစားပြီးတော့ အချိန်နာရီဝက်ခန့် ရသေးသည်။ သို့ကြောင့် ကျောင်းရှေ့ ကစားကွင်းသို့ တင်တင်အေးတို့ သူငယ်ချင်း တစ်စု ထွက်လာကြသည်။

xxxx

စနေနေ့ ကျောင်းပိတ်သည်။ တဲမှာ အလုပ်မရှိသဖြင့် အမေက ထမင်းဟင်းချက်သည်နှင့် တောင်းထဲထည့်နေသည်။

“ကဲ... ဆောင်းစရာတွေ ယူကြ..သွားကြမယ်”

တင်တင်အေးတို့ မောင်နှမနှစ်ယောက်လည်း တဲသို့ လိုက်သွားကြမည်။ ညနေမှ ပြန်လာကြမည်ဖြစ်သည်။

မိခင်ဖြစ်သူက ထမင်းတောင်းရွက်သည်။ တင်တင်အေးက မောင်ထွေးအား လက်ဆွဲပြီး နောက်မှလိုက်ခဲ့ကြသည်။

ရွာကထွက်သည်နှင့် လယ်ကွင်းတပြင်လုံး စပါးခင်းများ မရှိတော့၊ စပါးနှံကောက်လှိုင်းစည်းများ တလင်းထဲ လှည်းနှင့်

တိုက်သွင်းပြီး ပုံထားပြီးပြီ။

လယ်ကွင်းထဲမှာ နွားမောင်းသံ၊ အော်သံ ဖောက်သံ မြိုင်မြိုင် ကြားနေရသည်။ စပါးသိမ်းပြီး ကိုင်းစိုက်၊ ထယ်ထိုး၊ ထွန်ဆွဲ၊ ကြမ်းတုံးရိုက်နှင့် အောက်စမ်းမပြတ်ခင် အားချင်းလုပ်ကိုင်နေကြသည်။

တင်တင်အေးတို့ လယ်ကွင်းသို့ ရွာမှ နာရီဝက်ခန့် လျှောက်လာကြရသည်။ တဲရောက်တော့ ဖခင်ဖြစ်သူက ခါးကြမ်းတုံးရိုက်နေသည်။

ထယ်ထိုးပြီး နေတစ်ရက်လှမ်းထားသော ထယ်မြေစာခဲများကို ကြေမွသွားစေရန် ဆယ်ခြောက်သွား တပ်ထားသော ကုက္ကိုသားအနှစ်တုံးကို နွားဖြင့် ဆွဲစေပြီး တစ်လှည့်စပ်သွားအောင် ရိုက်ရသည်။

မကြေမညက်မြေစာခဲများကို ထွန်နှင့် ပြန်၍ ဖွကာ ကြမ်းတုံးတစ်ပြန်ရိုက်ရသေးသည်။

မြေစာခဲများ မှုန့်မှုန့်ညက်ညက်ဖြစ်သွားလျှင် မြောင်းဆွဲပြီး ရေတ်၊ မြေပဲ၊ ပြောင်း၊ ဆေးရွက်ကြီး စိုက်လိုရာ စိုက်၍ ရတော့သည်။

တင်တင်အေးတို့ သားအမိ ထမင်းတောင်းကို တဲအတွင်း

မဟာဆေးစာပေ

မှာ ဝင်ထားပြီး လယ်ကွက်ထဲဆင်း၍ မြေဇာပေါင်းမြက်များ
တောင်းထဲကောက်ထည့်ကာ ကန်သင်းရိုးပေါ် သွားပုံကြသည်။

မြေဇာအမြစ်များ မြေကြီးထဲ ကျန်ခဲ့ပါက ကိုင်းပင်များ ကြီးထွားလာသည်နှင့် အမျှ သူတို့ကလည်း ရှင်သန်ကြီးထွား လာကြသည်။

အမြစ်များခြောက်ရန် နေသုံးလေးရက် ကန်သင်းရိုးပေါ် တင်လှမ်းပြီးမှ မီးရှို့ပစ်ရသည်။

ဆယ့်တစ်နာရီခွဲပြီးတော့ ဖခင်ဖြစ်သူ ကြမ်းတုံးရိုက်ခြင်းကို ရပ်နားလိုက်သည်။

တင်တင်အေးတို့ သားအမိက တဲထဲ ပြန်ရောက်နေကြ သည်။ တဲက ယာယီတစ်ဖက်ရပ် မြေစိုက်တဲဖြစ်သည်။ နွေအခါ နားနားနေနေ နေထိုင်ပြီး မိုးအခါ ထိုတဲကို ဖျက်လိုက်သည်။

လူတစ်ယောက် နှစ်ယောက် ညအိပ်ရန် စင်ထိုးထားပြီး ရှေ့ဘက်ကို ဓာနဖျင်းထိုးထားသည်။ ထိုဓာနဖျင်းအပေါ်မှာ ဘူးပင် ကို တင်ထားသည်။

ဘူးညွန့်ဘူးသီးပေါ်များစွာ စားသုံးရသလို အေးမြသော အရိပ်ကိုလည်း ရစေသည်။

ဘူးစင်အောက်မှာ ထမင်းဝိုင်းဖွဲ့ စားကြသည်။ ဖျာကြမ်း

မိုးကောင်းဇာတေ

ခင်းပြီး နေ့ခင်းပိုင်း တစ်ရေးတစ်မော ကျောဆန့် အိပ်ကြသည်။

ညနေနှစ်နာရီကျော်မှ လယ်ကွင်းထဲ ပြန်ဆင်းကြသည်။

"ဟဲ့ မောင်ထွေး...။ မင်းအဖေကို အသံပြုလိုက် ထမင်းပြင်ပြီးပြီလို့"

မောင်ထွေးလည်း နွားရေတိုက်ပြီး ကန်သင်းရိုးအနီးမှာ နွားလှန်နေသော ဖခင်ဖြစ်သူကို လှမ်း၍ အသံပြုလိုက်သည်။

"တင်တင်အေး ... လာဦး ခဏ"

"ရော့ ဒီငှက်ပျောဖက်ယူသွား..ပန်းကန်ထဲကို ထမင်းနဲ့ ဟင်းထည့်ပုံပြီး အဘိုးကွင်းပိုင်ကြီးကို တင်မြှောက်ပသပါတယ်၊ လာပြီး သုံးဆောင်ပါလို့ ပြောပြီး ကန်သနိးရိုးပေါ် တင်ထားခဲ့"

"ငှက်ပျောဖက်ထဲ တစ်ခါထဲ ပုံထည့်လိုက်ရမလား"

"ပန်းကန်အတိုင်း တင်ထားလိုက်ဦး၊ ငှက်ပျောဖက်ကို ဘေးမှာ ထားခဲ့"

တင်တင်အေးလည်း မိခင်ခိုင်းသည့်အတိုင်း ထမင်းဟင်း ပုံထည့်ထားသော ပန်းကန်ကို ကန်သင်းရိုးပေါ်တင်ပြီး ပါးစပ်မှ အဘိုးကွင်းပိုင်အား ပြောဆို ဆက်သနေသည်။

ပြောဆိုမှုပြီးသည်နှင့် တဲထဲပြန်ဝင်လာခဲ့သည်။

"ကဲ တင်တင်အေး..ပန်းကန်သွားယူလိုက်၊ ပန်းကန်

ထဲက ထမင်းတွေ ဟင်းတွေ ငှက်ပျောဖက်ထဲ ပုံထည့်လိုက်"

"အဘိုးရဲ့ နောက်လိုက်နောက်ပါတွေ စားကြသောက်ကြပါလို့ ပြောဆိုခဲ့"

"ဘာလဲ အဘိုးရဲ့ နောက်လိုက်နောက်ပါတွေက သရဲတွေလား အမေ"

"တယ် ဒီကောင်မလေး ခိုင်းရင်ခိုင်းတဲ့အတိုင်း လုပ်လိုက်တာ မဟုတ်ဘူး၊ စကားကြောရှည် နေရသေးတယ်"

တင်တင်အေးလည်း ကန်သင်းရိုးပေါ်မှ ပုဂံကို ယူလိုက်ပြီး

"အဘိုး သုံးဆောင်ပြီးပြီဆိုရင် အဘိုးရဲ့ တပည့်နောက်လိုက်များ အားရပါးရ သုံးဆောင်ကြပါ"

ပြောဆိုပြီး ငှက်ပျောဖက်ပေါ်ပုံပြီး တဲထဲပြန်ဝင်လာခဲ့သည်။

လက်ဆေးပြီး ထမင်းဝင်စားသည်။

ပဲပုပ်၊ ငါးခြောက်ကို ခရမ်းချဉ်သီးနှင့် ချက်ထားသည့် ဟင်းတစ်ခွက်နှင့် ငါးပိရည်တို့စရာ သာပါသည်။

ထမင်းစားပြီး နာရီဝက်ပင်မကြာ၊ တဲအတွင်းမှာ အားလုံး နီးပါး အိပ်ပျော်ကုန်ကြပြီ၊ နေ့နှစ်နာရီခန့် ဖခင်နှင့် မိခင်တို့ နိုးလာသည်။ ညနေငါးနာရီခန့် ရောက်တော့ အလုပ်သိမ်းပြီး ပြန်ရန်ပြင်ကြသည်။

"တင်တင်အေး မောင်လေးကို လက်ဆွဲပြီး ရှေ့ကသွား နှင့်"

ဖခင်ဖြစ်သူက နွားနှင့် လယ်ထဲမှာ ညအိပ်မည်။ ညနေပိုင်း အိမ်ပြန်ပြီး ထမင်းစားဦးမည်၊ ပြီးမှ..တဲပြန်လာပြီး စပါးပုံများ ကို စောင့်ရင်း အိပ်မည်ဖြစ်သည်။

တင်တင်အေးက မောင်တွေးအား လက်ဆွဲပြီး တဲအပြင် ထွက်လိုက်သည်။

ကန်သင်းရိုးပေါ်မှာ နေ့ခင်းက ပုံထားသော ထမင်းနှင့် ဟင်းအနည်းငယ်တွေ့လိုက်သည်။ တဲမှာ ခွေးမရှိပေမယ့် တဲနီး နားချင်း ခွေးများ ဖြတ်သွားဖြတ်လာရှိသည်။ ထိုခွေးများ သွား လာရင်း ထမင်းပုံကို စားသွားနိုင်သည်။ လယ်ကြွက်များကလည်း စားနိုင်သည်။ ငှက်များလည်းစားသွားနိုင်သည်။ ဖက်ထဲမှာ အနည်းငယ်သာ ကျန်ခဲ့သည်။

"ဒါ..သရဲစားသွားတာဖြစ်မယ်၊ မဝသေးဘူးလား၊ စား ချင်ရင် အိမ်လိုက်ခဲ့လေ"

"ဟဲ့....မိတင်အေး ...ဘာပြောလိုက်တာလဲ"

"အော်... သမီး နေ့လည်ကကျွေးတာ စားလို့မဝသေး ရင် အိမ်မှာ လိုက်စားလို့ ပြောလိုက်တာ"

မိုးဆောတလ

"ဟာ..ဒီကောင်မလေး..တော်တော်ပေါက်ပေါက် ရှာရှာ ပြောတယ်...သွားသွား..ကလေးစကား..အမှန်မမှတ်နဲ့...သွား သွား"

မိခင်ဖြစ်သူက စိုးရိမ်စွာပြောပြီး ထိုနေရာက ထွက်လာခဲ့သည်။ ဖခင်ဖြစ်သူက တဲအတွင်းက လိုက်မလာသေး၊ နွားများကို မြက်များ ပုံကျွေးနေသည်။

"နောက်ကို ..ပြောကောင်းမှန်းမသိ၊ မပြောကောင်းမှန်း မသိ၊ ပြောချင်ရာ လျှောက်မပြောနဲ့နော်..သေသေချာချာ မှတ်ထား"

မိခင်ဖြစ်သူပြောစကား ကြားသည်လား၊ မကြားသည်လား မသိ၊ မောင်ဖြစ်သူနှင့် အုတ်ူ အနီးက အပြေးထွက်သွားကြသည်။

"ကိုစိုးမြင့် ရှင့်သမီးနဲ့ သားကို အော်ပါဦး ချော်ချက် လဲနေမှဖြင့် "

နောက်ကမှီလာသော ခင်ပွန်းဖြစ်သူအား ရှေ့ကအပြေး သွားနေသော ကလေးများအား လှမ်းဟန့်တားစေလိုက်သည်။

"ဟေ့...မောင်ထွေးတို့ ခဏရပ်ဦး..အမေ တို့ကို စောင့်ဦး"

မိသားစုအားလုံး ရွာထဲဝင်လာကြသည်။

အိမ်ရောက်တော့ မီးအမြန်မွှေးပြီး ထမင်းတစ်အိုး တည်

သိုက်သည်။

ကိုစိုးမြင့်တို့ သားအဖသုံးယောက် ရေသွားချိုး နေကြသည်။ မနက်က ပဲပုပ်နှင့် ငါးခြောက်ချက်တစ်ပန်းကန် ကြောင်အိမ်ထဲမှာ ထားခဲ့သည်။

ကြက်ခြံထဲဆင်းပြီး ကြက်ဥသုံးလုံး နှိုက်ယူခဲ့ကာ ပန်းကန်ထဲဖောက်ထည့်ပြီး ကြက်ဥမွှေကြော် ကြော်လိုက်သည်။ ထမင်းလည်း ကျက်ပြီ၊ ကြက်ဥလည်း ကြော်ပြီးပြီ၊ မီးခဲကို လျှော့လိုက်ပြီး ငပိရည်အိုး မီးဖိုပေါ်တင်ထားပြီ ရေတစ်ခွက် သောက်လိုက်သည်။

ထို့နောက် ရေချိုးရန် ထွက်လာခဲ့သည်။

ရေချိုးပြီး မကြာခင် ထမင်းဝိုင်းပြင်ကာ စားကြသည်။ တင်တင်အေးက ထမင်းတစ်ပန်းကန်စားပြီး ဝိုင်းနောက်သို့ ဆုတ်ထိုင်ကာ ဇက်ကျိုးသကဲ့သို့ ပုံစံမျိုးနှင့် ထိုင်နေသည်။

"ဟဲ့ ကောင်မလေး..လက်သွားဆေးလေး...ဘာထိုင် လုပ်နေတာလဲ"

ကိုစိုးမြင့်က သမီးဖြစ်သူအား အော်ငေါက်ပြောပေမယ့် တင်တင်အေး လေးက မော့ရှုပင်မကြည့်၊ ခေါင်းကို ငုံ့ထားသည်။

"ဟဲ့ ဘာဖြစ်နေတာလဲ..ဖေ့ကိုမော့ကြည့်စမ်း"

"တင်တင်အေးက ဆတ်ကနဲ မော့ကြည့်လိုက်သည်။ မျက်လုံးက မျက်မှောင်ကုတ်ထားသည်။ ပြီးသည်နှင့် ခေါင်းကို ပြန်ငုံ့ထားသည်။

"ဒီကောင်မလေး ဘာဖြစ်သွားတာလဲ"

"ဟီး...ဟီး...ဟီး.."

ရုတ်တရက် ထငိုပြန်သည်။

"ဟဲ့...တင်တင်အေး ဘာဖြစ်တာလဲ"

မေးလို့မဖြေ..ငိုရှိုက်နေသည်။

"ဒီကောင်မလေး...လမ်းမှာ ဘာဖြစ်လာလို့လဲ"

"ဘာမှမဖြစ်ပါဘူးတော်..ပြေးလွှားနေလို့ ချော်လဲ မယ်စိုးရိမ်နေတာ ဘာမှ မဖြစ်ဘူး"

"အဲဆို ဘာများဖြစ်သွားတာလဲ ..ထမင်းစားနေရင်း ရုတ်တရက်ဖြစ်သွားတာ၊ နည်းနည်းတော့ ဆန်းတယ်"

"ကဲ..ထမင်းစားပြီးပြီ ဆိုလဲ သိမ်းလိုက်တော့မယ်... ရှင့်သမီးကို ကြည့်ထားဦး"

မမြရီက စားပြီး ပန်းကန်များထပ်ပြီး မီးဖိုထဲ ဝင်သွားသည်။

ထမင်းစားခုံကို ကိုးစိုးမြင့်က ဆွဲထောင်လိုက်သည်။

"ဝှန်း"

တင်တင်အေးက ကြမ်းပြင်ပေါ် ပစ်လှဲချလိုက်သည်။ တောင့်တောင့်ကြီးဖြစ်နေသည်။

"ဟီး....ဟီး....ဟီး.."

ကလေးပါးစပ်မှ လူကြီးအသံမျိုး ငိုသံလိုလို ညည်းညူသံလိုလို ထွက်လာသည်။

ကိုစိုးမြင့်က မမြရီအနီးသို့ သွားပြီး...

"ငါ...အမေကို သွားခေါ်လိုက်မယ်...အမေ့ကို မေးကြည့်နိုင်းရင် အဖြေသိမှာပဲ"

ကိုစိုးမြင့်၏ မိခင်က ရွာလယ်မှာ နေသည်။ ဘုရားတရားကိုင်းရှိုင်းပြီး ပယောဂကိစ္စ အနည်းငယ်နားလည် တတ်ကျွမ်းသည်။

ဆယ်မိနစ်ခန့်ပင်မကြာ ကိုစိုးမြင့်၏မိခင် ဒေါ်လုံးတင် လိုက်လာသည်။ ဒေါ်လုံးတင်က အသက်ငါးဆယ်ကျော်ခန့်သာ ရှိသည်။

ကိုစိုးမြင့်ပြောပြထားသည်နှင့် ဘာဖြစ်နိုင်သည်ကို သဘောပေါက်သွားသည်။

အိမ်ပေါ်ရောက်သည်နှင့် တုံးလုံးလဲနေသော တင်တင်အေး

က ဝေါက်ကနဲ ထထိုင်သည်။

ဒေါ်လုံးတင်က ဘုရားစင်ရှေ့သွားပြီး ဘုရားကို ရှိခိုးသည်။ ဦးသုံးကြိမ်ချ ရှိခိုးပြီးသည်နှင့် တင်တင်အေးရှေ့မှာ သွားထိုင်ကာ ...

"ကဲ...ဆယ့်တစ်နှစ်သာသာ ရှိသေးတဲ့ ကလေးမှာ ဘာအကြောင်းနဲ့ ပူးကပ်ပြီးလိုက်လာတာလဲ..ပြောပြစမ်းပါ"

"ထမင်းစားချင်လို့ပါ"

"ဘယ်က လိုက်လာတာလဲ"

"တဲက လိုက်လာခဲ့တာပါ..ကလေးမလေးက စားလို့မဝသေးရင် အိမ်လိုက်ပြီး စားဦးလို့ ခေါ်ခဲ့လို့ လိုက်လာခဲ့တာ"

ကျွေးမယ့်ထင်ပြီး စောင့်နေတာ မကျွေးလို့ သူ့မှာ ဝင်ပူးကပ်နေတာ"

"ကလေးစကားဆိုတာ..ပြောချင်ရာပြောတာပဲ..အမှန်ဆိုပြီး သွားယုံလိုက်တော့...အခု မစားရမသောက်ရဖြစ်သွားတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"စားပြီးရင် ပြန်မှာလား"

"ပြန်ပါ့မယ်"

"ဟဲ့ စိုးမြင့် မြရီ ကြားတယ်မဟုတ်လား..စားပြီးရင် ပြန်မယ်တဲ့...ခူးခပ်ပြီး အိမ်ရှေ့မှာ ဖက်နဲ့သွားပုံပေးလိုက်"

"ဟို..ဟို..ထမင်းရော ဟင်းရော မကျန်တော့ဘူး"

"ကဲ..ကဲ...ဒီလိုလုပ်..အခု..ကလေးကထမင်းစား ဖိတ်တယ်၊ လူကြီးတွေက မသိလို့ စားလိုက်ကြတယ်"

"မနက်ဖြန် ညနေခြောက်နာရီ အိမ်ရှေ့မှာ ထမင်းနဲ့ ဟင်းပုံပြီး ကျွေးမယ်၊ အမဲသားဟင်းချက်ကျွေးမယ်"

"ဖြစ်လား အသေအချာပြောပါ"

"မနက်ဖြန်ကျွေးမယ်ဆိုရင် ဖြစ်ပါတယ်"

"မနက်ဖြန် ညနေခြောက်နာရီ အမဲသားဟင်းနဲ့ပုံကျွေး မယ်၊ အဲဒီတစ်ကြိမ်ပဲ ကျွေးမယ်၊ အဲဒီအချိန်လာစားပါ၊ အခု ကလေးရဲ့ ကိုယ်မှာ ပူးကပ်နေရာက ခွာပေးပါ"

"ခွာပြီးရင် ကိုယ့်နေရာ ကိုယ်ပြန်ပါ၊ မနက်ဖြန် ညနေ လာစားမယ်"

ဒေါ်လုံးတစ်စကားဆုံးသည်နှင့် တင်တင်အေးလေး ထိုင်နေ ရာက ပြန်လဲကျသွားသည်။

ဒေါ်လုံးတင် ဘုရားစင်ရှေ့သို့ထသွားပြီး သောက်တော် ရေခွက်ကို စွန့်လိုက်ကာ ကလေးမလေးကို ရေစက်နှင့် တောက်

လိုက်သည်။

ကလေးမလေး သတိပြန်ရလာပြီး ထထိုင်သည်။

"ဘာတွေဖြစ်သွားလဲ သိလိုက်လားသမီး"

"မသိဘူး...သမီးဘာဖြစ်လို့လဲ"

"လယ်ကွင်းထဲမှာ ထမင်းမစသေးရင် အိမ်မှာလိုက်စားဦး လို့ ခေါ်ခဲ့လို့ သရဲမ အိမ်အထိ လိုက်လာပြီးမှ ထမင်းမကျွေး လို့ သမီးကို ဝင်ပူးနေတာ"

"တင် ... သမီးကို ပူးတယ်၊ ဟုတ်လား..သမီးလဲ မသိပါဘူး"

"အခု..ဘွားဘွားကြီးရောက်လာပြီး သရဲကို နှင်လိုက်လို့ ထွက်သွားတာ နောက်ကို အပြောင်အပျက်စကား တွေ မပြော ရဘူးနော်"

"သရဲတစ္ဆေတွေကို ပြောင်လှောင်စကား မပြောရဘူး၊ မယုံလို့လည်း မြင်အောင်ပြပါလို့ မပြောရဘူးနော်"

"သမီးခေါ်ခဲ့လို့ လိုက်လာတာဟုတ်လား"

"ဟုတ်တယ်..သရဲက ဘွားဘွားကြီးကို ပြောသွားတာ"

"နောက်ကို လယ်ထဲကိုင်းထဲသွားရင် ကွင်းပိုင်ကြီးတို့ နောက်လိုက်နောက်ပါ တစ္ဆေသရဲတွေကို အပြောင်အပျက်စကား

တွေ မပြောရဘူးဖနော်..ဟုတ်လား.."

"ဟုတ်ကဲ့..ဘွားဘွား.."

ဒေါ်လုံးတင်က မနက်ဖြန်ညနေမှ တစ်ခေါက်လာပြီး သရဲ အစာကျွေးပေးမည်ဟု ပြောကာ ပြန်သွားတော့သည်။

တင်တင်အေးလေး၏ မသိနားမလည်စွာ အပြောင်အပျက် ပြောခဲ့သော စကားတစ်ခွန်းကြောင့် မမြရီ အမဲသား ငါးဆယ်သား ဝယ်ချက်ပြီး သရဲကို ကျွေးလိုက်ရတော့သည်။

* * * * * * * * * * *

# အပင်း

ကြည်ကြည်ရွှေ တစ်ယောက် ဆယ်တန်းစာမေးပွဲ နှစ်ခါကျသဖြင့် ဆက်မဖြေတော့ပဲ မိဘများ၏ လယ်ယာအလုပ်မှာသာ ဝင်ရောက်ကူညီရန် ဆုံးဖြတ်ခဲ့သည်။

ကြည်ကြည်ရွှေအောက် မောင်လေးနှစ်ယောက်၊ ညီမလေးတစ်ယောက်တို့ ရှိသည်။ ထိုအငယ် သုံးယောက်လုံး ကျောင်းနေကြသည်။

သို့ကြောင့် အိမ်မှာ ချက်ရေးပြုတ်ရေး အဝတ်အစား လျှော်ဖွပ်ရေးကို မိခင်လက်မှ ပခုံးပြောင်း ဝင်ယူရတော့သည်။

ဖခင်ဖြစ်သူက အသက်လေးဆယ့်ငါးနှစ်၊ မိခင်ဖြစ်သူက အသက်လေးဆယ်၊ လုပ်နိုင်ကိုင်နိုင်တုန်း အရွယ်များမို့ မိုးအခါ ယာစိုက်ခြင်း၊ နွေအခါ ကိုင်းသီးနှံမျိုးစုံစိုက်ရင်း ငါးကောခွဲရှိသော

လယ်ကွက်ထဲမှာ အချိန်တို့ ကုန်နေရသည်။

လင်မယားနှစ်ယောက် အိမ်မှုကိစ္စ နောက်ဆံတင်းစရာ မလိုပဲ..မြေဇါးကောခွဲတို ရာသီလိုက် အသီးအနှံမျိုးစုံ စိုက်ရော ဒိုယ်ပါနှစ်ပြီး လုပ်ကိုင်နိုင်ကြပြီ။

ယခင် ကြည်ကြည်ရွှေ ဆယ်တန်းဖြေမည်ဖြစ်၍ စာနှင့် အချိန်ကုန်နေသည့်အတွက် အိမ်မှုကိစ္စဝင်မကူညီနိုင်။ မိခင်ဖြစ်သူက အိမ်မှာ ကျောင်းသားလေးယောက် တာဝန်ယူနေရသည်။

လယ်ယာကိစ္စ ဖခင်တသာ စီမံလုပ်ကိုင်နေရသည်။ ယခု မကြည်ကြည်ရွှေက မိခင်တာဝန်ကို ဝင်ယူလိုက်သဖြင့် မိခင်ဖြစ်သူ ဒေါ်သန်းခင် လယ်ယာကိစ္စဝင်ကူညီနိုင်ပြီ ဖြစ်သည်။

လယ်ကွင်းနှင့်ချာကု သိပ်မဝေး၊ နာရီဝက်နီးပါလျှောက် လျှင် တဲသို့ ရောက်သည်။ သို့ကြောင့် တဲကို အမိုင်အခန့် မထိုးပဲ နွေအခါ နားနားနေနေ နေနိုင်ရန်သာ ယာယီတဲမျိုး ထိုးထားသည်။

ထမင်းကို မနက်စောစော ထချက်ပြီး ထမင်းထုပ် သွားသည့်အခါ သွားသည်။ မနက်စောစော ချက်ပြုတ်ရန် အချိန် မမီပါက ကြည်ကြည်ရွှေက ချက်ပြုတ်ပြီး ထမင်းသွားပို့ရသည်။

တစ်ပတ်ကို နှစ်ရက် သုံးရက်ခန့် ထမင်းပို့ရသည်။

ထိုအခါမျိုးဆိုလျှင် တဲမှာ နားနားနေနေ နေရင်း ဝိုင်းကူညီနိုင်သည့် အလုပ်များကို ကူညီလုပ်ကိုင်ပေးသည်။

နေအေးမှ ရွာသို့ပြန်လာသည်။

အသက်ဆယ့်ရှစ်နှစ် ညိုချောချောသော ကြည်ကြည်ရွှေကို ရွာထဲက ကာလသားအချို့ စိတ်ဝင်စားနေကြသည်။

သူတို့လည်း သူကို့အလုပ်နဲ့ သူတို့ဖြစ်သဖြင့် ချစ်စကားကြိုက်စကား စောင့်ပြီး လိုက်ပြောရန် အခွင့်အရေးက သိပ်မရှိ။ အကြောင်းကိုစွ တိုက်ဆိုင်၍ မျက်နှာချင်းဆိုင် ကြုံသည့်အခါမျိုးဆို စကားလိုက်ပြောကြသည်။

ကြည်ကြည်ရွှေက ထိုလူရွယ်များကို စိတ်မဝင်စား၊ အဖြေလည်းမပေးခဲ့။

တစ်ရက် လယ်ကွင်းထဲမှ ညနေသုံးနာရီခန့် အိမ်သို့ပြန်လာစဉ် လယ်ကွင်းထဲသို့ ထွက်လာသော အောင်ခန့်ဆိုသည့် လူရွယ်နှင့် မျက်နှာချင်းဆိုင် တိုးသည်။

လွန်ခဲ့သောလက တဲအသွားလမ်းမှာ ဆုံရင်း ရည်းစားစကား လိုက်ပြောထားဖူးသည်။ ကြည်ကြည်ရွှေက အိမ်ထောင်ရေး စိတ်မဝင်စားသေးကြောင်း ပြောပြီး စကားပြတ်အောင် လုပ်ခဲ့သည်။

ထိုအချိန်မှစပြီးနောက်ပိုင်း တစ်ခါမှ မကြုံတော့ ယခု တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင် လာကြုံနေသည်။ စက်ဘီး ကို ရပ်လိုက်ပြီး စက်ဘီးပေါ်မှ ဆင်းကာ ကြည်ကြည်ရွှေရှေ့က ပိတ်ပြီး ရပ်လိုက်သည်။

"တဲက ပြန်လာတာလား"

"ဟုတ်တယ်"

"ဟိုတစ်ရက်က ပြောထားတဲ့စကားအပေါ် ဘယ်လို သဘောထားလဲ ပြောပါဦး"

"ကျွန်မ ... အဲဒီအချိန်ထဲက ပြတ်ပြတ်သားသား ပြောပြီး ပြီလေ..မိဘတွေကိစ္စ၊ မောင်လေးတွေ ညီမလေးတွေကိစ္စပဲ ခေါင်းထဲမှာရှိတယ်၊ အိမ်ထောင်ရေး စိတ်မဝင်စားသေးလို့ မစဉ်း စားဖြစ်ဖူး"

"အဲဒီလိုတော့ အပြတ်မပြောနဲ့ကွာ...ကိုယ်က အချိန်နဲ့ အမျှ ကြည်ကြည်ရွှေကို စိတ်ဝင်စားနေတာ ..ကြည်ကြည်ရွှေ အကြောင်းပဲ စဉ်းစားနေတာ"

"အဲ့ဒါ ရှင့်ကိစ္စပဲလေ... ကျွန်မကတော့ အဲဒီကိစ္စတွေ စိတ်မဝင်စားသေးဘူး"

ထိုစဉ် အသက်လေးဆယ်နီးပါးရှိ အမျိုးသမီးကြီး တစ်

မိုးသောက်စာပေ

ယောက် အနီးသို့ ရောက်လာသည်။

"ကလေးမ...လမ်းလယ်ခေါင်မှာ ဘာရပ်လုပ်နေတာလဲ.. မြန်တော့လေ...ဟိုသူငယ်လဲ..သွားစရာရှိတာသွား"

အဒေါ်ကြီးစကားဆုံးသည်နှင့် ဘာစကားမှပြန်မပြောပဲ အောင်ခန့် စက်ဘီးပေါ်တက်ပြီး နင်းထွက်သွားတော့သည်။

"ကျေးဇူးပါပဲအဒေါ်..အဒေါ်ရောက်လာလို့သာ စကားဖြတ်သွားတာ"

"မစိုးရိမ်ပါနဲ့..အဒေါ်မင်းကို ကူညီပေးမှာပါ.. ကဲ..ကဲ မြန်တော့"

"ဟုတ်..ဟုတ်ကဲ့"

ကြည်ကြည်ရွှေတစ်ယောက် ရွာထဲဆက်ဝင်လာခဲ့သည်။ ရွာထိပ်မှာ တွေ့လိုက်သော အဒေါ်ကြီးကို ရွာထဲမှာ တစ်ခါမှ မတွေ့ဖူး၊ ရွာရှိလူအားလုံးကို မသိသော်လည်း မိမိဝန်းကျင်နှင့် အနီးနား လူတိုင်းကို မျက်မှန်းတန်းမိသည်၊ မြင်ဖူးသည်။ ရင်းနှီးသည်။

ယခုအဒေါ်ကြီးကို မျက်မှန်းလည်း မတန်းမိ၊ မြင်လည်း မမြင်ဖူး၊ တစ်ရွာတစ်ကျေးက အလည်လာသူလား၊ မကြာခင် ရက်ပိုင်းကမှ ရွာမှာ လာရောက်နေထိုင်သည်လား၊ မမြင်ဖူးသည်

ကတော့ အသေအချာပင်။

မိမိကို ဝင်ရောက်ကျည်ပေးသည့် အခေါ်ကြီး၏ နာမည်ကိုပင် မမေးလိုက်မိ၊ အမျိုးစုံ စဉ်းစားရင် အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ထိုကဲ့သို့ နေလာရင်း ထိုအခေါ်ကြီးနှင့် လယ်တဲမှအပြန် တိုက်တိုက်ဆိုင်ဆိုင် လာတိုးနေပြန်သည်။

ဒါပေမယ့် တစ်ဦးနှင့် တစ်ဦး စကားပြောခွင့် မကြုံလိုက်၊ ထိုအခေါ်ကြီးက လူကြီးတစ်ယောက်နှင့် စကားပြောရင်း ကြည်ကြည်ရွှေ၏ဘေးက ဖြတ်သွားသည်။ ကြည်ကြည်ရွှေကို ပြုံးပြသွားသည်။

ထို့နောက် တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ ကုန်ဆုံးသွားသည်။ မိုးကာလရောက်လာခဲ့သည်။ မိခင်ဖြစ်သူလည်း လယ်ကွင်းထဲ မသွားရတော့။

ကြည်ကြည်ရွှေ၏ဖခင် ဦးမြဆောင်က စပါးစိုက်ရန် မိုးလင်းသည်နှင့် ထမင်းအဆာပြေစားပြီး လယ်ထွန်ရန် ထွက်သွားသည်။ နေ့ခင်းပြန် ထမင်းစားသည်။

ညနေ နှစ်နာရီ လယ်ကွက်ထဲ ပြန်သွားသည်။ မိုးတွင်းအခါ မိန်းကလေးများ အနားရသည်။ စပါးစိုက်ချိန် လယ်ကွင်း

ထဲဆင်းရပြီး စပါးရင်မှည့်မှ စပါးရိတ်ရန် လယ်ကွင်းထဲ ဆင်းကြရသည်။

ထိုအချိန်မှစပြီး ...တပေါင်းတန်ခူး ကိုင်းသိမ်းချိန်အထိ နေ့စဉ် ကွင်းထဲသွားကြရသည်။

မိုးတွင်းကာလမို့ ကြည်ကြည်ရွှေလည်း ထမင်းမပို့ရတော့။ တစ်ရက်ခြား နှစ်ရက်ခြား မြို့သို့သွားပြီး တင်းစားဝယ်ရသည်။ မြို့နှင့်ရွာကလည်း သိပ်မဝေး၊ တစ်ဆက်တည်းလို ဖြစ်နေသည်။

မြို့သို့ မကြာခဏ သွားရပြန်တော့ ကာလသားများနှင့် ကြုံရပြန်သည်။ အနီးသို့ ချဉ်းကပ်လာသူများကို စကားကြည့်ကောင်းအောင် ပြော၍ ရှောင်ဖယ်နိုင်ခဲ့သည်။

တစ်ခုထူးခြားသည်က ကြည်ကြည်ရွှေလည်း ကာလသားတစ်ယောက်နှင့် ကြုံပြီး အတင်းအဓမ္မ အကျစ်ကိုင်ပြောဆိုလာသည်ဆိုလျှင် တယ်တင်ရှင် အဒေါ်ကြီးက ဘယ်က ဘယ်လိုရောက်လာသည်မသိ၊ ပေါ်လာပြီး အခက်အခဲကြားမှ ရုန်းထွက်နိုင်အောင် ဝင်ရောက်ပြောဆိုပေးသည်။

လေးငါးခြောက်လအတွင်း ကာလသားများကိစ္စနှင့် အမည်မသိအဒေါ်ကြီး ဝင်ကူညီ၍ သုံးခါတိတိ အခက်အခဲကို

မိုးဟင်းဆွေစာပေ

ကျော်လွှားနိုင်ခဲ့သည်။

တစ်ခါမှ နာမည်မေးခွင့်မကြုံ၊ ရုတ်တရက် ရောက်လာပြီး ရုတ်တရက်အနီးက ထွက်သွားတတ်သည်။

ကြာတော့ ကြည်ကြည်ရွှေ ထိုအဒေါ်ကြီးကို စိတ်ဝင်စားလာသည်။ တစ်ရက် ဈေးကအပြန် လမ်းပေါ်မှာ ထိုအဒေါ်ကြီးနှင့် တိုက်တိုက်ဆိုင်ဆိုင် သွားကြုံသဖြင့် အိမ်သို့လာလည်ပါရန် ခေါ်မိသည်။

အဒေါ်ကြီးက အိမ်ကိုသိသည် လာခဲ့ပါမည်ဟု ဆိုလာသည်။ သို့ကြောင့် ကြည်ကြည်ရွှေ ထိုအဒေါ်ကြီးအနီးက နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ တစ်ရက်ပြီး တစ်ရက်ကုန်သွားသည်။ တစ်လခန့်ပင်ရှိတော့မည်။ ထိုအဒေါ်ကြီး ကြည်ကြည်ရွှေတို့ အိမ်သို့ ရောက်မလာသေး။

တစ်ရက် အိမ်မှာ ကြည်ကြည်ရွှေတို့ သားအမိနှစ်ယောက် စကားပြောနေစဉ် အိမ်သို့ ဧည့်သည်ရောက်လာသဖြင့် ကြည်ကြည်ရွှေ ပြာပြာသလဲ ဖြစ်ကာ ဖျာတွေထခင်းသည်။ ရေနွေးဇန်းချပေးသည်။

ပြီးစကားထိုင်ပြောသည်။ ကြည်ကြည်ရွှေ စကားထိုင်ပြောနေစဉ် မိခင်ဖြစ်သူ ဒေါ်သန်းခင်က မီးဖိုထဲ ဝင်လာခဲ့သည်။

မိုးကောင်းစာပေ

"ငါ့သမီး ဘာဖြစ်သွားတာလဲ၊ သူ့ရှေ့မှာ လူလဲ တစ်ယောက်မှ မရှိဘူး၊ လူရှိသလို စကားထိုင်ပြောနေတယ်"

ဒေါ်သန်းခင်က အပြင်သို့ထွက်မလာပဲ မီးဖိုထရံကြားက အပြင်သို့ ချောင်းကြည့်ရင်း အကဲခတ်နေသည်။

ကြည်ကြည်ရွှေက မိမိရှေ့မှာ ရင်းရင်းနှီးနှီး လူတစ်ယောက်ကို ညှော့ခံစကားပြောနေသည့်အလား သွက်လက်ချက်ချာနေသည်။

သမီးဖြစ်သူ ပြောစကားကို သေသေချာချာ နားထောင်ပေမယ့် မသဲကွဲ..နှစ်ကိုယ်ကြားပြောနေသည့် အလား ရှိနေသည်။ ရှေ့က မမြင်ရသောအရာက ယောကျ်ားလား မိန်းမလားမသိ၊ ဆယ့်ငါးမိနစ်ခန့်ကြာတော့ အိမ်သို့ ရောက်လာသူ ပြန်သွားသည်လားမသိ။

ကြည်ကြည်ရွှေ ခြံဝထိ ဆင်းသွားပြီး အိမ်ပေါ်ပြန်တက်လာသည်။

"ဟဲ့ ကြည်ရွှေ လာစမ်းပါဦး..ညည်းစောစောက ဘယ်သူနဲ့ စကားထိုင်ပြောနေတာလဲ"

"အသိတစ်ယောက်ပါ"

"နင့်အသိက သရဲလား တစ္ဆေလား"

"ဘာဖြစ်လို့လဲ..အမေမမြင်ဘူးလား"

"ဟဲ့ .. ညည်းရှေ့မှာ တစ်ယောက်မှမတွေ့ဘူး.. ညည်းရူးများနေသလား"

"ဘယ်သူမှမရှိပဲ... လူရှိနေသလို လုပ်ပြီး စကားထိုင်ပြောနေတယ်၊ ငါ..မီးဖိုခန်းထဲက ချောင်းကြည့်နေတာ..ဘယ်သူမှ မတွေ့ဘူး"

"တင်..အမေက ဘာကြောင့် မတွေ့တာလဲ"

"မရှိလို့မတွေ့တာပေါ့"

"အမေကလဲ ရှိပါတယ်..ရေနွေးလဲသောက်သွားတယ်"

"တင်..ညည်းအဖေပြန်လာမှပဲ ..ဒီကိစ္စတိုင်ပင်ရမယ်"

အချိန်က နေ့ခင်းဆယ်နာရီခွဲပြီးရုံရှိသေးသည်။

"အဒေါ်တိုက်သွားလို့ ရေနွေးတစ်ခွက်တောင် သောက်လိုက်သေးတယ်"

"အော်..ညည်းသည်က အိမ်ရှင်ကို ရေနွေးပြန်တိုက်ခဲ့တယ်ပေါ့ ဟုတ်လား"

"သူသောက်သွားတဲ့ ရေနွေးခွက်ကို သောက်ခိုင်းတာ.. အန္တရာယ်တွေ မကျရောက်အောင် အဒေါ်မန်းပေးတဲ့ ရေနွေးကို သောက်လိုက်ဆိုပြီး ပေးလို့ သောက်လိုက်တယ်"

"အင်း…ခက်ပဲခက်ရချည်ရဲ့ ညည်းပဲ ရူးနေလား၊ ငါပဲ ရူးနေလား မသိတော့ဘူး"

"ကဲ…သိမ်းစရာရှိတာတွေ သိမ်းလိုက်၊ ညည်းပြောစကား အရဆို လာလည်တဲ့ညို့သည်က မိန်းမပေါ့ ဟုတ်လား"

"ဟုတ်တယ်…အမေတို့ အသက်လောက်ပဲရှိတယ်"

"ညည်းညို့သည်ကို ငါနဲ့ ဘာလို့ မေးမတွေ့တာလဲ"

"သမီးက အဒေါ်ကို အမေနဲ့ မိတ်ဖွဲ့ပေးမယ်ဆိုတော့ နေနေ…အခုမသိစေနဲ့ဦး နောက်တစ်ခေါက်လာမှ တွေ့ကြတာပေါ့လို့ ပြောတာနဲ့ မီးဖိုထဲဝင်သွားတဲ့ အမေ့ကို မခေါ်ပဲနေတာ"

ကြည်ကြည်ရွှေက အခိုင်အမာ ပြောနေသဖြင့် ဒေါ်သန်းခင် တစ်မျိုး စဉ်းစားရတော့သည်။

သူမမြင်ပဲ … သမီးက မြင်တယ်ဆိုတော့၊ လူမဟုတ်တာ သေချာနေပြီဟု အတတ်တွေးထင်လိုက်သည်။

သို့ဖြင့် နေ့ ဆယ်နှစ်နာရီကျော်တော့ ဦးမြဲသောင်လည်း ပြန်ရောက်နေပြီဖြစ်၍ ထမင်းစားကြတော့သည်။

"ကြည်ကြည်ရွှေ ထမင်းဝင်စားလိုက်လေ"

"မစားသေးဘူးအမေ ရင်ထဲမှာ တောင့်တောင့်ကြီး ဖြစ်နေတယ်၊ အစာ စားချင်စိတ် မရှိဘူး"

မိုးဒေသစာပေ

ထိုအချိန်ထိ မနက်က ကိစ္စကို ဦးမြဲဆောင်အား ဒေါ်သန်းခင် က မပြောပြရသေး...

ဝုန်း

ထမင်းဝိုင်းဘေးမှာ ကြည်ကြည်ရွှေ မှောက်လျက် လဲကျသွားသည်။

"ဟဲ့...ဟဲ့ ဘယ်လိုဖြစ်တာလဲ..ကြည်ရွှေ ဘာဖြစ်လို့လဲ"

"အစ်..အစ်..အစ်"

ဇက်ကြီးလန် ခါးကြီးကော့နေသည်။ ခြေထောက်နှစ်ချောင်းကလည်း အပေါ်သို့ မြောက်တက်နေသည်။

ကြမ်းပြင်နှင့် ကြည်ရွှေမိုက်သာထိနေတော့သည်။ ပစောက်ပုံ ကောက်ကွေးနေသည်။

"အစ်..အစ်...အစ်"

ပါးစပ်က ထိုအသံတစ်မျိုးတည်းသာ ထွက်နေသည်။

ဒေါ်သိန်းခင် ထမင်းဝိုင်းပြန်သိမ်းလိုက်သည်။ အိမ်နီးနားချင်း အမျိုးသမီး မိတ်ဆွေများကို လှမ်းခေါ်လိုက်သည်။ အိမ်ပေါ်သို့ သုံးလေးယောက် ရောက်လာသည်။

"ဟဲ့..ဒီအတိုင်း မနေနဲ့..အကြောတက်နေတာများလား၊ ခေါင်းရင်းက တစ်ယောက် ခြေထောက်ကတစ်ယောက် ဖိချကြ"

ခေါင်းတစ်ယောက်၊ ခြေထောက်တစ်ယောက် ဖိပေးမယ့် ကွေးကောက်နေရာက ပြန်မကျ၊ တအစ်အစ်အော်ကာ ကွေးညွှတ်နေသည်။

ရှိသမျှ လူခွဲပြီး ခေါင်းရင်း ခြေရင်းဖိထားမှ ပြန်ကျသွားသည်။

"အယ်လိုများ ဖြစ်တာလဲ..ထူးထူးဆန်းဆန်းပဲ"

ကောက်ကွေးခြင်း မရှိတော့ပေမယ့် မည်သူကိုမှ စကားမပြောပဲ ခေါင်းငုံ့ကာ ထိုင်နေသည်။

နာရီဝက်တစ်နာရီခန့် ကြာသည်အထိ၊ ထပ်မဖြစ်တော့သည့်အတွက် အနီးအပါးက လူများပြန်သွားကြသည်။

မိန်းမချပ်းတိုးတိုးပြောကြသည်။

"အလကားပါအေ..လင်လိုချင်လို့ ကူလီကူမာ လုပ်တာပါ"

"ဟုတ်ပါ့မလား..ကျွန်မတော့ လူပြုစားတာလားထင်တယ်"

"ငါပြောရင် လွဲခွဲပါတယ်..လင်တရူးနေတာပါ၊ လင်ပေးစားလိုက်ရင် ဘာမှဖြစ်မှာ မဟုတ်ဘူး"

"ကြည်ကြည်ရွှေက ဒီနေ့မှထဖြစ်တာ..အရင်ကဖြစ်တယ်လို့ ကြားမှ မကြားတာ"

"ကြည့် ဒီနေ့ကစပြီး မကြာမကြာ ဖြစ်တော့မှာ"

သူတို့အိမ်ရောက်၍မှ မကြာခင် ချုံးကော့ပြီး တအစ်အစ်နှင့် ဖြစ်နေပြန်သည်။

နီးစပ်ရာလူခေါ်ပြီး အတက်ကျအောင် ဖိုင်းဖိနှိပ်ကြရသည်။ လင်တရူးနေတာဟု ဝေဖန်ပြောကြားသည့် အမျိုးသမီးကြီးက ရောက်မလာ။

"ဒီအတိုင်းဆို ကျုပ်တော့ တယ်မသက်သာချင်ဘူး၊ ကလေးမလေးကို ဟိုဘက်ရွာက ဆရာတော်ဦးရေဝတဆီ ခေါ်သွားကြည့်ရင်ကောင်းမယ်"

အမြင်မှာ မိုးဖွဲဖွဲလေးရွာနေသည်။ သူတို့ သဲတောရွာနှင့် ညောင်နှစ်ပင်ရွာက တစ်မိုင်ခန့်သာ ကွာဝေးသည်။ လှည်းနှင့်ဆို ဆယ့်ငါးမိနစ်ခန့် မောင်းသွားလျှင်ရောက်သည်။

မိုးတွင်းဆိုတော့ ကားလမ်းပေါ်မှာ ရေအိုင်တွေရှိသည်။ ဖြည်းဖြည်းမောင်းသွားလျှင် နာရီဝက်ခန့်ဆို ထိုကျောင်းသို့ ရောက်သည်။

ထိုဦးရေဝတ ဆိုသော ဆရာတော်က ဘုန်းကြီးအဖြစ် မရောက်ခင် အထက်လမ်းကျင့်စဉ်ကို ကျင့်ခဲ့သူဖြစ်သည်။ ထို့နောက် လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်ကမှ ကျောင်းထိုင်အဖြစ် သီတင်းသုံး

H01C2U0160

နေသည်။ အမှောင့်ပယောဂနှင့် ပတ်သက်လျှင် ရှင်းလင်းဖယ်ရှား ပေးသည့်အတွက် ရွာနီးချုပ်စပ်ရှိ လူအပေါင်းတို့ အားကိုးသမှု ပြုနေသော ဆရာတော်ဖြစ်သည်။

လေးနာရီခွဲခန့် ညောင်နှစ်ပင်ရွာ ဆရာတော်ဦးရေဝတ ကျောင်းသို့ ရောက်လာကြသည်။

ဦးဇင်းတစ်ပါးကို ဆရာတော်ကျောင်းပေါ်မှာ မတွေ့သဖြင့် မေးကြည့်ရာ ဆရာတော်ရေချိုးနေသည် ခဏထိုင်ပြီးစောင့်ကြပါ ဟု ပြောသည်။

ကျောင်းပေါ်မှာ ထိုင်စောင့်နေရင်း ကျောင်းနံရံမှာ ကပ်ချိတ်ထားသော ဓာတ်ပုံများကို ကြည့်ကြည့်ရှု လိုက်ကြည့်နေသည်။

ဆရာတော်ဦးရေဝတ ပုံကို မြင်သွားသည်နှင့်...

"ပြန်မယ်...ပြန်မယ်..ဘုန်းကြီးကို မတွေ့ချင်ဘူး"

ကျောင်းပေါ်မှာ ဦးမြသောင်နှင့် ဒေါ်သန်းခင်တို့အပြင် အိမ်နီးနားချင်း ယောကျ်ားတစ်ယောက် အမျိုးသမီးနှစ်ယောက် အဖော်ပါသေးသည်။

ငါးယောက်လုံး ကြည့်ကြည့်ရှု ထွက်မပြေးနိုင်ရန် အတင်းဆွဲထားကြရသည်။

"ဟဲ့..ဟဲ့ ဘယ်လိုဖြစ်နေတာလဲ..ဟိုဒင်္ကာမထိုင်စမ်း"

ဆရာတော်အနားရောက်လာပြီး အမိန့်ပေးသံလိုလို ပြုလိုက်မှ ကျောင်းပေါ်မှ ပြေးဆင်းမည်ပြုနေသော ကြည်ကြည်ရွှေ ဆရာတော်ဘက်သို့ ပြန်လှည့်ကာ ထိုင်လိုက်သည်။

"ထ…ဟိုနေရာကို ပြန်လာခဲ့"

ဆရာတော်က နေရာညွှန်ပြသဖြင့် အပေါက်ဝနား ရောက်နေရာမှ ပြန်လျှောက်လာခဲ့သည်။

"ထိုင်"

"တင်း…ဆရာတော်မြင်လိုက်တာနဲ့ ဘာလဲဆိုတာ သိတယ်၊ မေးတာကို ကောင်းကောင်းဖြေပါ"

"ဒီ မိန်းကလေးနဲ့ ဘယ်လိုအကြောင်းဆက်ရှိလို့လဲ"

"သမီးလေးလို ချစ်လို့ပါ၊ ယောကျ်ားလေးတွေ အန္တရာယ်က ကာကွယ်ပေးချင်လို့ပါ"

"အမျိုးလား…အသိလား…မိတ်ဆွေလား"

"မိတ်ဆွေလည်း မဟုတ်ဘူး၊ အမျိုးလည်း မဟုတ်ဘူး… သားသမီးချင်း ကိုယ်ချင်းစာလို့ပါ၊ သူတို့အရွယ် သူ့လိုရုပ်ရည်မျိုး သမီးလေးတစ်ယောက် ရှိခဲ့ပါတယ်။ ကျောင်းသွားတက်နေရင်း ယောကျ်ားလေးတွေကြောင့် သမီးလေးအသက်ဆုံးပါး သွားရတယ်"

မိတ်ဆွေစာပေ

"အဲဒီ ယောက်ျားလေးတွေကိုလည်း သတ်ပစ်လိုက်တယ်။ ဒီမိန်းကလေးမှာလည်း ယောက်ျားလေးတွေ ရန်ရှိနေတာကို တွေ့နေရပါတယ်။"

"သားသမီးချင်း ကိုယ်ချင်းစာပြီး ..အောက်လမ်းပညာဖူးသွင်ပေးနေတာပါ"

"အဝိစိရောက်မယ့် ပညာကို မလိုချင်ပဲ ဘာကြောင့်ပေးရတာလဲ..မင်းက ဒီမိန်းကလေး အန္တရာယ်ကင်းအောင်လို့ ဆိုပြီး ပြောတယ်၊ ဒီမိန်းကလေး အောက်လမ်းကဝေ ပညာတတ်သွားတာနဲ့ အဝိစိရောက်ပြီပဲ"

"မင်းက အဝိစိရောက်အောင် ပို့နေတာနဲ့ မတူဘူးလား"

"သူ့ကို သနားလို့ပါ..မကြာခင်..သူ့ပညာကုန်ရသွားမှာပါ"

"အဝိစိရောက်မယ့် ပညာပြန်နုတ်ပေးပါ၊ ဘုန်းကြီးတောင်းပန်ပါတယ်၊ အခု..ပညာပေးရုံပဲရှိသေးတယ်၊ ဒီမိန်းကလေး အတော်ခံစားနေရတယ်"

"ပညာဖူးက နေရာတကျမဖြစ်သေးရင် အခုလိုပဲ ခံစားရပါတယ်...ပညာဖူးအထိုင်ကျသွားတာနဲ့ ... ဘာခံစားချက်မှ မရှိတော့ပါဘူး၊ မကြာခင်ရက်ပိုင်းအတွင်း သူ့ဆီမှာရှိတဲ့ ပညာဖူး

မိတ်ဆွေစာပေ

အထိုင်ကျသွားမှာ ဖြစ်ပါတယ်”

“မလိုချင်ဘူး..ဒီမိန်းကလေးမှာ သွင်းထားတဲ့ ဗုံးကို ထုတ်ပေးပါ”

“မထုတ်ပေးနိုင်ပါဘူး...ဘုန်းကြီးက ဘယ်လောက်ပညာနဲ့ အမိန့်လာပေးနေတာလဲ..ကျုပ်က ထွယ်နှစ်ကြိုးကဝေ”

“ရုပ်ပြောင်းရုပ်လွှဲ လုပ်နိုင်တယ်၊ ကိုယ်ပျောက် ပြီးလဲ သွားနိုင်တယ်၊ စက်ကြိုးဆင်ပြီး ကောင်းကင်မှာလဲ နေနိုင်တယ်.. ပျိုသေးသေးထင်လို့ အမိန့်ပေးနေတာလား”

“သင်ခြောက်လုံး လှန့်လုံးတွေနဲ့ လာခြိမ်းခြောက်မနေနဲ့၊ ဆရာဟော်၏သက်န်းရောင်လွယ်အိတ်ထဲမှ အပ်ချည်ကြိုးလိုကြိုး ထုံးတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုကြိုးကို ကြည့်ပြီး ... မျက်နှာပျက်သွားသည်။

အထက်ပုဂ္ဂိုလ်ကြီးများ၏ လက်ပါးစေများ ဤကဝေမဆို သူအား ဝိုင်းဝန်းချုပ်နှောင်ထားလိုက်ကြပါ။

လက်ဖါးကို ဖြန့်ပြီး ဂါထာရွတ်လိုက်သည်။ ဂါထာဆုံး သည်နှင့် လက်ဆန့်လိုက်ရာ ကြိုးစလေးက အရောင်တဖြတ် ဖြတ် ထွက်ပြီး ကြည်ကြည်ရွှေ၏ ခန္ဓာကိုယ်မှာ ပူးကပ်နေသော ကဝေမဆိုသူအား သွားရောက်ရစ်ပတ်တော့သည်။

"အား..အား..ပူတယ်..ပူတယ်..ကြောက်ပါပြီ"

"ကဲ..အခုအချိန်ကစပြီး ခိုင်းတာအကုန်လိုက် လုပ်ပေးတော့... မင်းဘေးမှာ ဘယ်သူတွေရှိတယ်ဆိုတာ သိရောပေါ့"

"သင်တို့ လက်ပိုင်းသွားလို့ပေါ့"

"မင်းက ကိုယ်ဖျောက်ပြီး သွားလာနိုင်တာနဲ့ ဆယ့်နှစ်ကြိုး ကဝေဖြစ်လေပြီး ခြောက်လှန့်စကား ပြောဝံ့သေးတယ်"

"မင်း စုန်းကဝေဆိုတာလဲသိပြီ..မင်းဘယ်သူလဲ"

"နာမည်မမေးနဲ့"

"အေး နာမည်မမေးဘူး၊ ဘယ်မှာနေလဲမမေးဘူး၊ ဒီမိန်းကလေးမှာ သွင်းထားတဲ့ အပင်းတွေ အကုန်ထုတ်ပေးရမယ်"

တာဝေမလည်း ဘုန်းကြီးကို အာခံမည်ပြုသေးသည်။ ဘုန်းကြီးလက်မှ ဆေးကြိမ်လုံးကို မြင်နေရသည်။ ဘုန်းကြီးပညာနှင့် ချုပ်နှောင်ထားသော စက်ကြိုးက ကိုယ်လှုပ်လိုက်တိုင်း တင်းသထက် တင်းလာသည်။

အမှုရှိနိုက်လည်း လှုပ်လိုက်တိုင်းပြင်းထန်စွာ ခံစားရသည်။ သို့ကြောင့် အားမတန်၍ မာန်လျှော့လိုက်ရသည်။

"သူ့မှာ သွင်းထားတဲ့ အပင်းမှန်သမျှ အကုန်ထုတ်ပစ်စမ်း"

"ကိုရင်...ဆွမ်းစားဆောင်ထဲက သံလင်ဗန်းတစ်ချပ် သွားယူခဲ့၊ အသုံးမပြုတဲ့ လင်ဗန်းရှာယူခဲ့"

"တင်ပါ့ဘုရား"

ခဏအတွင်း သံချေးတက်၍ အပေါက်ဖြစ်နေသော သံလင်ဗန်းတစ်ချပ်ရောက်လာသည်။

"ကဲ...အဲဒီ လင်းဗန်းထဲ အကုန်အန်ချလိုက်"

"ဝေါ..ဝေါ့"

ဆံပင်ချည်ထွေးများ၊ ကျောက်ခဲများ အသားစိမ်းများ ရောစုံကျလာသည်။

ခဏနေတော့ရပ်သွားသည်။

"ကုန်ပြီလား"

"ကုန်ပါပြီ..သွားလို့ရပြီလား"

"မရသေးဘူး... မင်းမှာရှိတဲ့ အဝိစိရောက်မယ့် ပညာကို ...အားလုံးရှေ့မှာ စွန့်လွှတ်သွားရမယ်"

"ဘယ်သူကိုမှ အန္တရာယ်မပေးတော့ပါဘူး...လွှတ်ပေးပါ"

"ကဲ..စက်ကြိုးလေးနည်းနည်း တင်းလိုက်ကြစမ်းပါကွယ်"

"မ..မလုပ်ပါနဲ့... ကြောက်ပါပြီ"

"ဪဆို..ပညာစွန့်လိုက်တော့လေ"

"ပညာမစွန့်ပဲ အာခံရင် ဆိုင်ရာပိုင်ရာနဲ့ မင်းမှာရှိတဲ့ ပညာကို ဖျက်ပစ်ရမှာပဲ... အဲဒီအချိန်ကျရင် မင်းကောင်းကောင်း မွန်မွန်နဲ့ ထွက်သွားလို့ရတော့မှာ မဟုတ်ဘူး"

ဆရာတော်က ဆေးကြိမ်လုံးကို မျက်နှာရှေ့မှာ ဝင့်ရင်း ပြောဆိုနေသည်။

"ကဲ အချိန်မရှိဘူး..စက်ကြိုးလည်းတင်းမယ်၊ အနိုးအား(ိုး ရောက်နေတဲ့ အထက်ပုဂ္ဂိုလ်များရဲ့ အစေအပါးများ စိတ်ရှိသလို ထုထောင်းကြပါ"

"မ..မ..လုပ်ပါနဲ့..ကြောက်ပါပြီ ..ပညာစွန့်ဆို စွန့် ပါတော့မယ်"

"ကဲ..စောစောက အနှံချထားတာတွေနဲ့ ထွက်တဲ့အခါမှာ အန်ချစမ်း"

"ဝေါ့..ဝေါ့..ဝေါ"

ပါးစပ်တွင်းမှ စိမ်းဖန့်ဖန့် အရည်အချို့ထွက်ကျလာပြီး လက်သန်းတစ်ဆစ်ခန့်ရှိသော အရောင်တလက်လက် ထွက်နေ သည့် ဗူးလေးထွက်ကျလာသည်။

ဆရာတော်က ထိုဗူးလေးကို ညှပ်ဖြင့် ကောက်ယူလိုက်

ပြီး ပုလင်းတစ်ခုထဲထည့်လိုက်သည်။

"မနက်ပိုင်းမှ ...ပညာဖူးကို ဖျော်ဆီးရမည်"

ဆရာတော်က လက်ကို ဖြန့်လိုက်စဉ် ကြည်ကြည်ရွှေ၏ ခန္ဓာကိုယ်မှာ ရစ်ပတ်နေသော အရောင်တစ်လက်လက် ထွက်နေသည့် စက်ကြိုးက ဖြတ်ကနဲ ပျောက်သွားပြီး လက်ပေါ်မှာ ကြိုးခွေလေးအဖြစ် ရောက်ရှိနေသည်ကို တွေ့လိုက်ကြသည်။

ထိုကြိုးလေးကို လွယ်အိတ်ထဲ ထည့်လိုက်သည်။ အထက်ပုဂ္ဂိုလ်များ၏ နောက်လိုက်နောက်ပါများကိုလည်း ပြန်စေလိုက်သည်။

"ကဲ..ဒီဗုန်းထဲက အားလုံး အခုယူသွားပြီး မီးရှို့ပစ်လိုက်"

"ကဲမင်းလဲ ကောင်းရာကောင်းကြောင်း လုပ်ကိုင် ရှာဖွေစားသောက်ပေတော့..အခုသွားနိုင်ပြီ"

ဆရာတော် အမိန့်ပေးသည်နှင့် ကြည်ကြည်ရွှေလည်း ခွေကျသွားသည်။

"ကဲမိန်းကလေးမှာ ဘာအမှောင့် ပယောဂမှ မရှိတော့ဘူး"

ဆရာတော်က ပါးစပ်ကလည်းပြော လက်ကလည်း ပထမံရေစင်နှင့် မိန်းကလေးမျက်နှာကို ဖောက်ပေးလိုက်သည်။

ခဏာနေတော့ ကြည်ကြည်ရွှေ လဲနေရမှ ထတိုင်တော့သည်။ ပတ်ဝန်းကျင်ကို ကြည့်ပြီး အံ့ဩနေသည်။

"သမီး ဘာဖြစ်လို့လဲ"

"စုန်းမပြုစားသွားလို့ ဆရာတော်ကြီးဆီမှာ လာကုနေတာ"

"အခု စုန်းမ..ဘယ်မှာလဲ"

"ဆရာတော် ပြန်လွှတ်လိုက်လို့ ပြန်သွားပြီ..သမီးလဲနေကောင်းသွားပြီ"

"ဒကာမကြီးကို့ အလာစောလို့ သုံးရက်လောက်အိမ်မှာဆက်နေလိုက်ရင် မိန်းကလေးမှာ သွင်းထားတဲ့ ဗူးအထိုင်ကျသွားပြီ၊ ဘာရောဂါလက္ခဏာမှ ပြတော့မှာမဟုတ်ဘူး၊ သူလဲ စုန်းကဝေပညာသည်တစ်ယောက်ဖြစ်သွားပြီပေါ့"

"ကဲ ကြည်ရွှေ ဆရာတော်ကို ကန်တော့လိုက်"

ကြည်ကြည်ရွှေလည်း ဆရာတော်ကို ဦးသုံးကြိမ်ချကန်တော့လိုက်သည်။

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဘုရား"

"အေး..အေး..သဲတောရွာက ဆိုတော့ သိပ်မသွားရပါဘူး...အပြင်မှာ မိုးရွာနေလားမသိဘူး"

မဟာဆုံအာဖေ

"ဇွဲဇွဲလေးရှာနေပါတယ် ဘုရား"

ဦးမြအောင်တို့လည်း ဆရာတော်ကိုရှိခိုးဦးချပြီး ကျောင်းမှ ပြန်ခဲ့ကြသည်။

သဲတောရွာသို့ ညခုနှစ်နာရီခန့်မှ ရောက်လာခဲ့သည်။

ဆရာတော်က ဝတ္တုငွေလက်မခံ၊ လှူချင်လျှင် ဘုရား အလှူခံပုံးထဲ ထည့်လှူခဲ့သည်။

အိမ်မှာ အတင်းပြောသော အဒေါ်ကြီးကလေးများနှင့် အတူရှိနေသည်။

"တဲ့ ဘာတဲ့လည်း"

"အောက်လမ်း ဗူးသွင်းတာထဲ့ အဒေါ်ရေ...ဗူးက နေရာ မကျသေးလို့ ဂေါ့လံကား ဖြစ်နေတာတဲ့"

"ဗူးအထိုင်ကျသွားရင် ပညာသည်ဖြစ်ပြီပေါ့..တုတ်လား"

"အင်း..ဒေါ်စိန်ဂွက်တို့က ပညာသည်ဆိုတာနဲ့ စိတ်ဝင် စားသွားပြီ၊ ကျုပ်သမီးကို ဗူးသွင်းမယ့်အစား ဒေါ်စိန်ဂွက်ကို ဗူးသွင်းရမှာ"

"အမယ်..ကျုပ်ကို ဗူးသွင်းလို့ကတော့ ငြိမ်ပြီးနေမှာ... ဘယ်နှယ့် မလိုချင်တဲ့သူမှ ဗူးသွင်းရတယ်...အဲဒီကဝေမ.. ကျုပ်နဲ့ မတွေ့လိုက်တာနာတယ်"

ဒေါ်စိန်ဝွက်က ဆန္ဒရှိ၍ ပြောသည်လား… နောက်ပြောင် ပြောသည်လားမသိ၊ အိမ်ပေါ်ဟာလူများ ဒေါ်စိန်ဝွက်ကို ကြည့်ပြီး ပြုံးနေကြသည်။

"ခုတစ်မျိုး တော်ကြာတစ်မျိုး တတ်လဲတတ်နိုင်တဲ့ ဒေါ်စိန်ဝွက်"

ကြည်ကြည်ရွှေကို လင်တရူးခနေတာဟု အပြောခံလိုက် ရသော အမျိုးသမီးကြီးက မျက်နှာရှုံ့မဲ့ရင်း စိတ်ထဲက မှတ်ချက် ပြုနေလေတော့သည်။

* * * * * * * * * * *

## မသေမချင်းခြောက်တဲ့သရဲ

"ကျွိ"

"တဲ့ သက်မောင်...တံခါးတွေထပိတ်စမ်း..မိုးရွာမလို့ လေတိုးတာထင်တယ်"

"လေမတိုးပါဘူး..သူ့အလိုလိုပွင့်သွားတာ"

ဆယ်နှစ်အရွယ်ရှိ သက်မောင်ဆိုသော လူငယ်လေးက ထိုင်ရာမှ ထရင်း ပြတင်းတံခါးကို သွားပိတ်သည်။

"ဝုန်း"

"တင်း..ဘာဖြစ်တာလဲ"

ပြတင်းတံခါးတို့ ခုံချပြီး ဂျက်ထိုးနေရာမှ အိမ်ရှေ့ အဝင်အထွက် တံခါးချပ်က ရုတ်တရက်ပွင့်သွားပြန်သည်။

ဦးကျော်တင့် ထိုင်ရာမှ ထပြီး..

"တံခါးမကြီး ဂျက်မထိုးပဲ စေ့ထားတော့ လေတိုးတာနဲ့ ပွင့်တာပေါ့..နောက်ကို မိုးချုပ်တာနဲ့ တံခါးပိတ်ရင် ဂျက်ပါထိုး"

"အဲဒီတံခါးရှင် စေ့ထားတာမဟုတ်လား"

"အဖေတို့က လေတိုးလို့ပွင့်တာလို့ ပြောနေတယ်၊ ဒီမှာ မိုးလည်းမရွာ လေလည်းမတိုးဘူး"

"တံခါးပွင့်ပြီမနေနဲ့..မြန်မြန်ပိတ်ပြီး ဆင်းလာခဲ့"

သက်မောင်က တံခါးချက်ထိုးပြီး အောက်ဆင်းလိုက်သည်။

"အမေ..အမေ..သရဲ..သရဲ"

"ဟဲ့ ..ဘယ်မှာလဲ သရဲ"

"မီးဖိုထဲ ဝင်သွားတယ်"

"မဟုတ်မဟတ် လျှောက်ပြောနေပြန်ပြီ"

"သား တကယ်မြင်လိုက်တယ်..ဦးအေးငွေနဲ့ တူတယ်"

"ဟဲ့ ကောင်လေး..ဘာတွေ လျှောက်ပြောနေတာလဲ၊ နင်တို့ဦးလေးက သူ့မိန်းမဆီ ပြန်သွားပြီ"

"ဟီး..ဟီး...ဟီး..."

"ကြား..ကြားလား ..အဲဒါသရဲ"

ဒီတစ်ကြိမ်ကြားလိုက်သော အသံက မီးဖိုထဲမှ မဟုတ်၊

အိပ်ခန်းထဲမှ ဖြစ်သည်။

"မသိန်းတင်..အိပ်ယာထဲမှာ အငယ်ကောင်အိပ်နေတယ် မဟုတ်လား"

"ဟုတ်တယ်..ကလေးနိုးပြီး လန့်သွားမှဖြင့် ရှင်သွားပါဦး"

"ဟာ..အခန်းထဲမှာ သရဲရှိတာ..ငါမသွားရဲဘူး..မင်း သွားပါလား"

"ခွမ်း..ဝုန်း"

မီးဖိုထဲမှ အိုးခွက်ပန်းကန်သံများ ကြားလိုက်ရသည်။ ကြောင်အိမ်ပေါ် စားပွဲပေါ်မှ အောက်သို့ကျသည့်အသံများ ဖြစ်သည်။

"ဒုန်း..ဒုန်း..ဒုန်း...ဒုန်း"

အိမ်ကြီးနံရံကို ထုသည့်အသံကလည်း သူတို့ ဘေးပတ်ပတ်လည်မှာ ပေါ်လာပြန်သည်။

"ဝုန်း ဝုန်း
ဂျိန်း ဂျိန်း ဒုန်း
ဝုန်း"

ပြတင်းတံခါးများ ရုတ်တရက်ပွင့်ကုန်ပြီး လေပြင်းတိုက်သလို တံခါးရွက်များ လှုပ်ခတ်ကာ ကျယ်လောင်သော အသံတို့

မိုးကြိုးဆုံးစာပေ

ဖြစ်ပေါ်လာသည်။

"အမေ..အမေ..သားကြောက်တယ်"

အခန်းထဲမှာ အိပ်နေသော ငါးနှစ်အရွယ်ထက်အောင်လေး ရုတ်တရက် နိုးသွားပြီး ထအော်တော့သည်။

"အဖေမသွားနဲ့ သားကြောက်တယ်"

"အမေရှိတယ်..အခန်းထဲမှာ ညီလေးတစ်ယောက်ထဲ ကိုကျော်တင့် အခန်းဝက အသံပြုပြီးခေါ်လိုက်"

"ထက်အောင်..သား..ထွက်လာခဲ့..အဖေဒီမှာ"

ကောင်လေးအိပ်ခန်းထဲမှ ပြေးထွက်လာသည်။

လေးပင်ဆောင် အိမ်ကြီးဖြစ်သဖြင့် အိပ်ခန်းသုံးခန်း ဧည့်ခန်း၊ ဘုရားခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်းတို့ဖြင့် တစ်ခန်းစီ ဖွဲ့ထားသည်။

မိသားစု ဆယ်ယောက်ဆယ့်ငါးယောက် ချောင်ချောင်ချိချိ နေနိုင်သော အိမ်ကြီးမှာ မိသားစု လေးယောက်ထဲရှိသဖြင့် အခန်း လွတ်တွေရှိနေသည်။

ရုတ်တရက်ရောက်လာသော သရဲက တိုကအသံပြုလိုက် သည်ကအသံပေးလိုက်နှင့်မို့ သရဲတစ်ကောင်ထက်မက အိမ်ကြီး ပေါ်ရောက်နေသည်ဟု ထင်မိကြသည်။

ရှပ် .. ရှပ် .. ရှပ်

အကောင်အထည်မမြင်ရပဲ..အနီးက ပတ်ပြီး လျောက်သွားနေသော ခြေသံကို အတိုင်းသားကြားနေရသည်။

"ဟီ...ဟီ...ဟီ"

"အမေ... အမေ... ဖို ဟိုမှာ ..သရဲကြီး"

"ဘယ်မှာလဲ..အမေတို့ မတွေ့ဘူး"

"ရှိတယ်..ဟိုသစ်သားတန်းပေါ်မှာ ထိုင်နေတယ်"

"သွားကြောက်တယ်..သရဲကြီးက ဒီဘက်ကြည့်နေတယ်"

"နက္ခပါပဲ..ကလေးတွေက သရဲကို မြင်နေရတယ်..ထိတ်ထိတ်လန့်လန့် ဖြစ်ကုန်ရင်တော့ ခုက္ခပဲ"

"ဟာ ...သရဲ သရဲ မီးဖိုထဲက ထွက်လာပြီ"

"ဟီး..ဟီး..ကြောက်တယ်..သရဲကြီးတွေ..အများကြီးပဲ..ဟီး... ဟီး..."

အသယ်ကောင်က ထုတ်တန်းပေါ်က သူ့ရဲကို မြင်ပြီး မီးဖိုထဲက ထွက်လာသော သရဲကိုပါ ထပ်၍မြင်လိုက်ရသဖြင့် မိခင်ဖြစ်သူ ရင်ခွင်ကြားတိုးဝင်ပြီး အားပါးတရ ငိုတော့သည်။

"ကလေးတွေ ကြောက်လို့ မခြောက်မလှန့်ပါနဲ့"

"ဝုန်း"

ထုဘ်တန်းပေါ်က သရဲက ခုန်ချလိုက်သည့်အတွက် ကြမ်းပြင်ပေါ်မှ အသံထွက်သွားသည်။

"သရဲကြီး ခုန်ချလိုက်ပြီး..သားတို့ကို စိုက်ကြည့်နေတယ်"

အကြီးကောင် သက်မောင်က ဦးကျော်တင့်ဘေးမှ နေ၍ မြင်သမျှ ပြောပြနေသည်။ ဦးကျော်တင့်တို့ လင်မယားက သရဲများကို မမြင်ရ ကလေးနှစ်ယောက်ကသာ မြင်နေရသည်။

အငယ်ကောင်က အကြောက်လွန်ပြီ တုန်ယင်နေသည်။

"သား မကြောက်နဲ့ ..သရဲတွေ မရှိတော့ဘူး"

"ရှိတယ်..အာမေရဲ့ သရဲမှ နှစ်ကောင်..ဟင်း..သုံးကောင် မီးဖိုထဲက တစ်ကောင်ထွက်လာပြန်ပြီ"

"အခု..ဘယ်မှာလဲ"

"အိပ်..အိပ်ခန်းထဲကို တစ်ကောင်ဝင်မလိုလုပ်နေတယ်.. ဟော ဝင်သွားပြီ.. နောက်တစ်ကောင်က ထမင်းစားခန်းထဲ ဝင်သွားတယ်... တစ်ကောင်က သား..သားတို့ဘက်ကို လျှောက်လာနေပြီ"

"မေမေ ..လာနေပြီ"

"ငြိမ်ငြိမ်နေ... သူက ခြောက်လှန့်ရုံခြောက်လှန့်တာ

လူကို ဘာမှ မလုပ်ဘူး"

"အမယ်လေး..သရဲ"

သရဲက အနီးရောက်လာသည်နှင့် သူ့လက်ကြီးရှည်ထွက်လာကာ သက်မောင်ကို ထုတ်ဆွဲမည့် ဟန်လုပ်သဖြင့် သက်မောင်မျက်စေ့စုံမှိတ်ပြီး ထအော်သည်။

"ဟီး..ဟီး...သားကြောက်တယ်"

အငယ်ကောင်ကလည်း အကြီးကောင်အသံကြားသည်နှင့် ခေါင်းမော့မကြည့်ပဲ အော်ဟစ်နေပြန်သည်။

"သရဲမရှိပါဘူး..အကြီးကောင် သရဲမရှိပါဘူး"

"ရှိတယ်..သူ့လက်ကြီးနဲ့ ဆွဲမလို့လုပ်တယ်"

သက်မောင်မျက်လုံး ဖွင့်ကြည့်သည်။ သရဲအနီးမှာ မရှိတော့ ရှေ့နောက်ဝဲယာ ကြည့်တော့လည်း သရဲကို မတွေ့တော့။

သရဲတွေ ရှိသေးသည်လား၊ ထွက်သွားသည်လားမသိ၊ ဆူညံနေသော အသံများ ငြိမ်သွားသည်။

"အကြီးကောင်..သရဲကို မြင်ရသေးလား"

သက်မောင်က အမှောင်ထဲသို့ အသေအချာစိုက်ကြည့်သည်။

"မတွေ့တော့ဘူး အမေ"

တောရွာဖြစ်သဖြင့် လျှပ်စစ်မီးမရ၊ ဖယောင်းတိုင်၊ ရေနံဆီမီးအိမ်တို့နှင့်သာ နေကြရသည်။

မှန်အိမ်မီးရောင်က အိမ်ရှေ့မှာ ထွန်းထားသည့် အတွက် ရှေ့ပိုင်းကို လင်းနေပြီး ထမင်းစားခန်း၊ မီးဖိုခန်းအထိ မီးရောင်က မှိန်ပြပြသာ ရောက်ရှိသည်။

"တင်"

"ဘာလဲ မသိန်းတင်"

"မီးအိမ်ထဲမှာ မီးတဖြည်းဖြည်းမှိန်သွားပြီ၊ ရှင်ညနေက ရေနံဆီ ဖြည့်လိုက်သေးလား"

"မဖြည့်မိလိုက်ဘူး"

"ဒါဆို ဖယောင်းတိုင် ထွန်းရတော့မှာပေါ့"

"ဖယောင်းတိုင်လဲ မရှိဘူး..ခုဘယ်လိုလုပ်မလဲ"

"ဘုရားစင်ပေါ်မှာ ဆယ်တိုင်လောက်ရှိသေးတယ်"

"အို...အဲဒါ ဘုရားမီးပူဇော်မလို့ တစ်ထုတ်ဝယ်ထားတာ"

"သုံးတိုင်လောက် သွားစွန့်လိုက်မယ်ကွာ"

"ဒါဆိုလဲ တော်သွားယူလိုက်"

မှန်အိမ်ထဲမှာ ရေနံဆီကုန်သွားသဖြင့် မီးက တဖြည်းဖြည်း

မှိန်လာသည်။

ဦးကျော်တင့် လိုင်ရာမှထပြီး ..ဘုရားစင်ပေါ်ရှိ ဖယောင်းတိုင်များထဲမှ သုံးတိုင်ကို တပည့်တော်တို့ကို စွန့်ပါဘုရားဟု ပြောဆိုပြီး ယူလာသည်။

ဖယောင်းတိုင် မီးထွန်းလိုက်သည်။

"သရဲတွေ သွားကုန်ပြီထင်တယ်..အိပ်ခန်းထဲသွားကြမလား"

"စောစောက တံခါးတွေ အကုန်ပွင့်ကုန်တာ လိုက်ကြည့်ပြီး ဂျက်ထိုးလိုက်ဦး"

ဖယောင်းတိုင်နှစ်တိုင်ကို ထွန်းပြီး တစ်တိုင်ကို ကိုင်ကာ တံခါးများပြန်ပိတ်ရန် ထသွားသည်။

"ဟင်..ထူးဆန်းလိုက်တာ"

"ဘာ ဖြစ်လို့လဲ"

"စောစောက တံခါးတွေ ပိတ်ထားရာက ပွင့်ကုန်ပြီး တံခါးရွက်တွေ အကြိမ်ကြိမ် လှုပ်ခါသွားတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး..အခု..အားလုံးပိတ်ပြီးသား ဂျက်ချပြီးသားတွေ"

"တံခါးအကုန်လုံး ကြည့်ပြီးပြီလား"

"အကုန်လုံး ပိတ်ပြီးသားတွေ"

"ဒီဆို သရဲတွေက တံခါးမဖွင့်ပဲ တမင်ဝင်တိုးပြီး ခြောက်လှန့်တာပေါ့"

"တုတ်လိမ့်မယ်..ဟဲ့..ထကြ .. အိပ်ခန်းထဲသွားကြမယ်"

"ဟီး...ဟီး..သရဲ သားခြောက်တယ် ဟီး..ဟီး"

အငယ်ကောင်က မီးခင်ရှင်ခွင်ထဲ ခေါင်းတိုးဝင်နေရာက အိပ်ခန်းထဲသွားရန် ပွေ့ချီလိုက်စဉ် တစ်ကိုယ်လုံးတုန်ပြီး ထအော်ပြန်သည်။

"သရဲတွေ မရှိတော့ဘူး..သားရဲ့ ..လာသွားအိပ်ကြမယ်"

ညီအစ်ကို နှစ်ယောက် အိပ်ခန်းတစ်ခန်းထဲ ထားအိပ်သည်။ ယခု အခြောက်လှန့်နေသော ကလေးနှစ်ယောက်ကို အနီးမှာ ခေါ်အိပ်ရန် အခန်းထဲ ခေါ်လာခဲ့သည်။

ထိုညက အငယ်ကောင် ကိုယ်တွေပူလာသည်။ သန်းခေါင်ကျော်တော့ မအိပ်ပဲ..ထယောင်သည်။ သရဲကြီးလာပြီ ဟုလည်း မကြာခဏ ထအော်သည်။

"အင်း..အငယ်ကောင်..အခြောက်လှန့်ပြီး ဖျားပြီ"

တစ်ညလုံး လင်မယားနှစ်ယောက် ကောင်းကောင်း မအိပ်လိုက်ရ။ အကြီးကောင် သက်မောင်ကတော့ ခေါင်းအုံးပေါ် ခေါင်း

ချ လိုက်သည်နှင့် အိပ်ပျော်သွားသည်။

မိုးစင်စင်လင်းသွားသည်။ အငယ်ကောင်လေး ကိုယ်ပူက ကျမသွား။ သို့ကြောင့် ဦးကျော်တင့် လင်မယား အငယ်ကောင် အား တစ်ရွာလုံး အားကိုးအားထားပြုနေရသော တိုင်းရင်းဆေး ဆရာကြီးထံ ခေါ်သွားပြီး ပြသသည်။

"အကြောက်လွန်ပြီး အသည်းငယ်သွားတာ ။ ဘာမှမပူနဲ့ ။ ဆရာကြီး ဆေးသုံးခွက်စာ ပေးလိုက်မယ်။ ဆေးသုံးခွက်သောက် ပြီးတာနဲ့ ပျောက်ပြီလို့သာ မှတ်လိုက်"

ဆရာကြီးထံက ပြန်လာပြီး ဆေးတစ်ခွက်တိုက်လိုက် သည်။ နေ့ခင်းတစ်ခွက်၊ ညနေတစ်ခွက် တိုက်လိုက်သည်။ ထူးခြားမှုမရှိသေး။ ကိုယ်ပူတာလည်းမကျ၊ ပါးစပ်ကလည်း ကယောင် ကတမ်းပြောသည့်အကြိမ် များလာသည်။

ညရောက်မှာ စိုးရိမ်လာသည်။ သည်ညသာ သရဲတွေ လာခဲ့ရင် ကလေးအတွက် စိုးရိမ်စရာအကောင်းဆုံး အချိန်တွေ ဖြစ်လာတော့မည်။

တစ်နေ့တည်းနဲ့ ကလေးက ပိန်ကျသွားသည်။ မျက်တွင်း ချိုင့်သွားသည်။ အစာလည်း ကောင်းကောင်းမစား။

သူတို့စိုးရိမ်သလို သရဲက ပေါ်မလာ။ ထိုညကိုလည်း

အိပ်ရေးမဝတာဝနှင့်သာ ကုန်လွန်သွားရသည်။

ထက်အောင်လေးက တစ်ညလုံး မအိပ်ပဲ သရဲကြောက်တယ်ဟုသာ အော်ဟစ်ပြောဆိုနေသဖြင့် မနက်မိုးလင်းတော့ နှစ်ရက်မအိပ်ခြင်း၊ အစာမဝင်ခြင်းကြောင့် ပိန်ချုံးချိနဲ့လာတော့သည်။

ဒုတိယမြောက်နေ့ကျတော့ ဗိန္ဓောဆရာကြီးထံ မသွားတော့ပဲ၊ တောင်ဘက်လှည်ကူးရွာမှာ ကျန်းမာရေးမှူးရှိသည့်အတွက် လှည်းကူးရွာသို့ လှည်းနှင့်လာခဲ့ကြသည်။

ကျန်းမာရေးမှူးက ဆေးတစ်လုံးထိုးပေးပြီး သုံးရက်ခြားသောက်ဆေးများ ပေးလိုက်သည်။

ဦးကျော်တင့်တို့ ရွာပြန်လာကြသည်။

နှစ်ရက်အိပ်ရေးပျက်ထားသဖြင့် အိမ်ပြန်ရောက်ပြီးမကြာခင် အငယ်ကောင်လေး အိပ်ပျော်သွားသည်။

ညနေပိုင်းရောက်မှ အိပ်ယာက နိုးလာသည်။ ဒေါ်သိန်းတင်လည်း အိပ်ရေးပျက်သည့်အတွက် အိပ်ပျော်နေသည်။

ဒေါ်သိန်းတင်နိုးတော့ လေးနာရီခွဲပြီ၊ ညစာအတွက် မီးဖိုဝင်ပြီး ချက်ပြုတ်နေသည်။ ခြောက်နာရီထိုးတော့ ညစာစားဖြစ်သည်။

"ရေနံဆီကို မီးအိမ်ထဲ အပြည့်ထည့်ဦးနော်"

အငယ်ကောင်အဆား သက်မောင်ကို ကြည့်နိုင်းပြီး လင်မယား နှစ်ယောက် ညစာထိုင်စားနေကြသည်။

သက်မေစ်ကို ထမင်းတစ်ကျက်သည်နှင့် ကျွေးထားပြီးပြီ။ အငယ်ကောင့်ကို သမင်းကျွေးသော်လည်း ခေါင်းခါပြသည်။ ကျန်းမာရေးမျှုပေးလိုက်သော ဆေးဓာလည်းထူးခြားတာမရှိ၊ ထမင်းလည်းမစား၊ ကိုယ်ပူရှိန်ကလည်း မကျ၊ ကယောင်ကတမ်းလည်း မကြာမကြာပြောသည်။

ထမင်းကို အမြန်စားပြီး ဝိုင်းသိမ်းလိုက်ရသည်။

"ဒုန်း..ဒုန်း...ဒုန်း"

"တင်..ခေါ်ဝိုးပေါ်ကအသံတွေ ကိုကျော်တင့် အိပ်ခန်းထဲအမြန်သွား..အငယ်ကောင်လန့်ဦးမယ်"

ဝုန်း

"အမေရေ...သရဲကြီးဗျ.."

အကြီးကောင် သက်မောင်အသံ အိပ်ခန်းထဲက ထွက်လာသည်။ အငယ်ကောင်လေးလည်း ခေါင်းမိုးပေါ်မှ ခုန်ချလာသော သရဲကြီးကို မြင်လိုက်ပြီး မျက်လုံးနှစ်လုံးပြူးကာ ပါးစပ်ကြီးဟပြီး ငြိမ်သက်နေတော့သည်။

ဦးကျော်တင့်နှင့် ဒေါ်သိန်းတာတို့ အခန်းထဲမှာ သရဲရှိ

သည်ကို သိသော်လည်း သားဇောကြောင့် အခန်းထဲ အတင်းပြေး ဝင်လာခဲ့သည်။

"အမေ..သားကြောက်တယ်"

"မရှိတော့ပါဘူး..အမေတို့ အဖေတို့ရှိတယ်"

"မသိန်းတင်..မင်းသားအငယ်ကောင်..အသက်မရှု တော့ဘူး"

"တင်..ကျွန်..ကျွန်မတို့ သားလေးသေပြီ ဟုတ်လား"

"အေး..အငယ်ကောင်သေသွားပြီ"

"ဟီး...ပီး...ဘယ်ကရောက်လာတဲ့ သရဲတွေလဲ.. ကျွန်မတို့ သားလေးအကြောက်လွန်ပြီး အခုတော့ သေပြီပေါ့.. ဟီး...ဟီး.."

အကြီးကောင်ကလည်း သရဲကို မြင်လိုက်သဖြင့် တစ်ကိုယ် လုံး တုန်ယင်နေသည်။ ဖခင်ဖြစ်သူ ဓါးကို အတင်းပတ်ထားသည်။ မိခင်ဖြစ်သူက စိတ်လွတ်ကိုယ်လွတ်ငိုနေသည်။

"သားကြီး လက်တွေ ခဏလွှတ်ဦး..ဒီမှာ ညီလေးဆုံး သွားပြီ..အခန်းထဲမှာ သရဲရှိသေးလား ကြည့်ပေးစမ်း"

"သားမကြည့်ရဲဘူး..ကြောက်တယ်"

"မောင်..တာလေးတွေကို ကြောက်သထက်ကြောက်အောင်

ကိုယ်ထွင်ပြပြီး ခြောက်လှန့်နေတယ်၊ ဒီလောက်ခြောက်ရရင် ကျေနပ်ကြပါတော့..ဟီး...ဟီး..ဟီး.."

"ကဲ..အပြင်ထွက်ကြမယ်...ဟိုနောက်ဘက်မှာ ကွပ်ပျစ် အကောင်းရှိတယ်..ရွှေ့ယူထုတ်ပြီး ပြင်ဆင်ထားလိုက်မယ်၊ ကဲ မသိန်းတင် ဖြစ်သွားမှတော့ ဒိုမနေနဲ့တော့...ထ"

"ခြေရင်းအိမ်က လှဆောင်တို့ကို အသံပြုပြီး အကူအညီ တောင်းမှပေါ့...တော်ပဲကြည့်လုပ်လိုက်ပါ"

"အေး..လှဆောင်တို့၊ ချစ်နိုင်တို့၊ ငွေသိန်းတို့ကို အိမ် ခေါ်ထားမှ ဖြစ်မယ်"

ဦးကျော်တင့်က သားအလောင်းကို အိမ်ရှေ့ခန်းမှာ ချထားလိုက်ပြီး ခြေရင်းဘက် ပြတင်းပေါက်ဖွင့်ကာ ခြေရင်းအိမ်မှ လှဆောင်ကိုခေါ်ပြီး ချစ်နိုင်တို့ကိုပါ ခေါ်ခဲ့ရန် ပြောလိုက်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ အိမ်သို့ လှဆောင်တို့ အုပ်စု ရောက်လာသည်။

အသုဘ ကိစ္စစီစဉ်ကြသည်။ ထိုနာရေးကိစ္စရှိနေသည့် ရက်အတွင်း သရဲတစ်ကောင်မှ ပေါ်မလာပါ။

အကြီးကောင် သက်မောင်လည်း ယခင်ကလို သွက်သွက် လက်လက်မရှိ၊ ငေးငေးငိုင်ငိုင် ကြောင်စီစီဖြစ်နေသည်။

တစ်ခါတစ်ခါ ပါးစပ်က သရဲကြီး ခေါင်မိုးပေါ်က ခုန်ချတယ်ဟု တစ်ယောက်တည်း ပြောနေတတ်သည်။

အဝယ်ကောင် နာရေးကိစ္စပြီးသွားပြီ၊ တစ်ပတ်ခန့် အကြာ ဘယ်က ရောက်လာမှန်းမသိသော သရဲပြန်ရောက်လာပြန်သည်။

တစ်ညလုံး အသံမျိုးစုံ ထွက်အောင်ပြုပြီး ခြောက်လှန့်သည်။ ညပိုင်းက သရဲကို သက်မောင်မြင်ရသည်။ သက်မောင်လည်း အကြောက်လွန်ပြီး အဖျားတွေတက်လာသဖြင့် သားကြီးအား ဝိုင်းဝန်းအားပေးရင်း ပြုစုနေရသဖြင့် သရဲကို ဂရုမစိုက်မိတော့။

ကလေးနှစ်ယောက်သာ မြင်ရသော သရဲများလည်း၊ ကလေးများ အကြောက်လွန်ပြီး အမြဲအနေဆိုးသည့်အခါမှ ကိုယ်ယောင်ပြ၍ ခြောက်လှန့်မှု မပြုတော့ပဲ၊ အသံမျိုးစုံပေးပြီး ခြောက်လှန့် နေပြန်သည်။

သက်မောင်လေးလည်း သရဲကို မမြင်ရပေမယ့် သရဲခြောက်နေသောအသံကိုတော့ ကြားရသည်။ သို့ကြောင့် အကြောက်လွန်နေသော သူ့အတွက် အသံကြားတိုင်း နှလုံးကို ဆွဲညှစ်လိုက်သလို ဆောင့်ဆွဲလိုက်သလို ခံစားနေရသည်။

တစ်ခါတစ်ခါ အသက်ရှူ၍ မဝသည်အထိ ကြပ်လာသည်။

ပုဂ္ဂလိက စာကြည့်တိုက်

ရက်၊ ခံစားရနိုင်သော နေရာက်၊ မြောက်ကျွမ်းကြီး မရှိတော့။ မည်သည့် အသံမျှ မကြားရတော့။

သက်မောင်လည်း အိပ်ပျော်သွားသည်။ ဦးကျော်တင့်တို့ လင်မယားလည်း အိပ်ပျော်သွားသည်။

သက်မောင် အိပ်ယာက နိုးလာတော့ ပိုပိုရိရိ ဖြစ်နေသည်။ ကိုယ်ပူချိန်ကလည်း တက်နေသည်။ သို့ကြောင့် ဦးကျော်တင့်တို့ လင်မယား သားကြီးကို ဆေးကုသရေး ဟိုင်ပင်ကြသည်။

သို့ကြောင့် ပွေတွေ ညွှန်တဲ့ ဆေးဆရာများထံ သွား၍ ကုသကြသည်။

အစားအသောက် မစားသဖြင့် လူကောင်က ပိန်သေးသေး လေးဖြစ်လာသည်။ အားမရှိတော့သဖြင့် အိပ်ယာထဲလဲတော့သည်။ သက်မောင်လေးကို ဆေးကုသပေးနေသော တစ်ပတ်အတွင်း သခရဲ ခြောက်လှန့်ခံရခြင်း မရှိတော့။

"အင်း..ကလေးရောဂါသည်းနေတဲ့ အချိန် သရဲပေါ်မလာ လို့ တော်သေးတယ်..ဒီလောက်နဲ့ပဲ ပြီးသွားပါစေတော့"

"ကျွန်မတော့ ဖေမြင့် ပြောသလို ကျုပ်တို့ မိသားစုကို မနာလိုလို့ အောက်လမ်းနဲ့ တိုက်သွားတာဖြစ်မယ် ထင်တယ်"

"ဒီတော့ မထင်ဘူး..အားငွေများ မကျတ်မလွတ်ပဲ

ဒါတို့ကို ဂလွဲစားချေမယ်လို့ ရောက်လာတာများလား"

"အို..သူမကျေနပ်ရင်..သူလာမှာပေါ့ အခု သရဲသုံးကောင် တွေ့တယ်ဆိုတော့ ခြေအားနွေမတော်တော သေချာတယ်"

"ဟီး...ဟီး....ဟီး...."

အချိန်က မှောင်ရီသန်းကာစ ရှိသေးသည်။ မှန်အိမ် မီးထွန်းပြီး ထိုင်စကားပြောနေစဉ် အခန်းထဲက သရဲအော်ရိသံ ကြားလိုက်သည်။

"ဟီ ... ဟီ ... ဟီ.."

သူတို့အနီးမှာ သက်မောင်လေး တုံးလုံးလှဲနေသည်။

ဖေါ်သိန်းတင်လှည့်ကြည့်လိုက်တော့ မျက်လုံးမှိတ်နေသည် ကို တွေ့လိုက်သည်။

"အိပ်ပျော်နေတယ်"

"ခုန်း..ဝုန်း"

သူတို့အနီးမှ ကပ်၍ခုန်ချလိုက်သံကို အကောင်မမြင်ပဲ ကြားလိုက်သည်။

"တာ..သာ..သရဲ"

"ဂစ်..ဂစ်...အစ်"

သက်မောင်လေး ရုတ်တရက်ထလန့်ပြီး အော်ဖေ

သည်။ အသံဆုံးသည်နှင့် မျက်လုံးကြီးပြူးကာ ခေါင်းလည်ကျသွားသည်။

"ဟာ..သား..သား... ဘာဖြစ်သွားတာလဲ"

"မသိန်းတင် မင့် သား အသက်မရှူတော့ဘူး"

ဒေါ်သိန်းတင် သက်မောင်လေးကို ဖက်ပြီး အားပါးတရ ငိုတော့သည်။

ဦးကျော်တင့်လည်း အိမ်နီးချင်းများကို အသံပြုပြီးအကူ အညီတောင်းရပြန်သည်။

မကြာခင် အိမ်နီးနားချင်းများ ရောက်လာပြီး ဝိုင်းဝန်း ကူညီလုပ်ဆောင်ပေးကြသည်။

သားနှစ်ယောက် အသက်ဆုံးပါးသွားသဖြင့် ဒေါ်သိန်းတင် ဖြေလို့ မဖြေနိုင်တော့။

အချိန်ရှိတိုင်း ငိုနေတော့သည်။

xxxx

သူတို့ခြံထောင့်က မန်ကျည်းပင်ကြီးပေါ်မှာ အေးငွေ ရောက်နေသည်။ အေးငွေက လူ့ခန္ဓာကိုယ်နှင့်မဟုတ်၊ တစ္ဆေ ဝိညာဉ်အဖြစ်နှင့် ရောက်နေသည်။

လွန်ခဲ့သော (၁၅)နှစ်က ဤခြံအတွင်းရှိ နှစ်ထောင်ပြိုင်

အိမ်ကြီးပေါ်မှာ ဖခင်ဦးဘခိုင်နှင့် ကိုအေးငွေတို့ ပျော်ပျော်ပါးပါး နေထိုင်ခဲ့ကြသည်။ မိခင်ဖြစ်သူက အေးငွေ ဆယ်နှစ်သားအရွယ်မှာ အမျိုးသမီးရောဂါနှင့် သေဆုံးသွားသည်။

သားအဖနှစ်ယောက်နှင့်အတူ နေထိုင်ခဲ့ရင်း ဖခင်ဖြစ်သူက တစ်ရွာထဲနေ မုဆိုးမ မသိန်းတင်နှင့် အိမ်ထောင်ပြုမည်ဟု ဆိုလာသည်။

အေးငွေက မသိန်းတင်ကို ကြည့်မရသဖြင့် မယူရန် ကန့်ကွက်ခဲ့သည်။ မသိန်းတင်က ထိုစဉ်က မုဆိုးမ ကလေး မရှိဘဲ ကျန်ခဲ့သူဖြစ်သည်။ အသက်က သုံးဆယ်ကျော်ရုံရှိသေး သည်။

ဦးဘခိုင်က အသက်ငါးဆယ်ရှိပြီ၊ အေးငွေမည်သို့ ကန့်ကွက်ခဲ့ပေမယ့် ဦးဘခိုင်က မသိန်းတင်ကို လက်ထပ်သဖြင့် သားအဖနှစ်ယောက် စကားများကာ အဝေးမှာရှိသော မိခင်ဖြစ် သူ၏ မိဘများထံသွားပြီး နေတော့သည်။ ထိုရွာရောက်ပြီး နောက်နှစ် ဖခင်ဆုံးသွားသည်။

အေးငွေတစ်ယောက် အဘိုးအဘွားများအိမ်မှာ ဆယ် နှစ်ကျော် ကာလအထိ နေထိုင်လာခဲ့သည်။

ထို့နောက် အေးငွေတစ်ယောက် နုနုခင်ဆိုသော

မိန်းကလေး တစ်ယောက်နှင့် တွေ့ဆုံချစ်ကြိုက်ခဲ့သည်။ ဖခင်နာရေးဖြစ်စဉ် အမိအဘ အမွေကိစ္စ၊ ဆွေမျိုးများက ဒေါ်သိန်းတင်ထံမှ ဝိုင်းဝန်းပြောဆိုပေးကြသည်။

လယ်ဆယ်ဧကသာ ကျန်တော့သည့်အကြောင်း၊ ယခု ငါးဧကတို့ ငွေသင့်ပြီး ပေးလိုက်မည်ဟုဆိုကာ ဈေးဖြတ်ပြီး အေးငွေအား ပေးလိုက်သည်။

အေးငွေ အရွယ်ရောက်၍ အိမ်ထောင်ပြုမည်ဆိုပါက လာခဲ့ပါ၊ အိမ်နှင့် ခြံကို ရောင်းပြီး တစ်ဝက်ပေးပါ့မယ်ဟု ဆိုခဲ့သည်။

လူကြီးများကလည်း လယ်တစ်ဝက်ရောင်းချပေးသည့်အတွက် အိမ်နှင့်ခြံကိုလည်း ပြောသည့်အတိုင်း ရောင်းချပေးမည်ထင်ကာ ကျေနပ်ပြီး အေးငွေကို ခေါ်၍ ပြန်သွားကြသည်။

အေးငွေ အသက်နှစ်ဆယ်ငါးကျော်ခဲ့ပြီ၊ အိမ်ထောင်လည်း ပြုတော့မည်။ ဂုဇရာရှိသည့် မိဘအမွေကို လာတောင်းသည့်အခါ ဒေါ်သိန်းကျင်မှာ ဖခင်ဖြစ်သူ၏ သူရင်းငှား ကျော်တင့်နှင့် နောက်အိမ်ထောင်ပြုထားပြီး ကလေးပင်နှစ်ယောက်ရနေပြီ။

အေးငွေလည်း ဖခင်နာရေးကိစ္စကြောင့် ရွာရောက်လာပြီး နောက်ပိုင်းရွာသို့ မရောက်ဖြစ်တော့။

အေးငွေကို အဘိုးအဘွားများနေသောရွာနှင့် အေးငွေဇာတိရွာက မိုင်တစ်ရာ့ငါးဆယ်ခန့်မျှ ဝေးကွာသည်။ အကြောင်းကိစ္စမရှိသဖြင့် မရောက်ဖြစ်တော့။ ရွာမှာလည်း အသိမိတ်ဆွေများသာရှိသည်။

ဆွေမျိုးသားချင်းမရှိ၍ အေးငွေလည်း ဒေါ်သိန်းတင်ကိုယုံစားကာ အိမ်ထောင်ပြုမည်ဟု မဆုံးဖြတ်ရသေးသည့်အတွက် ရောက်မလာခြင်းဖြစ်သည်။

ထိုနေ့က ကားနောက်ကျကာ ရွာသို့ခြေလျင်တစ်နာရီခန့် လျှောက်လာရသဖြင့် ရွာကို ရှစ်နာရီကျော်မှ ရောက်သည်။

အခြားမှာ တည်းခိုစရာမရှိသဖြင့် မိဘများပိုင် အိမ်သို့တန်းလာခဲ့သည်။

အေးငွေကို မြင်လိုက်သည်နှင့် ဦးကျော်တင့်တို့လင်မယားမျက်နှာပျက်သွားသည်။ သူတို့ ကတိစကားအတိုင်းဆို အိမ်နှင့်ခြံကို သင့်ငွေဖြင့် တစ်ဝက်တောင်းရန်လာခြင်းဟု အတတ်သိလိုက်သည်။

အေးငွေကလည်း ရောက်မဆိုက်ပင် ပွင့်ပွင့်လင်းလင်းပြောတော့သည်။

"ကျွန်တော်ရွှေ့လ မင်္ဂလာဆောင်တော့မယ်၊ သတို့သမီး

ကို တင်တောင်းဖို့ ငွေလိုတာနဲ့ လာခဲ့တာပဲ အဒေါ်ရေ”

“အေးအေးဆေးဆေး နေဦးပေါ့ကွယ်၊ ငါတူရသင့်တာ ရ ရစေမယ်။ အခုလက်ထဲမှာတော့ မရှိဘူး၊ မင်းပြန်တဲ့ရက် ရအောင်လုပ်ပေးလိုက်မယ်”

ဒေါ်သိန်းတင်စကားကြောင့် စိတ်တထင့်ထင့်နှင့် အရဲစွန့်ပြီး လာခဲ့သော အေးငွေ စိတ်ချမ်းသာသွားသည်။

ထိုည အေးငွေ ခရီးပမ်းလာသဖြင့် ညကိုးနာရီခွဲသည်နှင့် ဒေါ်သိန်းတင်ပြင်ပေးသော အိပ်ယာပေါ် တုံးလုံးလှဲလိုက်ရာ မကြာခင် အိပ်မောကျသွားသည်။

“ကဲ..ဘယ်လိုလုပ်မလဲ ကိုကျော်တင့် .. ကျုပ်တော့ အေးငွေကို တစ်ပြားတစ်ချပ်မှ မပေးချင်ဘူး”

“အဲဒါ မင်းနဲ့ပတ်သက်တာ မင်းမပေးချင်ဘူးဆို ငါဘာလုပ်ပေးရမလဲ”

[illegible]ပျောက်လိုက်ရင် မကောင်းဘူးလား”

[illegible]ပဲ့မလား..သူ့အဘိုးအဘွားက ပြန်မလာလို့ လိုက်ချလာပါဦးမယ်”

“ဒီကို ရောက်မလာဘူး ပြောရမှာပေါ့..ရွာကိုလာတာလဲ ဘယ်သူနဲ့မှ မတွေ့ဘူးလို့ပြောတယ်..ရှင်သတ္တိရှိဖို့ပဲလိုတယ်”

"ကျော်တင့်တို့က ဇရှိပြီးသားပါ။ သူ့အဖေကိုလဲ တဲခေါင်မိုးပေါ်က ပြုတ်ကျအောင်လုပ်ပြီး သတ်ပြီးပြီ။ သူ့သားကို ထပ်သတ်ရလို့ ... ပြဿနာမရှိဘူး"

"ဒါဆိုလဲ .. ဒီည ရှင်ကြည့်ရှင်းလိုက်"

ဒေါ်သိန်းတင်ကိုယ်တိုင်က သတ်မိန့်ပေးနေမှတော့ ဦးကျော်တင့် အေးငွေအိပ်နေသည့် အနီးသွားကာ လည်ပင်းညှစ်သတ်ပစ်လိုက်သည်။

"ကဲ..ငါ...သတ်ပစ်လိုက်ပြီ..ဒီကောင့်ကို လှေနဲ့ တင်သွားပြီး ဟိုဘက်ကမ်းက ဂိုင်းတောစပ်မှာ သွားမြှုပ်လိုက်မယ်"

ဦးကျော်တင့်က အေးငွေ၏ အသက်မဲ့ ခန္ဓာကိုယ်ကြီးကို ဆောင်နှင့်ပတ်ပြီး အိမ်အောက် ထမ်းချသွားသည်။

အိမ်နှင့် လှေဆိပ်က အနည်းငယ်လှမ်းသည်။ ဒါပေမယ့် ဒီအချိန် အိမ်တိုင်း အိပ်ကုန်ကြပြီ၊ လူသိမှာ စိုးရိမ်စရာ မရှိတော့။

သို့ကြောင့် အမှောင်ရိပ်ခိုကာ လှေဆိပ်သို့ အလောင်းကို ထမ်းလာခဲ့သည်။ လှေဆိပ်ဆိုပေမယ့် ကူးတို့ပို့သော လှေဆိပ်မဟုတ်၊ ဟိုဘက်ကမ်း သည်ဘက်ကမ်းကူးရန်ထားသော လှေ သုံးစီးအမြဲရှိသည်။

လှော်တက်မလို ထိုးဝါးဖြင့်သာ ထိုးပြီး သွားလာကြ

သည်။ အကြောင်းကိစ္စရှိ၍ အဝေးသို့ လှော်သွားသည့် အခါမှသာ အိမ်က လှော်တက်ယူလာလေ့ရှိသည်။

ဦးကျော်တင့် လက်တစ်ဖက်က ပေါက်တူးတစ်လက်ကို ကိုင်လာရသေးသည်။ ကမ်းစပ်ရောက်တော့ အလောင်းကို လှေပေါ်တင်၍ ထိုးဝါးကို မြေမှနှုတ်လိုက်ပြီး တစ်ဖက်ကမ်းသို့ လှေထိုးခဲ့သည်။

ချောင်းက ပေငါးဆယ်ခန့်သာ ကျယ်သည်။ တစ်ဖက်ကမ်းရောက်တော့ ထိုးဝါးကို မြေမှာစိုက်ပြီး လှေကို ဝါးမှာ ချည်ထားလိုက်သည်။

အလောင်းကို ယချပြီး ကိုင်းတောစပ်မှာ မြေတူးပြီး မြှုပ်လိုက်သည်။ ခပ်နက်နက်လေးတူးလိုက်သည်။ လူသိမှာ မစိုးရိမ်ရ။ ထိုနေရာတစ်ဝိုက်ရှိ မြေသားများ ငါးရှာရန် တီများတူးထားသဖြင့် နေရာအနှံ့ ပေါက်တူးပေါက်ထားရာများ မြည့်နေသည်။

တီတူးကြသူများက အမြဲတမ်း ပေါက်တူးတစ်ပြားအနက်သာ တူးလေ့ရှိသည်။

အချိန်တစ်နာရီခန့်ကြာတော့ အလောင်းမြေမြှုပ်ခြင်း ပြီးသွားသည်။

အသတ်ခံလိုက်ရသော အေးငွေလည်း ရက်လည်ပြီးမှသာ

သူ့ကိုယ်သူ အသတ်ခံလိုက်ရမှန်း သိသည်။

သို့ကြောင့် ဝိညာဉ်အဖြစ်နှင့် မိမိအိမ်သို့ ပြန်လာခဲ့သည်။ အိမ်အနီး မန်ကျည်းပင်ကြီးမှာ နေရန်အပြု သူ့အရင်ရောက်နေသော သရဲနှစ်ကောင်က လက်မခံ။

တောင်းတောင်းပန်ပန်နှင့် ခေတ္တခိုနားခွင့် တောင်းခဲ့ရသည်။ ထိုသရဲနှစ်ကောင်က သူ့အားမေးသည်။

"အခြားမသွားပဲ ဒီမန်ကျည်းပင်မှာ ဘာကြောင့် နေချင်ရတာလဲ"

"ကျုပ်ကို ဒီအိမ်က လင်မယားက မိဘရဲ့ အမွေ မပေးချင်လို့ သတ်လိုက်တယ်။ ကျုပ်ကိုသတ်တဲ့ ဒီလင်မယားကို ဂလဲ့စားချေ ပြန်သတ်ပြီးမှ ဒီကထွက်သွားမယ်"

"မင်းက အခုမှ ဝိညာဉ်တစ္ဆေအဖြစ်ရောက်တာ၊ ဒီအိမ်က လူတွေကို ဘယ်လိုသတ်မှာလဲ"

"အခုသတ်လို့မရလဲ... သတ်လို့ရတဲ့အချိန် သတ်မယ်ဗျာ"

"မင်းသတ်မယ်ဆိုလဲ သတ်သင့်ပါတယ်.. ငါတို့ နှစ်ကောင်က ဒီမန်ကျည်းပင်မှာ နေလာတာ အနှစ်ငါးဆယ်ကျော်ပြီ မင်းအဖေ အိမ်ထောင်မကျခင်ကတည်းက ငါတို့ရှိနေတာ"

"မင်းအမေသေပြီး လေးနှစ်ကျော်ကျော်လောက်ရှိတော့ အစ မသိန်းတင်နဲ့ ယူလိုက်ကြတယ်..မင်းအဖေက အသက်ကြီးနေပြီး.. မသိန်းတင်က မင်းရဲ့ အဖေအလစ်မှာ မင်းတို့ပွားထားတဲ့ သူရင်းငှားကျော်တင့်နဲ့ ဖောက်ပြန်နေတယ်"

"တစ်ရက် မင်းအဖေ စွားတင်းကုတ် အမိုးတက်မိုးရင်း မြားတန်းကျိုးကျအောင် လုပ်ထားတယ်"

"မြားတန်းဆိုတာဘာလဲဗျ"

"ဟကောင် တောသားဖြစ်ပြီး ဒီလောက်မှ မသိဘူးလား၊ တဲပဲဖြစ်ဖြစ် အိမ်ပဲဖြစ်ဖြစ် အမိုးမမိုးခင် ခေါင်တန်းရှိတယ်၊ ထုတ်ယောက်၊ ဒိုင်းမြား အပြည့်အစုံပါမှ အိမ်အမိုး မိုးလို့ရမှာ မဟုတ်လား"

"မင်းအဖေက ကျော်တင့် တောင်ချောက်ဆင်ထားတဲ့ မြားတန်းကျိုးကျပြီး, သေတာကွ..အစ မင်းကိုလဲ မသိန်းတင့် သတ်ခိုင်းလို့ ကျော်တင့်က သတ်လိုက်တာ ငါတို့သိတာပေါ့"

"မင်းကတော့ ဒီလင်မယားကို သတ်ဖို့ရက် အတော်စောင့်ရဦးမယ်..မတရားတဲ့ လင်မယားကို မင်းဂလုံစားချေချင်ရင် နှစ်ကောင်ပါ မင်းနဲ့ ဝိုင်းကူချောက်လှန့်ပေးမယ်"

"ကျုပ်ကတော့ ဒေါ်သိန်းတင်ရဲ့ သွေးသားမှန်သမျှ

ရှင်းပစ်ချင်တယ်”

“အဲဒီ ကလေးတွေကို ချောက်လှန့်ပြီး သတ်ပစ်မယ်၊ ကလေးတွေ သေကုန်ရင် သူတို့လင်မယား စိတ်ကျရောဂါ ရမှာ အမှန်ပဲ..အဲဒီအချိန်ရောက်ရင် ငါတို့နှစ်ယောက် သူတို့ခန္ဓာကိုယ်မှာ ဝင်ပူးကပ်ပြီး စိတ်ကြိုက်...နှိပ်စက်ကြမယ်”

“မင်းကျေနပ်လား”

“တာ .. သူတို့ မိသားစုပျက်စီးသွားရင် ကျေနပ်ပြီ”

“သူတို့ သေကုန်ရင် ဒီအိမ်နဲ့ ဒီခြံ မင်းရမယ်ထင်လို့လား၊ မင်းက တစ္ဆေဖြစ်နေပြီ၊ ပစ္စည်းကို မက်နေလို့မရဘူး၊ ကျော်တင့်ရဲ့ ဆွေမျိုးတွေ သိန်းတင်ရဲ့ ဆွေမျိုးတွေ အမွေဆက်လုကြဦးမှာပဲ”

“ခင်ဗျားတို့ နှစ်ယောက်ကို အားကိုးပြီး အပ်ပါတယ်ဗျာ.. အခုချိန်ကစပြီး ကူညီပေးပါ”

“အေး..ကူညီပြီးရင် မင်းစကားအတိုင်း ထွက်သွားရမယ်နော်”

“စိတ်ချပါ..ခင်ဗျားတို့ကလဲ သရဲဖြစ်ပြီး မန်ကျည်းပင်မှာ ကျပ်တစ်ယောက်နေမှာကိုတောင် မနာလိုဖြစ်နေတယ်”

“တဲ..တဲ..နှစ်ကောင်ထက်ပိုရင် စကားများမယ်..မျက်ဖြေ

ရှုပ်မယ်..အေးအေးချမ်းချမ်း နေချင်လို့ပါကွာ...စိတ်မရှိပါနဲ့.."

"ကဲ..ကျုပ်မနေစေချင်ရင် အခုချိန်ကစပြီး ကူညီပေတော့"

မန်ကျည်းပင်မှာနေတဲ့ သရဲနှစ်ကောင်၏ ကူညီခြောက်လှန့်ပေးမှုကြောင့် ဦးကျော်တင့်နှင့် ဒေါ်သိန်းတင်တို့ သားနှစ်ယောက် တစ်လအတွင်းမှာပင် သေဆုံးကုန်သည်။

xxxx

ဒေါ်သိန်းတင်တို့လင်မယားလည်း ကလေးနှစ်ယောက်လုံး မျက်စေ့အောက်မှာ သေဆုံးကုန်သဖြင့် အရူးတစ်ပိုင်းနှယ်ဖြစ်နေတော့သည်။

အချိန်ရှိသမျှ ပူဆွေးနေတော့သည်။

ထိုအချိန်ကို အခွင့်ကောင်းယူပြီး တစ္ဆေအေးငွေ၏ မိတ်ဆွေသရဲနှစ်ကောင်က သူတို့ခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်တော့သည်။

ဒေါ်သိန်းတင်က အော်လိုက်၊ ငိုလိုက်၊ အိမ်ပေါ်လှည့်ပတ်ပြေးလိုက် ဖြစ်နေသည်။

ဦးကျော်တင့်က ခေါင်းနှင့်နံရံ ပြေးဆောင့်သည်။ ခေါင်းဖောက်တက်ကွဲသွားသည်။

နပူးနှင့် ခေါင်းပြေးတိုက်သည်။ သွေးများ မြင်မကောင်းအောင် စီးကျနေသည်။

ဦးကျော်တင့် နှင့်ဒေါ်သိန်းတင်တို့၏ ခန္ဓာကိုယ်ကို ကောင်းကောင်းနှိပ်စက်ပြီး ခန္ဓာကိုယ်က ခွာထွက်ခဲ့သည်။

ထိုအချိန် ဒဏ်ရာများက နာကျင်လွန်း၍ အော်တစ်နေသည်။ အိမ်နီးနားချင်းများ၊ ဆွေမျိုးအချို့လည်း ရောက်လာပြီး ဝိုင်းဝန်းပြုစုကြသည်။

ထိုအချိန်ဒေါ်သိန်းတင်တို့ကို စကားပြောလျှင် ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံသည်။

တစ်နေ့ကို မနက်တစ်ကြိမ် ညနေတစ်ကြိမ် ဝင်ရောက်ပူးကပ်ပြီး ခန္ဓာကိုယ်များကို နှိပ်စက်သည်။

လူများက၊ သူတို့လင်မယား ယဉ်ယဉ်လေးနှင့် ရူးသွားပြီတဲ့ ပြောဆိုဝေဖန်ကြသည်။

ထိုကဲ့သို့ သရဲနှစ်ကောင် ဝင်ပူးကပ်လိုက် ခွာထွက်သွားလိုက်နှင့် တစ်ပတ်နီးပါး ကြာလာသည်။

တစ်ည ရုတ်တရက် ဒေါ်သိန်းတင်ကစပြီး ထောက်တော့သည်။ ညစာစားရန် မီးဖိုထဲမှာ ကြက်သွန်နီလှီးနေရာမှ ကြက်သွန်နီလှီးသည့်ဓားကို အိမ်ရှေ့ယူလာပြီး ဦးကျော်တင့်ကို သုံးလေးချက်ထိုးလိုက်သည်။

ထိုအချိန် အိမ်ပေါ်မှာ ဒေါ်သိန်းတင်၏ ညီမလင်မယား

သာ အစောင့်အဖြစ်ရှိနေသည်။

ဦးကျော်တင့်မှာ ဓားနှင့်အထိုးခံရသဖြင့် နာကျင်သည့်စိတ်ကြောင့် ဒေါသထွက်ကာ အနီးမှာ ထွန်းထားသော မှန်အိမ်နှင့် ဒေါ်သိန်းတင်ကို ကောက်ပေါက်လိုက်သည်။

မှန်အိမ်ထဲ ရေနံဆီအပြည့်ထည့်ထားသဖြင့် ဒေါ်သိန်းတင် တစ်ကိုယ်လုံး ရွှဲကုန်ကာ မီးဟုန်းဟုန်း ထလောင်တော့သည်။

ထိုမီးများက အိမ်ပေါ်မှာ ပျံ့နှံ့ကုန်သည်။ ကြမ်းပြင်ရော နံရံများပါ မီးစွဲကုန်သည်။

ထိုအချိန် သရဲနှစ်ကောင်လည်း ဒေါ်သိန်းတင်တို့ လင်မယား၏ ခန္ဓာတို့မှ ထွက်ခွာသွားကြသည်။

နာရီဝက်ပင်မကြာ ဦးကျော်တင့်က သွေးထွက်လွန်ပြီး သေသွားသလို ဒေါ်သိန်းတင်လည်း တစ်ကိုယ်လုံး မီးစွဲလောင်ပြီး သေသွားသည်။

နှစ်ဆောင်ပြိုင် အိမ်ကြီးလည်း မီးဟုန်းဟုန်းတောက်လောင်နေတော့သည်။

"ကဲ..မောင်ရင့်ဆန္ဒပြည့်ပြီ...အခု သွားတော့မယ်မဟုတ်လား"

"ကျုပ်သွားမှာပါ...ကျုပ်မသွားခင် ခင်ဗျားတို့လို မိတ်ဆွေ

မျိုးရတာ..ကျုပ်အတော်ကံကောင်းတာပဲ..ကျေးဇူးတင်တယ်ဗျာ.. ကျုပ်တစ်ယောက်ထဲဆို အကြံအစည်အောင်မှာ မဟုတ်ဘူး"

"ငါတို့က သရဲပေမယ့် ..အကူအညီလိုရင် ကူညီဖို့ ဝန်မလေးပါဘူးကွာ"

"ဒါဆို ကျုပ်နေစရာ မရှိတာ..ခင်ဗျားတို့ မန်ကျည်းပင်ရဲ့ အကိုင်းတစ်ကိုင်းမှာ တော့ပေးနေပါဗျာ"

"အင်း...ကိုယ့်စကားနဲ့ ကိုယ် ပြန်ခံရတာပါလား"

"ကဲ..ငါတို့ မင်းကို ခင်မင်နေပါပြီ..ဒီမှာနေပြီး.. ကိုယ့်ဝမ်းစာ ကိုယ်ရှာစားပေါ့ကွာ"

သို့ဖြင့် ခြံထောင့်က မန်ကျည်းပင်ကြီးမှာ သရဲသုံးကောင် စည်းစည်းလုံးလုံးနှင့် နေထိုင်သွားလေတော့သည်။

* * * * * * * * * * *